Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစာ

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

T h e L i g h t n i n g N e w s l e t t e r

အမှတ် (၅၉) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ မတ်လ (၁) ရက် မြန်မာသက္ကရာဇ် (၁၃၆၇) ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်။

## (၅၈) ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား စီအာရ်ပီပီမှ ဦးဆောင်ကျင်းပ၊ ဒီမိုကရေစီရရှိရေးအတွက် အဖြစ်နိုင်ဆုံးနည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဟုဆုံးဖြတ်




(၅၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အဖွဲ့ချုပ်ရုံးတွင် ကျင်းပနေစဉ်

(၅၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီလ (၁၂)ရက်နေ့၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီက ဦးဆောင်ကျင်းပရာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက သဘာပတိအဖြစ် ဆောင်ရွက်ရန် စီစဉ်ထားသော်လည်း နအဖ၏ဖမ်းဆီးမှု ခံလိုက်ရသည့်အတွက် ဇိုမီးအမျိုးသားကွန်ဂရက် ဥက္ကဋ္ဌနှင့် တီးတိန်မဲဆန္ဒနယ်အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပုကျင့်ရှင်းထန်မှ ဦးစီးဆောင်ရွက်ခဲ့သည်ဟု သိရှိရသည်။

ယင်းအခမ်းအနားသို့ အဲန်အယ်လ်ဒီ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များ ၁၉၉၀ ပြည့်ရွေးကောက်ပွဲ ရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ စုစုပေါင်း ၅၀၀ ခန့်တက်ရောက်ခဲ့ကြဟု ဆိုသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီမှ(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကြေညာစာတမ်းကို ထုတ်ပြန်ရာ၌ ဒီမိုကရေစီရေး လူ့အခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးတန်းတူခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်များကို အာမခံဖော်ဆောင်ပေးနိုင်မည့် ပြည်ထောင်စုစစ်စစ်မှုပေါ်တွင် အခြေခံသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ်လိုအပ်မှုကို ထောက်ပြထားသည်။ ထို့အပြင် ကျင်းပတော့မည့် နအဖ အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍လည်း ''နအဖမှ ကြီးမှူးကျင်းပ




(၅၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက်လာသူအချို့

မည့် အမျိုးသားညီလာခံမှ ထွက်ပေါ်လာမည့် အခြေခံဥပဒေသည် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ့်ကြမ္မာကိုယ့်ဖန်တီးရေးကို အာမခံမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ဖြစ်လာနိုင်မည်ဟူ၍ မယုံကြည်ကြောင်း'' ၎င်းတို့၏သဘောထားကို ထုတ်ဖော်တင်ပြခဲ့သည်။

ထို့အပြင် ယင်းညီလာခံတွင်တိုင်းရင်းသားလူမျိုးများ၏ ရပိုင်ခွင့်အပါအဝင် တိုင်းရင်းသားလူမျိုးများ၏ ပြဿနာကိုဖြေရှင်းရန်၊ ဆွေးနွေးညှိနှိုင်းအဖြေရှာခွင့်ရလိမ့်ဟု မယူဆကြောင်း....သို့ပါသောကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနှင့် ပြန်လည်၍ အလေးအနက်သုံးသပ်ရန် လိုအပ်ပါကြောင်း အပစ်အခတ်ရပ်စဲထားပြီး အမျိုးသားညီလာခံသို့ တက်ရောက်နေသော အဖွဲ့စည်းများသို့ ထောက်ပြဝေဖန်ထားသည်။

ပိုမိုဆိုးရွားသော အခြေအနေများပေါ်ပေါက်လာပါက နအဖအာဏာပိုင်များတွင် တာဝန်ရှိကြောင်း ယင်းကြေညာချက်၌နအဖအားသတိပေးထားသည်။

အဲန်အယ်လ်ဒီ အပါအဝင်ရွေးကောက်ပွဲအနိုင်ရပါတီများအနေနှင့် မည်သို့သော အခြေအနေ၊ မည်သို့သောအခတ်အခဲ အတားအဆီး အဟန့်အတားများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဆိုစေကာမူ ပြည်သူတရပ်လုံး မျှော်လင့်အားကိုးတကြီး အပ်နှင်းခဲ့သောတာဝန်ကို တနည်းနည်းဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

### ၂၀၀၅ ဖေဖော်ဝါရီ ၁၇ ရက်နေ့က ကျင်းပသော နအဖ၏အမျိုးသားညီလာခံတွင်တက်ရောက်ခဲ့သော အလွှာအသီးသီးမှ ဖိတ်ကြားခံရသော ကိုယ်စားလှယ်များစာရင်း

| | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံရေးပါတီမှ ကိုယ်စားလှယ် | ၂၉ | ၂.၆၇% |
| ***ရွေးကောက်ပွဲမှ ရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်*** | ***၁၃*** | ***၁.၁၉%*** |
| တိုင်းရင်းသားကိုယ်စားလှယ် | ၆၃၃ | ၅၈.၂၉% |
| တောင်သူလယ်သမားကိုယ်စားလှယ် | ၉၃ | ၈.၅၆% |
| အလုပ်သမားကိုယ်စားလှယ် | ၄၈ | ၄.၄၂% |
| အသိပညာရှင်၊ အတတ်ပညာရှင် | ၅၉ | ၅.၄၃% |
| တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် | ၁၇ | ၁.၅၇% |
| အခြားကိုယ်စားလှယ် | ၁၉၄ | ၁၇.၈၆% |

## နအဖ အမျိုးသားညီလာခံရဲ့ တရားဝင်မှု ရှမ်းတိုင်းရင်းသားခေါင်းဆောင်က မေးခွန်းထုတ်



ရှမ်းတိုင်းရင်းသားခေါင်းဆောင်
ဦးခွန်ထွန်းဦး

ခပ်ရှင်းရှင်းပြောရရင် ဒီညီလာခံက ထွက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ တရားဝင်မှုကို ကြည့်ရမယ်လေ။ ဘာလို့လဲဆိုတော့ ကျနော်တို့ (၈၂%)ရတဲ့ အဲန်အယ်လ်ဒီလည်းမပါဘူး။ ကျနော်တို့ (၆၇)နေရာရတဲ့ တိုင်းရင်းသားပါတီတွေလည်း မပါဘူး။ အဲဒီပါတီတွေမပါဘဲနဲ့ဆွဲတဲ့၊ လုပ်တဲ့ ညီလာခံကနေထွက်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကမ္ဘာကလက်ခံမလား (သို့မဟုတ်) တိုင်းသူပြည်သားများက လက်ခံမလား။ နောက်ပြီးတော့ တိုင်းရင်းသားတွေအားလုံးအတွက် အာမခံချက်ရှိမလား။ လုံခြုံမှုအတွက် ဘယ်လောက်ရှိမလဲဆိုတာကျနော်တို့ အများကြီး တွက်ရဦးမှာပါ။

နောက်ပြီးတော့ လက်နက်ကိုင်တိုင်းရင်းသားတွေရဲ့အခြေအနေ အဲဒီလက်နက်ကိုင် တိုင်းရင်းသားတွေကလည်း ရှင်းရှင်းပြောလို့ရှိရင် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲတာက အကျိုးစီးပွားအတွက် မဟုတ်ဘူးလေ။ သူတို့ယုံကြည်ချက် သူတို့ကံကြမ္မာ သူတို့ဖန်တီးပိုင်ခွင့် သူတို့၏ကံကြမ္မာကို သူတို့ပြဋ္ဌာန်းပိုင်ခွင့် နောက်ပြီးတော့ တန်းတူရေးဆိုတာတွေနဲ့ သူတို့တောင်းဆိုသွားတဲ့ အဖွဲ့အစည်းတွေပဲလေ။ အဲဒါနဲ့ မရခဲ့လို့ရှိရင် တိုင်းရင်းသားတွေရဲ့ အခြေအနေရော ဘယ်လိုရှိမလဲဆိုတာတွေ ဒါတွေလည်း ကျနော်တို့ စဉ်းစားရမှာပါခင်ဗျာ။ ❖

## အမေရိကန်အစိုးရ၏ ၂၀၀၄ ခုနှစ် လူ့အခွင့်အရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံအကြောင်း အသေးစိတ်ဖော်ပြ

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုလ (၁)ရက်နေ့တွင် ထုတ်ပြန်သော ၂၀၀၄ ခုနှစ်အတွက် လူ့အခွင့်အရေးအစီရင်ခံစာတွင် နအဖ၏လူ့အခွင့်အရေးချိုးဖောက်မှုများကို အသေးစိတ်ဖော်ပြထားပြီး အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအခြေအနေကိုထိပ်တန်းထားပြီး အရေးတကြီးစောင့်ကြည့်နေသည်ဟု ဖော်ပြထားသည်။

အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စဒိုဘရက်စကီးက '' ယခုအစီရင်ခံစာသည် ကမ္ဘာတလွှားအာဏာရှင်အုပ်စိုးသူများ လက်အောက်က ပြည်သူများကို ပိုမိုလွတ်လပ်ကောင်းမွန်တဲ့ဘဝများ ရရှိအောင် အတူတကွလက်တွဲဆောင်ရွက်သွားမည်ဟူသော သမတဘုရှ်၏ ကတိကဝတ်နှင့် သံဓိဋ္ဌာန်ကို ကိုယ်စားပြုဖော်ပြလိုက်တာပါ'' ဟုဆိုသည်။

စာမျက်နှာ (၅၈)မျက်နှာပါ အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ အမျိုးသားထောက်လှမ်းရေးအစား အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော စစ်ထောက်လှမ်းရေးအဖွဲ့သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေဆဲဖြစ်ပြီး စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေသည် ယမန်နှစ်ကထက် ပိုဆိုးလာနေသည်ဟု ဖော်ပြထားသည်။

နအဖ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းမှုကြောင့် မြန်မာ့စီးပွားရေး အခြေအနေသည် ချွတ်ခြုံကျလျက်ရှိပြီး ၂၀၀၃ ခုနှစ်အတွင်း ပုဂ္ဂလိကဘဏ်များ၏ ငွေကြေးကမောက်ကမဖြစ်မှုနှင့် နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများကြောင့် ပိုမိုချိနဲ့လာနေသည်ဟု ဆိုသည်။

စစ်အုပ်စု၏ လုံခြုံရေးတပ်များသည် လူထုကို မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို မုဒိမ်းပြုကျင့်ခြင်းများပြုလုပ်နေသော်လည်း လူထုမှာ အစိုးရကို ဝေဖန်နိုင်ခွင့်၊ ခုခံချေပခွင့်မရှိသည့် အနေအထားတရပ်ကို ပြောင်းလဲနိုင်ခွင့်မရှိဖြစ်နေသည်ဟု အစီရင်ခံစာကဆိုသည်။

ထို့အပြင် စစ်တပ်သည် တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်ထားပြီး လူ့အခွင့်

နောက်ကျောဖုံးသို့ ...

မင်းဆိုးကို " မိုးကြိုး " ပစ်ပြီ

# အဲန်အယ်လ်ဒီ၏ ဦးဆောင်မှုကဏ္ဍနှင့် အဖွဲ့ဝင်တို့၏ လက်ငင်းတာဝန်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်အဖွဲ့မှ ၁၆–၂–၀၅ နေ့စွဲဖြင့် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ၁၉၉၀ ရွေးကောက်ပွဲတွင် ရွေးကောက်ခံရသူ ဦးချစ်တင်၊ ဦးမောင်အေး၊ ဦးဒေးဗစ်လှမြင့်နှင့် ဒေါက်တာလှဝင်းတို့ (၄)ဦးအပါအဝင် ပါတီ၏ အလယ်အလတ်ခေါင်းဆောင် (၈)ဦးအား အဖွဲ့ချုပ်၏မူများနှင့် ရပ်တည်ချက်များကို ထိပါးသည်ဟုဆိုကာ အဖွဲ့ချုပ်၏ အဖွဲ့ဝင်များအဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ထို့ပြင် ၂၈–၂–၀၅ နေ့တွင် အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က ကိုမြင့်ကျော်ဦး၊ ကိုသူရိန်အောင်၊ ကိုကျော်မင်းဟူသည့် အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် (၃)ဦးကို ထပ်မံထုတ်ပယ်ခဲ့ကြောင်း ကြေညာခဲ့သည်။

ဤကဲ့သို့ အဖွဲ့ချုပ်အတွင်း အပြစ်ပေးအရေးယူမှုများသည် အဖွဲ့ချုပ်အတွင်းစည်းရုံးရေးအရ တစုံတခုသောအတိုင်းအထိ ညီညွတ်မှုပျက်ပြားနေကြောင်းဖော်ပြသည့် သဘောလက္ခဏာများ ဖြစ်ပေသည်။ ဤသို့ဖြစ်ရခြင်း၏ အခြေခံအကြောင်းတရားမှာ နအဖ အာဏာပိုင်တို့၏ အဖွဲ့ချုပ်အား အဖက်ဖက်မှပိတ်ဆို့ဖိအားပေးမှု၏ ရလဒ်ဖြစ်သည်။

နိုင်ငံရေးပါတီတရပ်၏ အသက်သွေးကြောဖြစ်သည့်ပါတီတွင် ဒီမိုကရေစီကျင့်သုံးနိုင်ခွင့်နှင့် ပါတီညီလာခံကျင်းပခွင့်များမပေးဘဲ ခေါင်းဆောင်နှင့် အောက်ခြေပါတီဝင်ထုအကြား သပ်လျှိုဖြိုခွဲသည့်နည်းလမ်းကို အဖွဲ့ချုပ်စတင်ဖွဲ့စည်းစဉ်ကတည်းကပင် နအဖကကျင့်သုံးခဲ့သည်။ ပါတီဝင်များအတွင်း ညီညွတ်ရေးပြိုကွဲစေရန် မဏ္ဍိုင်အင်အားစုကြီး (၂)ရပ်ဖြစ်သည့် တတ်သိအုပ်စုနှင့် မျိုးချစ်အုပ်စုကြား၊ တတ်သိအုပ်စု ခေါင်းဆောင်အားလုံးအား ဖမ်းဆီးပြခြင်းဖြင့် မျိုးချစ်အုပ်စုအား ပါတီအာဏာကို ချုပ်ကိုင်ခွင့်ပြုခဲ့သည်။ ရည်ရွယ်ချက်မှာ မျိုးချစ်အုပ်စုမှတဆင့် အဲန်အယ်လ်ဒီအား ချုပ်ကိုင်အနိုင်ကျင့်ရန် ဖြစ်သည်။ လုပ်ဟန်မှာ ဂျပန်ခေတ်တွင် ဂျပန်စစ်တပ်က ဗမာခေါင်းဆောင်များအားဆက်ဆံခဲ့သည့် ဆက်ဆံရေးဖြစ်သည်။ နအဖမှ မလိုက်နာလျှင် ပါတီ၏တရားဝင်တည်ရှိမှုကို ပယ်ဖျက်မည်ဟု ခြိမ်းခြောက်အကျပ်ကိုင်မှုကြောင့် ၁၉၉၁ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား အဲန်အယ်လ်ဒီအဖွဲ့ချုပ်မှထုတ်ပယ်ခြင်း အတုအယောင်အမျိုးသားညီလာခံအား တက်ရောက်ခြင်းတို့ကို အဲန်အယ်လ်ဒီမှ ပြုလုပ်လာခဲ့ရသည်။

သို့သော် နအဖ၏ ရည်မှန်းချက်မအောင်မြင်ခဲ့။ မျိုးချစ်အုပ်စုမှ ခေါင်းဆောင်များ၏ သံမဏိကြိုးမျှင်စိတ်ဓာတ်ကို နအဖကလျှော့တွက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ၁၉၉၆ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့ပြီး ပါတီတွင်း အုပ်စုအကွဲအပြဲများကို ရင်ကြားစေ့နိုင်ခဲ့သည်။ ဤသို့ စည်းရုံးရင်ကြားစေ့ရာ၌ မျိုးချစ်အုပ်စုခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားစွာပူးပေါင်းပါဝင်မှုကို အလေးအနက်ပြုရမည်ဖြစ်သလို ပါတီဝင်တရပ်လုံး၏ ပါတီတွင်းသင်ပုန်းချေရေးစိတ်ဓာတ်ကိုလည်း မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

ယနေ့ကာလ အကဲဖြတ်ချက်အရ အဖွဲ့ချုပ်လက်ရှိခေါင်းဆောင်များသည် မူဝါဒကို ခိုင်မာစွာဆုပ်ကိုင်လျက် နည်းပရိယာယ်ပျော့ပျောင်းစွာ တိုက်ပွဲဝင်လျက်ရှိသည်ကို တွေ့ရသည်။ အိုမင်းမစွမ်း၊ အသက်အရွယ်များကြောင့်လည်းကောင်း၊ ပါတီယန္တရား မလည်ပတ်နိုင်မှုကြောင့်လည်းကောင်း၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် စည်းရုံးရေးလုပ်ငန်းများတွင် များစွာ အားနည်းပျော့ညံ့လျက်ရှိသည်ကိုလည်း တပြိုင်တည်းတွင် တွေ့မြင်နေရသည်။ အထူးသဖြင့် ယခုကဲ့သို့ပါတီဝင်များကို အသုတ်လိုက်၊ အသုတ်လိုက် ပါတီမှထုတ်ပယ်နေခြင်းနှင့်စပ်လျဉ်း၍ ယင်းကိစ္စကိုဖြေရှင်းရာ၌ အခြားနည်းလမ်းမရှိတော့ပြီလော့ဟု မေးခွန်းထုတ်စရာဖြစ်သည်။ အထုတ်ပယ်ခံရသော ပါတီဝင်များ၏ ပုဂ္ဂိုလ်ရေးစွန့်လွှတ်အနစ်နာခံမှုများ ဂုဏ်ရောင်ပြောင်သော ပါတီအကျိုးစီးပွားအတွက် ဆောင်ရွက်မှုများအတွက် ဆုလာဘ်မှာယခုကဲ့သို့ ပါတီမှ ထုတ်ပယ်ခံရမှုပေလော့ဟု အယူခံဝင်ဖွယ်ရာရှိသည်။ မည်သို့ဆိုစေ ယနေ့ကာလ ဒီမိုကရေစီတော်လှန်ရေး၏ ဦးဆောင်မှုအခန်းကဏ္ဍတွင် လက်ရှိ အဲန်အယ်လ်ဒီလူကြီးမင်းများ၏ တာဝန်ယူမှုကို ငြင်းပယ်၍မရ၊ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ သမိုင်းကနှင်းအပ်ထားသော တာဝန်ကိုထမ်းဆောင်နေသော လက်ရှိ အဲန်အယ်လ်ဒီ စီအီးစီ၏ဦးဆောင်မှုကို ခံယူရန်မှတပါး အခြားမရှိ။ အခြားတဖက်၌လည်း အဲန်အယ်လ်ဒီလူကြီးမင်းများသည် သမိုင်းတာဝန်ကို ကျေပြွန်စွာထမ်းဆောင်မည်လော့ ဆိုသည့်အချက်ကလည်း အငြင်းပွားဖွယ်ရာဖြစ်သည်။

တာဝန်မကျေ၍ သမိုင်းအမှိုက်ခြင်းထဲတွင် ပစ်ချခံရသူခေါင်းဆောင်များလည်း တောင်ပုံရာပုံပင်ဖြစ်သည်။ ယခင်အတိတ်က မည်သို့ပင် ရှေ့ထီးဆောင်းခဲ့သည့်ခေါင်းဆောင်ဖြစ်စေပါမူ လူထုတိုက်ပွဲတည်းဟူသော မှတ်ကျောက်တွင် မလွဲမသွေအတင်ခံရမည့် ကာလမှာ မဝေးကွာတော့ပါကြောင်း ....

❖

# အဲန်အယ်လ်ဒီ စီအီးစီမှ အဖွဲ့ချုပ်ခေါင်း ဆောင်တချို့အားထုတ်ပယ်၊ သင့်တော်သည့် အချိန်တွင် ပြည်သူလူထုကို ရှင်းပြမည်ဟု ဦးလွင်မှပြော



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြောရေးဆိုခွင့်ရှိသူ ဦးလွင်

၁၆–၂–၀၅ နေ့စွဲဖြင့် အဲန်အယ်လ်ဒီမှ ကြေညာချက်တစောင်ထုတ်ပြန်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄)ဦးအပြင် တက်ကြွလှုပ်ရှားသူ (၅)ဦး၊ စုစုပေါင်း (၉)ဦးအား အဖွဲ့ချုပ်၏မူများနှင့် ရပ်တည်ချက်များကို ထိပါးနေခြင်းကြောင့် အဖွဲ့ချုပ်မှထုတ်ပယ်လိုက်ကြောင်း ဖော်ပြထားသည်။ ထုတ်ပယ်ခံရသူ (၉)ဦးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးချစ်တင် (မင်းလှ)၊ ဦးမောင်အေး (သာယာဝတီ)၊ ဦးဒေးဗစ်လှမြင့် (ငပုတော)၊ ဒေါက်တာလှဝင်း (ကျောင်းကုန်း)နှင့် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နေကြသည့် ဦးအောင်သိန်း (သာကေတ)၊ ဦးမြင့်အေး (ကြည့်မြင်တိုင်)၊ နော်အုန်းလှ(မှော်ဘီ)၊ ဒေါ်ကြူကြူသန်း(စန်းချောင်း)၊ ဒေါ်ခင်စန်းရီ (ရန်ကင်း)တို့ဖြစ်ကြကြောင်း သိရှိရသည်။ ယင်းသို့ထုတ်ပယ်မှုအပြင် အခြားလူငယ် (၃)ဦးအား တာဝန်မှရပ်စဲထားကြောင်းကိုလည်း ကြားသိရသည်။ အဖွဲ့ချုပ်အဖွဲ့ဝင်များကို ထုတ်ပယ်နေမှုများသည် ရပ်တန့်မသွားပဲ– ၀၂–၀၅နေ့တွင် ဦးမြင့်ကျော်ဦး (ရွှေပြည်သာ)၊ ကိုသူရိန်အောင် (မရမ်းကုန်း)၊ ကိုကျော်မင်း (သုံးခွ)တို့ကို အဖွဲ့ဝင်များအဖြစ်မှ လက်ရှိအီးစီက ထပ်မံထုတ်ပယ်လိုက်ကြောင်း သတင်းများအရသိရသည်။

ယင်းသို့အဖွဲ့ချုပ်အဖွဲ့ဝင်များအား ထုတ်ပယ်မှုနှင့်စပ်လျဉ်း၍ အဲန်အယ်လ်ဒီတွင် စတင်ဖွဲ့စည်းစဉ်ကတည်းက တိုင်းအဆင့် တာဝန်ယူခဲ့ဖူးသူတဦးကို မေးမြန်းရာ အဲန်အယ်လ်ဒီမှ ဖြုတ်ထုတ်လမ်းစဉ်ရှိတာ အခုမှမဟုတ် (သက်လမ်းစဉ်သာမရှိတာ)ပြန်ကြည့်ရင် ရွေးကောက်ပွဲမတိုင်ခင်က ရန်ကုန်တိုင်းစည်းအဖွဲ့ဝင်တွေဖြစ်တဲ့ ဦးတင်မောင်ဝင်း၊ ဦးသိန်းတင်၊ ဒေါက်တာ မောင်မောင်စောတို့လည်း ဒေါ်စုအဖမ်းခံရအပြီးမှာ အထုတ်ခံရဖူးတယ်။ စီအီးစီက ပုဂ္ဂိုလ်တချို့ဟာ ငါနဲ့မတူငါ့ရန်သူ အယူအဆရှိကြတယ်။ ၁၉၉၁နှစ်ဆန်းပိုင်းက ဒေါ်စုနဲ့ ဦးတင်ဦးကိုတောင် လက်ရှိလူကြီးတွေက အဖွဲ့ချုပ်ကထုတ်ပယ်ခဲ့သေးတာပဲ။ ယခုကိစ္စက အသေးအဖွဲ့ပါ။ နောင်လည်း ထပ်ထုတ်ဖို့ရှိရင် ထုတ်တာတွေ့ရဦးမှာပါဟု မိုးကြိုးသို့ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းကမူ မြန်မာပြည်အခြေအနေက အလှည့်အပြောင်းဘယ်ဆီကို ဦးတည်နေတယ်။ သွားနေတဲ့အရှိန်အဟုန်ကပြင်းလွန်းတော့ နှစ်ဖက်စလုံးမှာ (နအဖကော ဒီမိုကရေစီအင်အားစုကော) ရိုက်ခတ်မှု၊ တုန်ခါမှုတွေအတွင်း သဘောအရရှိနေတယ်။ ဒါကို သဘောပေါက်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်အတွင်းညီညွတ်ရေး ကိုယ့်အားကိုစုစည်းရေးကို အားလုံးက လုပ်ဖို့လိုတယ်။ ခေါင်းဆောင်မှုကို တစုံတရာ မကျေနပ်ရင်တောင်မှ Bnefit of doubt သံသယရဲ့အကျိုးဆက်ကို ခွင့်ပြုပေးဖို့လိုတယ်ဟု သူမ၏အမြင်ကို မိုးကြိုးသို့ထုတ်ဖော်ပြောကြားခဲ့သည်။

ထုတ်ပယ်ခံရသူများသည် အဖွဲ့ချုပ်၏ နိုင်ငံရေးဆိုင်ရာညီလာခံသို့ အယူခံတိုင်ခွင့်ရှိသည်ဟုလည်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားကြောင်းသိရှိရသည်။ ❖

# အဖွဲ့ချုပ် စီအီးစီ နှင့် ပြည်နယ်တိုင်းခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ဖေဖော်ဝါရီလ (၁၁)ရက်နေ့၌ ဖမ်းဆီးထိမ်းသိမ်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးမှလွဲ၍ ကျန်အဖွဲ့ချုပ် စီအီးစီ အဖွဲ့ဝင်အားလုံးနှင့် ပြည်နယ်တိုင်း (၁၃)ခု (ကယားပြည်နယ်မှ မတက်ရောက်နိုင်)မှ ထိပ်တန်းခေါင်းဆောင် (၅၇)ဦးတို့ တက်ရောက်သော အဖွဲ့ချုပ်၏ ရွှေဂုံတိုင်လမ်း ဌာနချုပ၍ရုံးတွင်ကျင်းပခဲ့ကြောင်းသိရှိရသည်။

ယင်းအစည်းအဝေးတွင် အဲန်အယ်လ်ဒီ (ဗဟို)၏ သင်ပုန်းချေရေးလမ်းစဉ်ကို အားလုံးကပဲ ထောက်ခံအတည်ပြုကြကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ အတွင်းရေးမှူး ဦးလွင်က ထုတ်ဖော်ပြောကြားသည်။ သင်ပုန်းချေရေး၏အနှစ်သာရအပြင် တမျိုးသားလုံးကောင်းစားရေးအတွက် ခွင့်လွှတ်စရာရှိတာတွေကို ခွင့်လွှတ်နိုင်ရမည်။ သို့သော် တချိန်တည်းမှာပင် ခွင့်လွှတ်နိုင်တာနှင့်အမျှ တန်ဖိုးကြီးစွာပေးဆပ်ထားရတဲ့ အဖြစ်အပျက်တွေကို နောင်အခါ ကြေကွဲဖွယ်ရာအဖြစ်ဆိုးနဲ့ ရင်မဆိုင်ရလေအောင် မေ့ဖျောက်ဖြစ်လို့တော့မဖြစ်ဟူ၍ ဤအစည်းအဝေးမှ သဘောတူညီကြောင်း၊ ဤအချက်မှာ ဒေါ်အောင်ဆန်းစုကြည်၏ သင်ပုန်းချေရေးမူပင်ဖြစ်ကြောင်းသိရှိရသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာဖို့ လိုအပ်ကြောင်း အခိုင်အမာဆုံးဖြတ်ကြသည်ဟု ရန်ကုန်မှလာသော သတင်းများအရသိရှိရသည်။

ယခုကဲ့သို့ အဖွဲ့ချုပ်အောက်ခြေ ခေါင်းဆောင်ပါဝင်လျက် စုံစုံညီညီတွေ့ဆုံဆွေးနွေးနိုင်ခြင်းသည် ဒီပဲယင်းအရေးအခင်း နောက်ပိုင်း ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များ ခရီးသွားလာမှုကို နှောက်ယှက်ဟန့်တားမှုမရှိကြောင်း အကဲခတ်ပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။ ❖



# ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ



စီအာရ်ပီပီအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလူမျိုးစုံမှ ကိုယ်စားလှယ်များအတူ တွေ့မြင်ရစဉ်

## (၁)
## ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီသည် မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် မေလ ၂၇ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ယင်းကော်မတီဖွဲ့စည်းကြေညာခဲ့ပြီး စင်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသောကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် တရားဝင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ၏ရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးတာဝန်ကို နအဖမှ ၉ နှစ်ကျော်ကြာ ဆက်လက်ငြင်းဆန်လျက်ရှိသောကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို သမိုင်းရေးရာလိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင် ၁၀ ဦးအနက် ၉ ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဖြစ်ပြီး ကျန်တစ်ဦးသည် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဇိုမီးအမျိုးသားကွန်ဂရက်တို့ကို ကိုယ်စားပြုသည်။ ယင်းနိုင်ငံရေးပါတီ ၅ ခုသည် စုစုပေါင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၈၅ နေရာအနက် ၄၃၃ နေရာ ၈၉% ကို ကိုယ်စားပြုသည်။

## (၂)
## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဘာကြောင့်ဖွဲ့စည်းရသလဲ။

၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲကို နဝတ၊ နအဖများက ၃၁-၅-၈၉ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအမှတ် ၁၄/၈၉ အရ ကျင်းပခဲ့ခြင်းဖြစ်သည်။

(၁) ယင်းဥပဒေ၏ နိဒါန်းတွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်နိုင်ရန်ဟူ၍ လည်းကောင်း၊

(၂) ဥပဒေ၏ အခန်း (၁)ပုဒ်မခွဲ (က) တွင် လွှတ်တော်ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုလိုသည်။ ပုဒ်မခွဲ (ခ)တွင် ရွေးကောက်ပွဲဆိုသည်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုဆိုသည်။ ပုဒ်မခွဲ (ဂ) တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခြင်းခံရသူကို ဆိုလိုသည်ဟူ၍လည်းကောင်း။

(၃)ယင်းဥပဒေ အခန်း (၁)တွင် လွှတ်တော်ကို မဲဆန္ဒနယ်များအနက်မှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဟူ၍လည်းကောင်း၊ ဖော်ပြထားသည်။ ယင်းဥပဒေ ပြဋ္ဌာန်းဖော်ပြမှုများအရ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲသည် တိုင်းပြုပြည်ပြု လွှတ်တော်အတွက် မဟုတ်ပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်အတွက်လည်းမဟုတ်ပါ။ ဥပဒေပြုအာဏာ စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ပိုင်စိုးမည့် ပြည်သူ့လွှတ်တော်ဖွဲ့စည်းရန် ပြုလုပ်မည့် ရွေးကောက်ပွဲဖြစ်ကြောင်း တရားဥပဒေအရ ထင်ရှားသည်။

ရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်မှာပင် ထိုအချိန်က နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်အား "အကယ်၍ အတိုက်အခံများမှ အနိုင်ရမည်ဆိုပါက အာဏာလွှဲပြောင်းပေးပါမည်လား"ဟုမေးရာ ငါပေးထားတဲ့ကတိကို စောင့်ထိန်းပါမည်ဟု မဲရုံမှ မဲပေးပြီးထွက်လာကာစတွင် ပြောကြားခဲ့သည်။

လက်တွေ့တွင်ကာ နဝတ၊ နအဖတို့သည် ၎င်းတို့ ထုတ်ပြန်ထားသောရွေးကောက်ပွဲ ဥပဒေကို စက္ကူစုတ်လုပ်လျက် ဥပဒေစိုးမိုးမှုကို မျက်ကွယ်ပြုခဲ့သည်။ ရွေးကောက်ပွဲ ဥပဒေကို ချိုးဖောက်လျက် ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကြေညာချက် ၁/၉၀ ကို ထုတ်ပြန်ခဲ့သည်။ ၁/၉၀ အနှစ်သာရမှာ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲသည် ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်ရေးအာဏာများကို ကျင့်သုံးနိုင်သော လွှတ်တော်ကိုဖွဲ့စည်းရန်မဟုတ်၊ ရွေးချယ်ခံရသောကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ ရေးဆွဲရမည်။ ယာယီဥပဒေရေးဆွဲ၍ အချုပ်အချာအာဏာသုံးရပ်ကို ကျင့်သုံးပါက လက်မခံပဲအရေးယူမည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးသည့်ကာလမှစ၍ အကြိမ်ပေါင်းများစွာ နည်းလမ်းပေါင်းများစွာ အသုံးပြုပြီ။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှတဆင့်ဖော်ပြခဲ့သည့် ပြည်သူလူထုဆန္ဒကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် (အမှန်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရွေးကောက်ပွဲ ဥပဒေတွင်လည်းကောင်း၊ ၁/၉၀ အရလည်းကောင်း၊ နဝတမှ ကတိပြုပြီးဖြစ်သည်။) အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ ၁၀နှစ်နီးပါးတိုင် စိတ်ရှည်လက်ရှည်သီးခံလျက် တောင်းဆို၍မရသည့်အဆုံးတွင် ပြည်သူ့လွှတ်တော်ခေါ်ယူရေးသည် နအဖအတွက်သာ တာဝန်ရှိသည်မဟုတ်၊ အရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွင်ပါ အဓိကတာဝန်ရှိသည်ဟု ယူဆလျက် ပြည်သူ့လွှတ်တော်ခေါ်ယူရေးရည်ရွယ်ချက်ဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းခဲ့ရခြင်းဖြစ်သည်။

## (၃)
## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ရည်ရွယ်ချက်ကဘာတွေလဲ။

(က) ပြည်သူလူထုက လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့နှင့် ၎င်းတို့၏ တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်ပေးရန် ကိုယ်စားလှယ်လွှဲအပ်ထားသည့်တာဝန်များကို လျစ်လျူရှု၍မထားနိုင်သည့်အားလျော်စွာ အတိုင်းအတာတခုထိ စွမ်းဆောင်ပေးနိုင်သမျှ ဆောင်ရွက်ပေးရန်။

(ခ) ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာလျှင် ဒီမိုကရေစီရေးထွန်းကာလာပြီး ယင်းနှင့်အတူ လူ့အခွင့်အရေးများတိုးတက်ကောင်းမွန်လာစေရန်။

(ဂ) နိုင်ငံတွင်း ပြည်သူလူထုခံစားကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့် အထွေထွေအကျပ်အတည်းများကို အာဏာပိုင်တို့ ကျင့်သုံးနေသည့် နိုင်ငံရေးအင်အားစုများအပေါ် ဖိအားပေး၊ အကျပ်ကိုင်၊ ဖမ်းဆီးထိန်းသိမ်းသည့်နည်းများဖြင့် အကျပ်အတည်းများကို အသေအချာမဖြေရှင်းနိုင်သည်ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် တတ်အားသရွေ့ ဖြေရှင်းပေးနိုင်ရန်ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် ဖွဲ့စည်းသည်။

❖

## စစ်မှန်သောတိုင်းရင်းသားညီညွတ်ရေးနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင် ပြောကြားခဲ့သော (၅၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ မိန့်ခွန်း

ပြည်ထောင်စုအရေး တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ ပြောစရာတွေအများကြီး အတိတ်သမိုင်းဖြစ်ရပ်တွေ လက်ရှိရင်ဆိုင်ကြုံတွေ့နေရတဲ့ ဖြစ်ရပ်တွေ အနာဂတ်ဖွဲ့စည်းမည့် ပြည်ထောင်စုရဲ့ အကြောင်းတွေ၊ ဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ပြောစရာတွေကတော့အများကြီး ရှိပါတယ်။ ဒါပေမယ့် အဓိကကျတဲ့အကြောင်းအရာတခုအကြောင်းကိုပဲ ပြောပါမယ်။ ဒါက ဘာလဲဆိုရင် တိုင်းရင်းသားလူမျိုးများအရေးဟာ အမျိုးသားရေးပြဿနာရပ် အဓိကကျတဲ့ပြဿနာတစ်ခုဖြစ်တယ်။ ဒါကို အမြန်ဆုံးနည်းနဲ့ မဖြစ်မနေဖြေရှင်းဖို့လိုပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေမှာ ဘယ်လိုဖြစ်နေသလဲဆိုရင် တိုင်းရင်းသားလူမျိုးများဟာ မိမိတို့ရဲ့ အမျိုးသားရေးကိုဆောင်ရွက်ဖို့အတွက် ပါတီတွေကိုဖွဲ့စည်းခဲ့ကြတယ်။ အဲဒီပါတီတွေအနေနဲ့ ပြီးခဲ့တဲ့ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ကြတယ်။ ပါတီတော်တော်များများဟာ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ကြတယ်။ ဒါပေမယ့် လက်ရှိအုပ်စိုးတဲ့ နဝတ၊ နအဖအစိုးရက ဥပဒေတွေအမျိုးမျိုးပြုပြီး ပါတီတွေကိုဖျက်သိမ်းခဲ့တယ်။ ဥပမာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ဇိုမီးအမျိုးသားကွန်ဂရက်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် အခြားတိုင်းရင်းသားပါတီများကိုလည်း ဖျက်သိမ်းခဲ့တယ်။ ဒါက ဘာကိုပြသလဲဆိုရင် တိုင်းရင်းသားလူမျိုးများအရေးကို ဖြေရှင်းရာမှာ ရွေးကောက်ပွဲမှာ ပြည်သူတွေရဲ့ ထောက်ခံမှုကိုရတဲ့ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေး ဖြေရှင်းလိုတဲ့သဘောထား နဝတ၊ နအဖမှာ မရှိဘူးဆိုတာကိုပြတာပဲ။ အမှန်က ***တိုင်းရင်းသားလူမျိုးများရဲ့ အရေးကို ပြည်သူလူထုတွေကရွေးကောက်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်တွေ ပါတီတွေနဲ့ ဆွေးနွေးရမှာဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ ပြည်သူလူထုတွေထဲက မိမိပြောခိုင်းသမျှကို ပြောမဲ့သူတွေ လက်ညှိုးထောင် ခေါင်းညိတ်မယ့်လူတွေ ခေါ်ပြီးဆွေးနွေးမယ်ဆိုရင် ဒါဟာသဘာဝမကျဘူး။*** ပြည်သူတွေကရွေးချယ်လိုက်တဲ့ကိုယ်စားလှယ်များနဲ့သာ ဆွေးနွေးရမှာဖြစ်ပါတယ်။ နောက်တချက်က လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ကြတဲ့ တိုင်းရင်းသားပါတီအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲတဲ့ကိစ္စပါ။ လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ကြတဲ့ တိုင်းရင်းသားပါတီအဖွဲ့စည်းများနဲ့ အပစ်အခတ်ရပ်စဲနိုင်တာဟာ တစိတ်တပိုင်းအားဖြင့် ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လက်နက်ကိုင်တဲ့နည်းနဲ့ ဖြေရှင်းကြတာထက် တွေ့ဆုံဆွေးနွေးပြီးဖြေရှင်းတာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ ဒါပေမယ့် တချို့အဖွဲ့စည်းများနဲ့ အပစ်အခတ်ရပ်စဲခဲ့တာ ဆိုရင် ၁၀နှစ်တောင်ကျော်သွားပြီဖြစ်ပေမယ့် အခုအထိနိုင်ငံရေးအရ ဖြေရှင်းသင့်တာတွေကို မဖြေရှင်းနိုင်သေးတာကိုတော့ ဘဝင်မကျဖြစ်ရတယ်။ အမှန်တော့ အပစ်အခတ်ရပ်စဲလို့ မရှေးမနှောင်းမှာပဲ နိုင်ငံရေးအရဖြေရှင်းစရာရှိတာကို ဖြေရှင်းသင့်ပါတယ်။ ဒီနေရာမှာ ထပ်ပြီးပြောလိုတာက တိုင်းရင်းသားပါတီများအားလုံးရဲ့ဆန္ဒကတော့ တိုင်းရင်းသားပြဿနာကိုဖြေရှင်းမယ်ဆိုရင် ဒီမိုကရေစီကျပြီး ပိုမိုကျယ်ပြန့်တဲ့ညီလာခံတရပ်မှာ ဆွေးနွေးညှိနှိုင်း ဖြေရှင်းသင့်တယ်။ ဒီလိုဆွေးနွေးညှိနှိုင်းလို့ရလာတဲ့ အခြေခံအကြောင်းတရားတွေပေါ်မှာ စစ်မှန်တဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်လိုကြတဲ့ ဆန္ဒများရှိကြတယ်။ ဒါဟာ ကောင်းမွန်တဲ့ သဘောထားတွေဖြစ်တယ်။ ဒါနဲ့ပတ်သက်လို့ ကျနော် အကြံပြုချင်တာကတော့ တိုင်းရင်းသားလူမျိုးများပြဿနာကို အပေါ်ယံသဘော အပြောသက်သက်နဲ့ မပြီးနိုင်ပါ။ လက်တွေ့ကျကျ ဖြေရှင်းဖို့လိုပါတယ်။ အထူးသဖြင့် ပြဿနာကိုရှုမြင်သုံးသပ်ရာမှာ ဆန္ဒစွဲ၊ လူမျိုး စွဲကင်းဖို့ လိုပါတယ်။



စာမျက်နှာ (၁၄) ကော်လံ (၁)သို့ ...

# ပွေ့ထားတဲ့ ကျောက်တုံးကြီးကို ... ချလိုက်ပါ

ငွန်မှိုင်း

(၁)

***'ကျူးဘားတော်လှန်ရေးက ဘယ်ကစပါသလဲ'***

တချို့က ဟားဗားနားတက္ကသိုလ်ထဲက ဥပဒေကျောင်းသားတွေကစတယ်လို့ ဆိုကြတယ်။

တကယ်ကတော့ ဒီလိုမဟုတ်ပါဘူး။

ကျူဘားတော်လှန်ရေးဟာ ကျူးဘားကျေးလက်မှာ ဟားဗားနားမြို့တော်ရဲ့ ဆင်ခြေဖုံးမှာရှိကြတဲ့ ဗိုဟဲယိုးလို့ခေါ်တဲ့ ကျူတဲလေးတွေထဲက ဆာလောင်နေတဲ့ ဝမ်းဗိုက်တွေက စတာပါ။'

**ဖီဒယ်ကက်စထရို**

ကျနော်တို့ တော်လှန်ရေးတွေလည်း ဘယ်ကစခဲ့ပါသလဲ။

ကမ္ဘာကြီးရဲ့ အနှံ့အပြားမှာ တော်လှန်ရေးတွေအနှံ့အပြား ဖြစ်ခဲ့ကြတယ်။ နှစ်ကာလများ မတူကြတဲ့အတွက်၊ သမိုင်းခေတ်များ မတူခဲ့ကြတဲ့အတွက် တော်လှန်ရေးလက္ခဏာတွေကွဲလွဲခဲ့ကြပေမယ့် အရင်းခံပြဿနာကတော့ ဆာလောင်မွတ်သိပ်ခြင်းမှာ အခြေခံကြတာချည်းပဲလို့ ကျနော်ဆိုချင်တယ်။

အမှန်တရားကို ဆာလောင်တယ်။

လွတ်လပ်မှုကို ဆာလောင်တယ်။

တရားမျှတမှုကို ဆာလောင်တယ်။

တန်းတူညီမျှမှုကို ဆာလောင်တယ်။

အသိအမှတ်ပြုမှုကို ဆာလောင်တယ်။

ဒီမိုကရေစီကို ဆာလောင်တယ်။

အခြေခံလူ့အခွင့်အရေးတွေကို ဆာလောင်တယ်။

ငြိမ်းချမ်းရေးကို ဆာလောင်တယ်။

အဲဒီဆာလောင်မှုတွေကြောင့်ပဲ သမိုင်းခေတ်တိုင်းဟာ တော်လှန်ရေးတွေရဲ့သမိုင်း ဖြစ်ခဲ့ရတယ်။

ဒီနေ့သမိုင်းဘီးကို တနည်းနည်းနဲ့ တန့်ရပ်သွားအောင် သို့မဟုတ် နောက်ပြန်ဆုတ်သွားအောင် တားဆီးကန့်သတ်ချင်သူတွေနဲ့ သမိုင်းဘီးကို တွန်းရွှေ့မောင်းနှင်သူတွေရဲ့ ပဋိပက္ခဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ကမ္ဘာ့တနံတလျားမှာ အနှံ့အပြားတွေ့နေကြရဆဲပါ။

*ဥညြသံကို ကြားလိုက်ရတဲ့အခိုက်၊ ရွက်ကြွေတချို့ ကျနော်မျက်စိရှေ့မှာပဲ ပြုတ်ကျလာတာ တွေ့လိုက်ရတဲ့အခိုက်မှာ... ပြက္ခဒိန်ကို လှမ်းကြည့်မိတော့ မတ်လ ဆန်းတော့မှာပါလားလို့ အသိဝင်လာတယ်။ မတ်လဆိုတာ ... ကျနော့်အတွက်တော့ ကဗျာတွေ နည်းမှမနည်းဘဲ ...။*

(၂)

ကျနော်တို့ရဲ့ မြန်မာနိုင်ငံဆိုတာလည်း ကမ္ဘာကြီးရဲ့ အစိတ်အပိုင်းငယ် တစ်ငယ်သာ ဖြစ်ခဲ့တာမို့ ....။

သူ့မှာလည်း .... ရှည်လျားတဲ့ တိုက်ပွဲသမိုင်းကြီးရှိနေခဲ့၊ ရှိနေဆဲ ဖြစ်ပါတယ်၊ ဒီအထဲကအစိတ်အပိုင်းတချို့ ကျနော်ရင်ကိုလာမှန်တယ်။

အပြုတ်တိုက်ရေးသမားပီသစွာပဲ သူမနာကိုယ်မနာ တွေ့ဆုံဆွေးနွေး အဖြေရှာဖို့ ကမ်းလှမ်းထောက်ပြတဲ့ ဆရာကြီးကိုမုန်းတယ်။

လူထုဆန့်ကျင်ရေးသမား ပီသစွာပဲ လူထုဆန္ဒကို ရှေ့တန်းကနေရပ်ခံတင်ပြတောင်းဆို တိုက်ပွဲဝင်တတ်သူကို မုန်းတယ်။

အဲဒီအာဃာတတွေ အဲဒီအမုန်းတွေကြောင့်ပဲ 'မှိုင်းရာပြည့် ကျင်းပခွင့်'ကို ပိတ်ပင်ခဲ့တယ်။

(၃)

ထိုင်းမှာ ဩမရှိဘူးတောင်မှတ်နေတာ။

ဥညြသံကို ကြားလိုက်ရတဲ့အခိုက်၊ ရွက်ကြွေတချို့ ကျနော်မျက်စိရှေ့မှာပဲ ပြုတ်ကျလာတာ တွေ့လိုက်ရတဲ့အခိုက်မှာ ....

ပြက္ခဒိန်ကို လှမ်းကြည့်မိတော့ မတ်လဆန်းတော့မှာပါလားလို့ အသိဝင်လာတယ်။

မတ်လဆိုတာ .... ကျနော့်အတွက်တော့ ကဗျာတွေ နည်းမှမနည်းဘဲ။

(၄)

၁၉၇၄ ခုနှစ်၊ လွန်ခဲ့တဲ့ နှစ်(၃၀)နီးပါးဆီကပါ။

အခုလို သစ်ရွက်တွေအရောင်ပြောင်းကြ၊ တချို့လေထဲ ဝဲ့ဝဲသွားကြ၊ မရမ်းပင်ကြီးတွေဆီက ဥညြှက်တစ်ကောင်ရဲ့ လွမ်းလွမ်းဆွေးဆွေး တေးသီပြနေတဲ့ ရန်ကုန်ရဲ့ နွေရက်တချို့မှာ ....

ကျနော်တို့ကျောင်းသားတွေဟာ မလွမ်းအားခဲ့ကြဘူး၊

'ဆရာကြီး သခင်ကိုယ်တော်မှိုင်းရာပြည့်ပွဲကို ဘယ်သူမှမကျင်းပရ'လို့ အမိန့်ထွက်လာတဲ့အပေါ်မှာ ဂူဗိမာန်စောင့်ရှောက်ရေး ကော်မတီကိုတောင် 'ငြိမ်ငြိမ်လေးနေဖို့၊ ဘာမှမလုပ်ဖို့' အတားခံလိုက်ရတဲ့အပေါ်မှာ

ကျနော်တို့ ဘာလုပ်ကြမလဲ၊ ဒီကိစ္စကို ကျနော်တို့ မကျေနပ်ဘူး။ လုံးဝဆို လုံးဝကို မကျေနပ်ကြဘူး။

ကျနော်တို့ ဆရာကြီးကိုချစ်တယ်၊ ဆရာကြီးကို တန်ဖိုးထားတယ်။ ဆရာကြီးအတွက် ဂုဏ်ယူချင်တယ်။ ဆရာကြီးရဲ့ ဂုဏ်ပြုပွဲကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုကျင်းပချင်ကြတယ်။

ဒါဟာ ကျနော်တို့ရဲ့ဆာလောင်မှုပါ။

မဆလ စစ်အစိုးရဟာ .... စစ်ဝါဒီပီသစွာပဲ ငြိမ်းချမ်းရေးသမားကိုမုန်းတယ်။

(၅)

ဘာပဲပြောပြော၊ ဘယ်သူတားတား မှိုင်း ရာပြည့်ပွဲကို အခမ်းနားဆုံးကျင်းပဖို့ ကျနော် တို့ ဆုံးဖြတ်ခဲ့ကြပြီ။

မပြောဘဲနဲ့တောင် လက်ရဲဇက်ရဲလုပ်တတ်လွန်းတဲ့စစ်အုပ်စုဟာ ပြောပြီးပြီဆိုတော့ ပြတ်ပြတ်သားသားကြီးကိုပဲ လုပ်လာပါတော့တယ်။

ကျောင်းတွေထဲမှာ၊ ကျောင်းဝန်းတွေထဲမှာ ထောက်လှမ်းရေးတွေ၊ သတင်းပေးတွေကို ညပ်နေအောင်ချထားပါတယ်။ အင်းလျားကန်စပ်က သရက်ပင်တွေအောက်မှာတော့ တပ်ပါချထားပါတယ်။ မလုပ်ရဲ၊ မလုပ်ဝံ့တော့အောင်၊ လက်လျှော့သွားအောင် အမျိုးမျိုးခြိမ်းခြောက်နေတာပါ။

(၂၀၊ ၃၊ ၁၉၇၄) ညမှာတော့ ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးကို ဖမ်းဆီးလိုက်ပါတယ်။

(၂၂၊ ၃၊ ၁၉၇၄) ညမှာတော့ စံရိပ်ငြိမ် (တက္ကသိုလ်ဝန်းဘေးကရပ်ကွက်)ထဲက ပတ္တမြားခြံကိုဝိုင်းပြီး ကျောင်းသားတချို့ကို ဖမ်းဆီးပြလိုက်တယ်။

ချီတက်ပွဲမှာသုံးမယ့် ခွပ်ဒေါင်းအလံကို သိမ်းတယ်၊ လက်ကိုင်ပိုစတာတွေ သိမ်းတယ်၊ နဖူးစီးစာတမ်းတွေ သိမ်းတယ်၊ ဝေမယ့် လက်ကမ်းစာစောင်(pamphlet)တွေ သိမ်းတယ်။

(၂၃၊ ၃၊ ၁၉၇၄)နေ့မှာတော့ တက္ကသိုလ် ဓမ္မာရုံထဲမှာ စစ်တပ်ချလိုက်တယ်။

အသံလွှင့်ရုံထဲမှာ စိမ်းမြနေအောင်ချထားတယ်။ သံချပ်ကာတပ် (Tank)တွေပါချထားတယ်။

ကျောင်းသားတွေကိုပစ်ဖို့ သံချပ်ကာတပ် လိုရောလိုလို့လား။ ကျနော်တော့ ဘယ်လိုမှ စဉ်းစားလို့မရဘူး။

ဟံသာဝတီအဝိုင်းကနေ ဆရာကြီး ဂူဗိမာန်အထိ ဦးဝိစာရလမ်းတလျှောက်မှာ ဘက်နက်တပ်ထားတဲ့ ဂျီသရီးတွေကိုင်ထားတဲ့ စစ်သားတွေကို လမ်းဟိုဘက်ဒီဘက် လက်ချင်းထိညပ်နေအောင် ချထားတယ်။ ကိုက် ၅၀ လောက်မှာ တစ်စု၊ ဝိုင်ယာလက်ကား၊ ဗိုလ်မှူး (သို့) ဗိုလ်မှူးကြီးအဆင့် ပါဝင်တဲ့အစု၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်သူ၊ တချို့နေရာတွေမှာ ရုပ်ရှင်စက်နဲ့ပါ မှတ်တမ်းလိုက်ရိုက်နေခဲ့တယ်။

ဒါဟာ ဒုတိယ ဆဲလ်ဗင်းဂျူလိုင်လားလို့ ကျနော်တို့အားလုံးသံသယရှိကြတယ်။

စစ်သားတွေရဲ့ မျက်နှာကလည်း ခပ်တင်းတင်းပဲ၊ ရန်တိုက်ခံထားရတယ်နဲ့တူပါတယ်။

တကယ်ပြောရရင် ကျနော်တို့ကို သေနတ်နဲ့ ချိန်နေကြတဲ့ ရဲဘော်တွေဟာ ကျနော်တို့အရွယ်သာသာတွေပါ။

ကျနော်တို့က ကျောင်းတက်ခွင့်ရကြပြီး သူတို့ကစစ်ထဲဝင်သွားကြတာ တခုပါပဲ။ သူတို့အဖေတွေ အမေတွေဟာလည်း ကျနော်တို့ အဖေအမေတွေလို အလုပ်သမား၊ လယ်သမား၊ လက်လုပ်လက်စားတွေနေမှာပါ။

ဂျာမန်ကဗျာဆရာ ဘားတော့ဘရက်ရဲ့ ကဗျာတစ်ပုဒ်ထဲကလို ....

အကိုက စားစရာမရှိလို့ စစ်ထဲဝင်

ညီက စားစရာမရှိ၊ လုပ်စရာမရှိ ဖြစ်ကြရတဲ့ဘဝကို မကြေနပ်လို့ဆန္ဒပြ၊

နာဇီအစိုးရက ဆန္ဒပြသမားတွေကို ချေမှုန်းဖို့ အမိန့်ပေးလာလို့ ပစ်ချလိုက်တဲ့အခါ ....

'အို .... ရှေ့ဆုံးက ကျဆုံးသွားသူဟာ ငါ့ညီလေးပါလား'

ဆိုတာလို ကျနော်တို့ကို ပစ်ရက်ရင်လည်း ပစ်တော့ပေါ့။

ကျနော်တို့ကတော့ ဆရာကြီးကို ဂုဏ်ပြုတဲ့ ကြွေးကြော်သံတွေတိုင်ပြီး ဂူရှေ့အရောက်ချီတက်ခဲ့ကြပါတယ်။

''ငြိမ်းချမ်းရေး ငြိမ်းချမ်းရေး .... တို့အရေး တို့အရေး''

''ငြိမ်းချမ်းရေးကို ဖျက်ဆီးသူ .... တို့ရန်သူ တို့ရန်သူ''

ဂူဗိမာန်ရှေ့ရောက်တော့ ဆရာကြီးကို အလေးပြုကြ။

ဂုဏ်ပြုသဝဏ်လွှာတွေ ဖတ်ကြားကြပါတယ်။ ငြိမ်းချမ်းရေးအတွက်၊ လွတ်လပ်မှုအတွက်၊ ဒီမိုကရေစီရေးအတွက် ကျနော်တို့ဘဝတွေကို ပေးဆပ်ရင်း၊ ကျနော်တို့အိပ်မက်တွေကို ပေးဆပ်ရင်း၊ ကိုတင်မောင်ဦးဆိုရင် အသက်ကိုပါပေးဆပ်ရင်း .... ဆရာကြီးကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုခဲ့ကြပါတယ်။

(၆)

(၁၂)နှစ်ဆိုတာ မျက်စိတမှိတ်လိုပါပဲလား။

ရှစ်ဆယ့်ရှစ်ရဲ့ နွေရက်များကို ရောက်လာခဲ့ပါပြီ။

ရုပ်ရှင်ပြကွက်တွေထဲမှာ ပြက္ခဒိန်တွေ တစ်ချပ်ပြီးတစ်ချပ် ပြောင်းပြလိုက်သလိုမျိုးပါပဲ။

မဆလ စစ်အုပ်စုဟာ ဇန္နဝါရီ (၄)ရက်ဆိုရင် လွတ်လပ်ရေးနေ့ ညစာစားပြလိုက်။ ဖေဖော်ဝါရီလ (၁၂)ရက်ဆိုရင် ပြည်ထောင်စုပွဲဆိုတာလေးလုပ်ပြလိုက်နဲ့၊ မတ်လ (၂၇) ရက်နီးပြီဆိုရင် ကိုယ့်သွေးချင်းတွေကို သတ်ဖြတ်နေတာကိုပဲ တကယ့်ပြည်သူတွေရဲ့ အသက်အိုးအိမ်တွေကို ကာကွယ်ပေးနေတာဆိုတဲ့ အချိုးမျိုးနဲ့ စာရင်းဇယားတွေချပြလိုက်နဲ့ တစ်နှစ်ပြီး တစ်နှစ်တိုင်ခဲ့ပါပြီ။

အနှစ်သာရမဲ့ပြီး ဘာမှမဟုတ်တဲ့ အကာသက်သက်တွေကို လုပ်ပြနေပြီး သူ့အကျိုးစီးပွားကိုသာ တောက်လျှောက်စောက်ချလုပ်ကိုင်ခဲ့တာမို့ စစ်အုပ်စုထိပ်သီးကြီးများကတော့ သန်းကြွယ်သူဌေးကြီးတွေဖြစ်၊ လူမျိုးပေါင်းစုံပြည်သူလူထုကြီးကတော့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ အာမခံမဲ့မှုအောက်ကို ရောက်သွားရပါတယ်။

လွတ်လပ်ရေးရပြီးစက တစုံတရာတောင့်တောင့်တင်းတင်းဖြစ်ခဲ့ဘူးတဲ့ တိုင်းပြည်လည်း ပြာပုံဖြစ်သထက်ဖြစ်၊ ကမ္ဘာ့အလယ်မှာ L.D.C နိုင်ငံဘဝ ကျရောက်ခဲ့ရပါပြီ။

တနေ့တခြားကြီးလာတဲ့ အခက်အခဲကို မဆလ စစ်အုပ်စုက အသေအချာဖြေရှင်းဖို့ မကြိုးစားဘဲ ....

ငွေစက္ကူ တရားမဝင်ကြေညာတဲ့နည်းနဲ့ ဖြတ်လမ်းလိုက်ခဲ့ပြန်တယ်။

လူထုကြီးရဲ့ ချွေးနဲ့စာကို၊ မတ်တတ်စာထဲက မစားရက်မသောက်ရက် ခြိုးခြံပြီး၊ တိုးလုံးစာရအောင် စုဆောင်းထားတဲ့ အမေအိုရဲ့ ချွေးခံအကျႌထဲ အပ်ချိတ်နဲ့ချိတ်ပြီး သိမ်းထားတဲ့ ၂၅ကျပ်တန် ၃– ၄– ၅ ရွက်ကအစ ကြေညာချက်တစ်ခုထဲနဲ့ ဓါးပြအတိုက်ခံလိုက်ရတာပါ။

ဒီအကျိုးဆက်တွေကြောင့်ပဲ ....

ဗိုဟဲယိုး ကျူတဲလေးတွေထဲက ဆာလောင်နေတဲ့ဝမ်းဗိုက်တွေရဲ့ စကားပြောသံတွေဟာ ကမ္ဘာကိုတောင် တုန်ဟီးသွားစေခဲ့ပါတယ်။

(၇)

ကျနော်တို့ မြန်မာပြည်သမိုင်းမှာ .... ကျောင်းသားလှုပ်ရှားမှုတွေ၊ အလုပ်သမားလှုပ်ရှားမှုတွေ၊ လူထုလှုပ်ရှားမှုတွေရဲ့ အခန်းဟာ အင်မတန်ကြီးမားခဲ့ပါတယ်။ သမိုင်း

စာမျက်နှာ (၉) ကော်လံ (၄)သို့ ....

# "ရန်သူမရှိ၊ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိ" ဆရာကြီး ဒဂုန်တာရာ မှ တပ်ပေါင်းစုဖွဲ့ စည်းရေးတောင်းဆို

အသက် (၈၆)နှစ်အရွယ် စာပေဝေဖန်ရေးနှင့် ကဗျာဆရာကြီး ဆရာကြီးဒဂုန်တာရာ၏ ယနေ့ကာလ မျက်မှောက်မြန်မာနိုင်ငံရေးအခြေအနေနှင့်စပ်လျဉ်း၍ အမြင်သဘောထားများကို ရောင်ပြန်ဟပ်ပေါ်လွင်စေမည့် အာရ်အက်ဖ်အေနှင့် ဆရာကြီး၏ (၂၅.၂.၂၀၀၅)နေ့ ဆက်သွယ်မေးမြန်းခန်းကို ဖော်ပြအပ်ပါသည်။

အယ်ဒီတာအဖွဲ့

**အာရ်အက်ဖ်အေ**။ ။ ဆရာတာရာ အနေနဲ့ပေါ့လေ ကျနော်တို့စောစောဒီအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ နအဖစစ်အစိုးရဆီတင်ထားတဲ့အချက် ရှိပါတယ်။ အဲ့ဒါ ဘာလဲဆိုတော့ သင်ပုန်းချေတာကနေ ပြန်စကြပါစို့လို့ ပြောတယ်။ အဲ့ဒီအချက်ကို ဆရာတာရာ့အနေနဲ့ ဘယ်လိုများနားလည်လဲ ဆရာ။

**ဒဂုန်တာရာ**။ ။ အဲ့ဒါ သိပ်ကောင်းတာပေါ့ဗျာ။ ကျနော်တို့လေ အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် ဥပဒေလိုဟာမျိုးကို အင်အားစုတွေအားလုံး အားလုံးနော် အားလုံး နှစ်ဘက်နှစ်ဘက်အားလုံး အဲ့လိုဥပဒေမျိုး လုပ်ရမယ်ဗျ။ လက်နက်က လူဆိုးတွေအတွက်ဗျ။ လူကောင်းတွေအတွက် မဟုတ်ဘူး။

**အာရ်အက်ဖ်အေ**။ ။ အဲ့ဒီတော့ ခုနက ဆရာပြောတဲ့စကားထဲမှာ တချက်ပြန်ထောက်လိုက်လို့ရှိရင် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့သဘောက လက်ရှိအုပ်ချုပ်နေတဲ့ အစိုးရဘက်ကနေ စတင်ကမ်းလှမ်းသင့်တယ်။ လုပ်သင့်တယ်ဆိုတဲ့ အဓိပ္ပယ်ပါလားခင်ဗျာ့။

**ဒဂုန်တာရာ**။ ။ ဥပဒေလုပ်နိုင်တဲ့အဖွဲ့အစည်းက လုပ်ရမှာပဲ၊ အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်ဥပဒေထဲမှာ ခုနကပြောတဲ့ ကျနော်တို့အရပ်စကားနဲ့ကတော့ သင်ပုန်းချေရေးပေ့ါ အဲ့သင်ပုန်းချေရေးကို လက်တွေ့ဥပဒေကြောင်းနဲ့ ဖြစ်သွားအောင်လုပ်ဖို့လိုတာပဲ။

> *"တော်လှန်မှုဆိုတာ*
> *လက်နက်ပါမှလို့*
> *တချို့ က ထင်တာ။*
> *မဟုတ်ဘူးဗျ*
> *ပြောင်းလဲတာကို ပြောတာ*
> *တော်လှန်နေတာ။ ကောင်းတဲ့*
> *ဘက်ကို ပြောင်းလဲတာ*
> *ဒါတော်လှန်ရေးပဲ"*

**အာရ်အက်ဖ်အေ**။ ။ ဆိုလိုတာက အခုဒီ အဲန်အယ်လ်ဒီဘက်ကတော့ရှင်းသွားပြီ။ သင်ပုန်းချေရေးနဲ့ ပြန်စကြပါစို့လို့ဆိုသာတောင်မှ အစိုးရဘက်က အကြောင်းမပြန်သေးဘူး။ သင်ပုန်းချေရေးဆိုတဲ့ သဘောတရားလေးကို ဒီထက်ပိုပြီးတော့ပေ့ါလေ သောတရှင်တွေ ပိုပြီးနားရှင်းသွားအောင် ပေ့ါလေ ဥပမာလေးများပေးလို့ရမလားခင်ဗျာ့။

**ဒဂုန်တာရာ**။ ။ အခု ကျနော်ကတော့ ကျနော့်စကားလုံးနဲ့ ကျနော်ပေ့ါဗျာ။ ကျနော့်ဘာသာစကားနဲ့ ကျနော်။ ကျနော့်ရဲ့အတွေ့အကြုံ၊ ဘဝရဲ့အတွေ့အကြုံ၊ သမိုင်းအတွေ့အကြုံကနေရတာ။ *ရန်သူမရှိ မိတ်ဆွေရှိ* ဆိုတာ ရန်သူမရှိ မိတ်ဆွေရှိတယ်ဆိုတာ သင်ပုန်းချေရေးက အလိုလိုအကျုံးဝင်သွားတာပေ့ါဗျာ။ *မုန်းသူမရှိ ချစ်သူသာရှိ* ဆိုတာလဲ အလိုလိုအကျုံးဝင်သွားတာပဲ။ အခု လူတွေ အသက်ကြီးကုန်ကျပြီဗျာ့။ နှစ်ဘက်စလုံး အသက်ကြီးကုန်ကျပြီ။ အသက်ကြီးထက် အတွေ့အကြုံလဲများလာပြီ။ ဒီတော့ ငြိမ်းချမ်းရေးက ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ သိအောင်လုပ်ရမှာဘဲ။ တချို့အသံလွှင့်ချက်တွေမှာ အမုန်းပွားတာတွေကို တတ်နိုင်သမျှရှောင်၊ အချစ်ဘက်ကိုဦးတည်တဲ့ ဖော်ပြချက်တွေနဲ့ မြန်မြန်ပြော၊ နိုင်ငံရေးဆိုတာ ညီညွတ်ရေးဘဲဗျာ့ နိုင်ငံရေးဆိုတာရန်သူကို မိတ်ဆွေဖြစ်အောင်လို့ဆိုတာ ဒါညီညွတ်ရေးပဲ၊ ဒါတွေဟာ တည်မြဲတဲ့ဟာတွေမဟုတ်ဘူးဗျာ့။ ရန်သူမိတ်ဆွေဆိုတာက ဒီနေ့ရန်သူ နောက်တနေ့ မိတ်ဆွေဖြစ်မှာပဲ ဒီနေ့မိတ်ဆွေ၊ နောက်တနေ့ ရန်သူဖြစ်ချင်လည်းဖြစ်မယ်။ ဒါဟာ ကမ္ဘာပေါ်မှာဖြစ်နေတာ နိုင်ငံရေးလုပ်တယ်ဆိုတာ ဒါကျနော်ရဲ့စကားလုံးပဲ ရန်သူကိုမိတ်ဆွေဖြစ်အောင်လုပ်ရေးပဲ။ ဒါပဲ အဲ့ဒါဆိုရင် တိုင်းပြည်ညီညွတ်မှာပဲ ပြည်သူတွေဟာ အင်မတန်သည်းခံတယ်၊ ခွင့်လွှတ်နိုင်တယ်။

**အာရ်အက်ဖ်အေ**။ ။အဲဒီတော့ ခုန ဆရာပြောတဲ့စကားမှာ ငြိမ်းချမ်းရေးနဲ့ သည်းခံခွင့်လွှတ်ရေးကတော့ ဒီအပိုင်းကတော့ ဒါဘာမှအငြင်းပွားစရာတော့ မရှိဘူးပေ့ါလေ။ ဒါပေမယ့်လို့ အသံလွှင့်သူတွေအနေနဲ့ အမုန်းပွားတာတွေကိုရှောင်ပြီး မေတ္တာပွားနိုင်တဲ့အရာကိုရှာပြီး၊ များများလွှင့်ပေးဖို့ဆိုတဲ့နေရာမှာ အမှန်တရားတွေကို ကျနော်တို့ မျက်ကွယ်ပြုသင့်တယ်ဆိုတဲ့သဘောလားဖြစ်ပျက်နေတဲ့သတင်းတွေကိုး။

**ဒဂုန်တာရာ**။ ။ အမှန်တရားကတော့ မျက်ကွယ်ပြုလို့မရဘူးဗျ။ သစ္စာတရားဆိုတာ ဒါ ဘုရားဟောလည်းရှိတာပဲ။ အမှန်တရားကတော့ အမှန်တရားပဲ ဒါဖျောက်လို့မရဘူး။ သို့သော်လည်း လုပ်တဲ့နေရာမှာတော့ မုန်းစိတ်ဒါပါပဲ။ မုန်းစိတ်နည်းအောင်လုပ် မုန်းစိတ်နည်းလာရင် တဖြည်းဖြည်းနဲ့ ချစ်စိတ်၊ မချစ်တောင် အလယ်လမ်းပေ့ါဗျာ။ မုန်းလည်းမမုန်း၊ ချစ်လဲမချစ် အဲဒါကနေ တခါတက်ပြီးတော့ ချစ်စိတ်ဝင်လာပြီဆိုရင်တော့ တိုင်းပြည်ကောင်းပြီဗျာ ငြိမ်းချမ်းသွားပြီ။ ကျနော်ဟိုတုန်းထဲက သုံးလာတဲ့ပုံပေ့ါဗျာ အခု မကြာဘူးအနှစ်နှစ်ဆယ်အတွင်းမှာ အဆင့်ဆင့်တော်လှန်ပြောင်းလဲခြင်းဆိုတာ ဒါ အင်္ဂလိပ်စာလုံးက ယူထားတာဗျ။ အင်္ဂလိပ်စာလုံးက evolutionary revolution ဟိုတုန်းက တော်လှန်မှုဆိုတာ လက်နက်ပါမှလို့ တချို့ကထင်တာ။ မဟုတ်ဘူးဗျ ပြောင်းလဲတာကို ပြောတာ တော်လှန်နေတာ။ ကောင်းတဲ့ဘက်ကို ပြောင်းလဲတာ ဒါတော်လှန်ရေးပဲ။ ခုနလက်နက်တို့ ဒီမိုကရေစီနည်းတို့ ဘာတို့ဆိုတာကတော့ နည်းလမ်းတွေ အဲဒါတွေဟာ။ ဒါနည်းလမ်းကတော့ ပြည်သူတွေရဲ့ အဖွဲ့အစည်းပေ့ါဗျာ။ အဖွဲ့စည်းတွေရဲ့ အခြေအနေအလိုက် ဒါရှိမှာပဲ။

**အာရ်အက်ဖ်အေ**။ ။ ဆရာ့စကားနဲ့ ဆိုရင်ဟုတ်လား evolutionary revolution အဆင့်ဆင့်ပြောင်းလဲမှု တော်လှန်ရေးဆိုတော့ အဲ့ဒီအဆင့်ဆင့်ပြောင်းလဲရေး တော်လှန်ရေးစီကို သာမန်အရပ်သူအရပ်သားတွေ နားလည်သွားအောင် ဆရာဒီထက်ပိုပြီး ဘာများရှင်းပြချင်သေးလဲခင်ဗျာ။

**ဒဂုန်တာရာ**။ ။ ဒီလိုလေ ချက်ချင်းကိုယ်ပန်းတိုင်ကိုတော့ ချက်ချင်းတော့ရောက်ချင်မှရောက်မယ်။ ကိုယ်မှန်းတဲ့အတိုင်းပေ့ါဗျာ။ သို့သော်လည်း ငြိမ်းချမ်းတဲ့နည်းကို များများသုံးလို့ရှိရင် တဖက်ကလည်းမုန်းစိတ်တွေလျော့သွားမယ်။ မငြိမ်းချမ်းတဲ့နည်းတွေလည်း လျော့သွားမယ်။ ဒါကျနော့် အတွေ့အကြုံဗျ။ နောက် နိုင်ငံရေးလုပ်တာ တချို့ အာဏာရရေးလို့ထင်နေတယ်။ မဟုတ်ဘူးဗျ။ အာဏာရရေး တခုတည်းမဟုတ်ဘူး။ မိတ်ဆွေဖြစ်အောင် လုပ်ရမယ်။ မိတ်ဆွေဖြစ်ရင် အာဏာကို ကောင်းကောင်းသုံးနိုင်တယ်ဗျာ။ ပြည်သူတွေကောင်းကျိုးအတွက် ကောင်းကောင်းသုံးနိုင်တာပဲဗျ။ အဲ့ဒီနည်းလမ်းကို ရှာရမှာပဲ။

**အာရ်အက်ဖ်အေ**။ ။ အခုဒါဆိုလို့ရှိရင် လက်တွေ့အခြေအနေနဲ့ ပြန်ကြည့်တဲ့အခါကျတော့ ကျနော်တို့ အခုမြန်မာ့နိုင်ငံရေး ရှေ့မတိုးနောက်မဆုတ် နိုင်ဖြစ်ပြီးတော့ NLDနဲ့ ကျနော်တို့ ဒီစစ်အစိုးရကြားမှာ ဖြစ်နေတဲ့အဲ့ဒီကိစ္စမှာ ဘာများစပြီး ပထမဆုံးဖြစ်သင့်တယ်လို့ ဆရာယူဆလဲခင်ဗျ။

**ဒဂုန်တာရာ**။ ။ အဖွဲ့အစည်းအတွေ့အကြုံအရပြောရရင်တော့ တပ်ပေါင်းစုကြီးဖွဲ့စေချင်တယ်ဗျာ အားလုံးပါတာနော်။ အတိုက်အခံမရှိဘူး အဲဒီထဲမှာ ကျနော်တို့ဖက်ဆစ်တော်လှန်ရေးလုပ်ခဲ့တဲ့ အချိန်တုန်းကဟာကို သွားသတိရတယ်။ အားလုံးညီညွတ်ကြတယ်ဗျ။ နောက်ကျမှ ကွဲသွားတာ။

**အာရ်အက်ဖ်အေ**။ ။ တခုသတိထားမိတာပေ့ါလေ အဲဒါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တိုင်းရင်းသားတွေနဲ့ တခြားအတိုက်အခံတွေနဲ့ အားလုံးညီညွတ်ရေးရဖို့ဆိုတာ မခဲယဉ်းပေမဲ့လို့ အခုလည်း ညီညွတ်ရေးရနေတဲ့ သဘောပါပဲ။ အားလုံး ဒေါ်အောင်ဆန်းစုကြည်လည်း လက်ခံတယ်။ အမျိုးသားဒီမိုကရေစီလည်း ထောက်ခံကြတယ်။ ပြည်တွင်း ပြည်ပက နေ။ သို့သော် တာဝန်ရှိတဲ့ အုပ်ချုပ်နေတဲ့ အစိုးရဘက်က အဲ့ဒီ ညီညွတ်ရေးကို သူ့အနေနဲ့ လက်ခံဖို့ တော်တော်ခက်နေမယ်ဆိုရင် အခုတောင် ဘာမှ စကားလည်းမပြန်



> *နိုင်ငံရေးလုပ်တာ တချို့က*
> *အာဏာရရေးလို့ ထင်နေတယ်။*
> *မဟုတ်ဘူးဗျ။*
> *အာဏာရရေး တခုတည်းမဟုတ်ဘူး ။*

ဘာညာနဲ့ဆိုရင် ဘယ်လိုပုံစံမျိုးနဲ့များ ဆက်ပြီးတော့ ပိုပြီးတော့အဆင်ပြေအောင် လုပ်သင့်ကိုင်သင့်ပါသလဲခင်ဗျာ့။

**ဒဂုန်တာရာ**။ ။ ကျနော်ကလည်း သူတို့နဲ့မဆက်သွယ်ဖူးဘူး။ ကျနော့်လည်း သူတို့က ဆက်သွယ်တာမဟုတ်ဘူးနော်။ ဒါ လုပ်ကြည့်မှ သိမှာဗျ။ နည်းလမ်းကတော့ အဲဒါကတော့ နည်းလမ်းအမျိုးမျိုးတွေရှိမှာပဲ။ အခုချိန်က ညီညွတ်ရေးတွေလုပ်ရမယ်ဒါပဲ။ အရေးကြီးဆုံးပဲ။ ချက်ချင်းတိုးတက်လာမယ်။

**အာရ်အက်ဖ်အေ**။ ။ အဲဒီညီညွတ်ရေးနဲ့ပတ်သက်တဲ့ ဆရာရဲ့အယူအဆကိုစာတမ်းတစောင်ပုံစံမျိုးနဲ့ သို့မဟုတ်လည်း ကမ်းလှမ်းချက်တ စောင်ပုံစံမျိုးနဲ့စာအနေနဲ့ ရိုက်နှိပ်ပြီးတော့မှ ဒီသက်ဆိုင်ရာအဖွဲ့အစည်းတွေကိုက လှမ်းကြည့်လိုက်မယ်ဆိုရင် ဒီ့ထက်များ ပိုပြီးထောက်ခံမဲ့သူတွေဘာတွေ တခြားစာရေးဆရာ အဖွဲ့စည်းတွေများ ပိုလာနိုင်မလားဆရာ။

**ဒဂုန်တာရာ**။ ။ အဲ့ဒီအခွင့်က ကျနော်လည်းရဦးမှကို။ ဒီအခွင့်ရေး ကျနော့်မှာမရှိဘူး အခု မီဒီယာတွေကပြောလို့သာ အခု ကျနော်က ပြောနိုင်ခွင့်ရှိတာကိုး။ တချို့လည်း သဘောပေါက်ပုံမရဘူး။ ရန်သူရှိတာပဲ ကျနော်ပြောတာပဲ။ သူတို့ရှိတာ မတက်နိုင်ဘူး။ ကိုယ်က ရန်မလုပ်ဘူး။ ရန်မလုပ်ရင် ရန်ကတဖြည်းဖြည်းနဲ့ ပြိုပြိုသွားပြီးတော့ နည်းသွားမယ်။ အဲဒီလို ယေဘူယျပဲ ကျနော်ပြောနိုင်တာပေ့ါ။

**အာရ်အက်ဖ်အေ**။ ။ မာန်တက်တာတွေ ကျသွားအောင် ခုနပြောတဲ့ အဲဒီမေတ္တာစိတ်တွေပွားလာအောင်။ အားလုံးညီညွတ်ရေးလမ်းကြောင်းတွေ ပေါ်လာအောင် နောက်ဆုံးပိတ်အနေနဲ့ပေ့ါလေ ဒီတိုင်းပြည်က ဆရာတာရာအနေနဲ့ ဘာများစကားလက်ဆောင်ပါးချင်ပါသေးလဲခင်ဗျာ။

**ဒဂုန်တာရာ**။ ။ အဲကျနော် ပြောနေကြအတိုင်းပေ့ါဗျာ .... ကျနော်အဆင့်ကတော့ လွတ်လပ်ရေး၊ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပါယ်က တန်းတူအခွင့်အရေးရှိတဲ့ လွတ်လပ်ရေး အဲ့ဒီလွတ်လပ်ရေးရှိရင် ဒါ ညီညွတ်ရေးကိုနီးစပ်တာပဲ မညီညွတ်ဘူးဆိုတာက တန်းတူအခွင့်ရေးမရှိလို့ သူကတော့ ပိုလွတ်လပ်တယ်။ ကိုယ်ကတော့ လွတ်လပ်ရေးမရှိဘူး။ သူကတော့ ပိုအခွင့်အရေးရှိတယ်။ ကိုယ်ကတော့ ပိုအခွင့်ရေးနည်းနေတယ်။ အဲဒါတွေ မညီမညွတ်ဖြစ်တဲ့အတွက် ဒါ ညီညွတ်ရေးက ပျက်ပြားတယ် သို့မဟုတ် ညီညွတ်ရေးအားနည်းတာကိုဗျ။ ကဲညီညွတ်ရေးအားကောင်းနေပြီ ဒို့အတူဝိုင်းပြီး တိုင်းပြည်အတွက် လုပ်ကြမယ်ဆိုတဲ့စိတ် လေးလေးနက်နက်အပြင်းအထန် အခိုင်အမာရှိခဲ့ရင် ငြိမ်းချမ်းရေးရကိုရရမယ်။ ငြိမ်းချမ်းရေးရရင် ကျနော်တို့ရဲ့ လူသားစွမ်းအားပေ့ါ။ ကျနော်တို့အားလုံးအဘက်ဘက်က အမျိုးသားစွမ်းအား နိုင်ငံရေးစွမ်းအားတွေ အကုန်သုံးလိုက်ရင် တိုင်းပြည် ကျနော်ထင်တယ် မကြာဘူး တိုးတက်ရမယ်။

❖

# အဲန်ဂျီအိုဆိုတဲ့ ... မျက်လှည့်ပွဲကြီး

**ဦးမင်းဖြိုး**

***အစိုးရမဟုတ်သော အဖွဲ့အစည်း***ဟု NGO ကို ထိုသို့ ပြန်ဆိုထားသည်။ အစိုးရမဟုတ်ဆိုသောကြောင့် အစိုးရမှသာ လုပ်ခွင့်ရှိသောအလုပ်များကို သူလုပ်ပိုင်ခွင့်မရှိ။ လူမှုရေးသက်သက်များကိုသာ လုပ်ခွင့်ရှိသွားသည်။ ပင်ရင်းအခြေခံအရမူ ငွေကြေးထောက်ပံ့ကူညီခြင်း ဖြစ်လေသည်။

လိုအပ်နေသူ၊ ဒုက္ခရောက်နေသူ၊ ခိုကိုးရာမဲ့နေသူများကို ကူညီခြင်းဖြစ်သောကြောင့် မွန်မြတ်သောစေတနာ မွန်မြတ်သောလုပ်ရပ်ဟု အသိအမှတ်ပြုရမည်သာဖြစ်သည်။ ကျေးဇူးတင်ထိုက်သောစေတနာနှင့် လုပ်ရပ်များဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။ မေတ္တာလည်းထားပါသည်။

သို့သော် ပါးစပ်မှကျေးဇူးတင်နေရုံနှင့်မလုံလောက် ကျေးဇူးတရားသိတတ်သောသူအနေဖြင့် အတုံ့အလှည့်တခုခု လုပ်ပေးသင့်သည်။ မိမိက လိုချင်သူ့ဆီမှ ယူနေရသည်ဖြစ်သောကြောင့် ငွေကြေးအတုံ့အလှည့်မှုမဖြစ်နိုင်၊ လုပ်ရပ်အတုန်အလှည့် အခြေအနေတိုးတက်ပြောင်းလဲမှု အတုန့်အလှည့်သဘောထားပြောင်းလဲမှု အတုန့်အလှည့်များဖြင့်သာ ကျေးဇူးပြန်ဆပ်နိုင်သည်။ ဆိုလိုသည်မှာ အခက်အခဲဖြစ်သောကြောင့် သူ့ဘက်မှ မိမိထံသို့ ကူညီလာရခြင်းဖြစ်ရာ အခက်အခဲကို မိမိက မြန်မြန်ပြေလည်အောင်ဖြေရှင်းခြင်းဖြင့် NGO များကို ပြန်လည်ကျေးဇူးဆပ်နိုင်သည်။ NGO ကကူညီသောငွေဆိုသည်မှာ တသက်စာမှီခိုအားထားနေရမည့် လစာဝင်ငွေမဟုတ်ကြောင်း ကျနော်တို့ သတိပြုရပေမည်။ အခိုက်အတန့်မျှသာ NGO မှငွေများကိုအားထားသင့်သည်။ မှန်မှန်ကန်ကန် သစ္စာရှိရှိ သုံးကြရန်လည်းဖြစ်သည်။ အလွဲသုံးစားလုပ်မိက NGO ၏ ဖြူစင်မွန်မြတ်သောစေတနာကို စော်ကားရာရောက်ပြီး၊ NGO ငွေများသည် အဆိပ်များဖြစ်သွားသည်ဟု ဆိုနိုင်လေသည်။

NGO ဟူသည် ဒုက္ခသည်ဟု ရှိလာ၍ ဖြစ်လာရသည်။ ဒုက္ခသည်ဆိုသည် ရက်ရက်စက်စက်သတ်ဖြတ် လူ့ဘဝအခြေခံများပျောက်ကွယ်သွားအောင်အထိ စိတ်ထားယုတ်မာသော အုပ်စိုးသူရှိ၍ ဖြစ်လာရသည်။ စိတ်ထားယုတ်မာသော အုပ်စိုးသူမရှိက ဒုက္ခသည်ဟူသည်လည်းရှိတော့မည်မဟုတ်။ ဒုက္ခသည်မရှိက NGO တွင် တာဝန်ပေါ့သွားမည်။ NGO ၏ ငွေကြေးများ ဖွံ့ဖြိုးရေးဖက်တွင် လှည့်ပြောင်းအသုံးပြုသွားနိုင်မည်။

ဤနေရာမှစ၍ ကျနော်တို့ အကောင်းအဆိုးဆုံးဖြတ်၍ရသော အခြေခံတခုကို ဖော်ထုတ်ချိန်ဆ၍ ရနိုင်သွားပြီဟု ယူဆမိသည်။

တစ်။ ။ ကူညီသူ NGO တွင် မည်သည့် အပြစ်မျှမရှိ စေတနာစိတ်ထားကောင်းမွန်ခြင်း၊ လက်တွေ့အကောင်အထည်ဖော် ကူညီခြင်း၊ အပေးလမ်းတလမ်းတည်းသာရှိပြီး၊ ပြန်လည် ရယူလိုခြင်းဟူသော အပြန်လမ်းမရှိခြင်း၊ မေတ္တာထုံမွှမ်းထားသောကြောင့် အပြစ်အနာအဆာမရှိခြင်း၊ မှန်ကန်ပြည့်ဝသော မိတ်ဆွေအစစ်အမှန်သဘောဆောင်သောကြောင့် မည်သည့်နည်းနှင့်မျှ ရန်သူမဟုတ်၊ ရန်ငွေ့ရန်စွယ်၊ ရန်မြူရန်ခိုးတို့ လုံးဝကင်းပကင်းစင်နေခြင်း၊ ဘေးဒဏ်ရန်မာန်အန္တရာယ်အပေါင်းမှ အကာအကွယ်ပေးခြင်း၊ စသည့် အပြစ်တင်စရာမရှိ ပြစ်မျိုးမဲ့မထင်သူတော်စင်ဆန်ကာ မင်္ဂလာတရားများသာ ပြည့်ဝနေသည်။

နှစ်။ ။ ရက်စက်သတ်ဖြတ်ခြိမ်းခြောက် ဘဝရသအခြေခံများ လူ့မြေလူ့ကမ္ဘာမှ လွင့်စင်ကွယ်ပျောက်သွားသည်အထိ ပီပီပြင်ပြင် မျက်မြင်ဒိဌလက်တွေ့ကျကျ အကောင်အထည်ဖော် နေ့မအားညမနား ပြည့်ပြည့်ဝဝ ကြိုးပမ်းအားထုတ်နေသော စိတ်ထားယုတ်မာအုပ်စိုးသူများအတွင်းမူ မည်သည့်အကောင်းတကွက်မျှ ပြောစရာမရှိ။ သောင်းကျန်း အကုသိုလ် ငရဲခန်း ငရဲရွာ ငရဲပြည်သူ့ မြေသူ့ကမ္ဘာတွင်သူမနေ၊ ဘုရားတရား သံဃာ ရတနာသုံးပါးပွင့်လင်းရာ ကုသိုလ်ရှင်လူကောင်းတို့ ပြည်ရွာတွင် မတရားသဖြင့် အခွင့်မရှိ လာရောက်ရမ်းကားသော ငရဲသားများဟု (အနိမ့်ဆုံးအဆင့်အနေဖြင့်) နားလည်ရန်သာ ရှိတော့သည်။ တိုတိုရှင်းရှင်း ပွင့်ပွင့်လင်းလင်းပြောရလျှင် သူတို့သည် လူမဟုတ် ငရဲသားများသာဖြစ်ကြသည် ဆိုတာ တခွန်းတည်းဖြင့်စကားပြတ်သည်။

သုံး။ ။ ဒုက္ခသည်များအကြောင်း သူများရနေသည်များကို ဘာမျှမရသူ၊ သူများပိုင်ဆိုင်ခွင့်နှင့် ပိုင်ဆိုင်နေသည်များကို ဘာမျှမပိုင်ဆိုင်သူများဟု ဆိုရမည်။ ခိုကိုးရာမဲ့များ အမိမြေမှ မြေသားပထဝီအနေဖြင့်လည်းကောင်း။ ပြည်ပထွက်ပြေးတိမ်ရှောင် ဒုက္ခသည်များ (Refugees) နှလုံးသားအနေဖြင့်လည်းကောင်း၊ (ပြည်တွင်းထွက်ပြေးတိမ်ရှောင်ဒုက္ခသည်များ Internally Displaced Persons ) အမိရင်ခွင် အမိနှလုံးသားမှ ဝေးကွာစွာခွဲနေရသော ဆောက်တည်ရာမဲ့ဒုက္ခသည်လူသားများဟု ဖွင့်ဆို၍ရသည်။ လူသာရှိ၍ လူဟုဖြစ်စေသော ကျားကန်အထောက်အကူများ ပယ်ဖြုတ်ခံရသော တွယ်ရာမဲ့များဟု ဆို၍လည်းရသည်။ သို့သော် သူတို့တွင် ပြင်းထန်ခိုင်မာသော စိတ်ဓာတ်ရှိသည်။ သူတို့ဘက်၌ အမှန်တရားရှိသည်။ ဤအမှန်တရား၏လက်တံသည် ပစ္စုပ္ပန်ကာလ၌လည်း တစ်ကမ္ဘာလုံးကို နကရှိုင်းစွာထိုးဖောက်မွှေနှောက်စိမ့်ဝင် ပျံ့နှံ့ပြည့်ဝနေသည်။ ကွက်လပ်ဖြည့် အလစ်အဟာမရှိလည်း လွှမ်းခြုံထားသည်။ နောင်ခေတ်ကာလ အဆက်ဆက်အတွက်လည်း ကြောက်ရွံ့မသွား နောက်တွန့်မသွား လက်တံရှည်မြဲရှည်လျက် ရစ်ပတ်ဖွဲ့နှောင်နိုင်သည့် ရစ်ပတ်ဖွဲ့နှောင့်သွားမည့် စွမ်းအားရှိသည်။ ဤသို့ဆိုလိုက်သောကြောင့် မိခင်ပြည်ရင်းတွင် ကျန်ရစ်နေခဲ့ရသူများ၊ ပိုင်ဆိုင်နေသူများနှင့် ရန်ဘက်ရန်သူများဟု ဆိုလိုရင်းမဟုတ်။ ထိုသူတို့နှင့် တအူတုံဆင်းညီရင်းအကို မောင်ရင်းနှမ မိသားစုဝင်မိဘသားသမီးများ ဦးလေး၊ ဦးကြီး၊ ဒေါ်လေး ဒေါ်ကြီး တူ၊ တူမများဟု သဘောထားသည်။ သူတို့ကံနှင့် ကိုယ့်ကံမတူကြ၍ဟုသာ နားလည်ထားသည်။

အမှန်တကယ် နကရှိုင်းစွာတွေးခေါ်ချိန်ဆပြောရလျှင် ၂၁ရာစု နောက်ပိုင်း အနာဂတ်ကမ္ဘာ၏ သစ္စာတရားသည်။ ဒုက္ခသည်များ၏ ပကတိဘဝနှင့် ဒုက္ခသည်များမှ ဖူးပွင့်လာသော အမှန်တရားအသစ်သစ်များ၌ ရှိနေသည်ဟု ပြောနိုင်သည်။ ဒုက္ခသည်များဆိုရာ၌ အမျိုးအစားနှစ်မျိုးရှိသည်။ ပင်ရင်းသတ်သတ်ဒုက္ခသည်များနှင့် ပင်ရင်းသတ်သတ်တွင်မှ ပညာဆိုသော အာနိသင်တစ်ခုထပ် ဆောင်းထားသည့် ပညာအတော်အသင့်တတ် ဒုက္ခသည်များဟု ဖြစ်သည်။ သူတို့နှစ်မျိုးနှစ်စားသည် အမွှာပူးများဖြစ်သည်ဟု ဆိုနိုင်သည်။ ပင်ရင်းသတ်သတ်ဒုက္ခသည်များက အရေအတွက်များပြားသည်။ ပညာအတော်အသင့် ထပ်ဆောင်းထားသောဒုက္ခသည်များက လူနည်းစုဖြစ်သည်။ သို့သော်လူများစု လူနည်းစု ဘဝတူများ ဖြစ်ကြသည်။ လူများစုက အခက်အခဲဒုက္ခများကို လူနည်းစုထက်ပို၍ ရင်နှင့်ရင်း၍ ပို၍သိသည်။ လူနည်းစုက အဖြေထုတ်ပေးနိုင်သည်။ တစ်ဦးမရှိကတစ်ဦးမဖြစ် အနေအထားမျိုးဖြစ်လေသည်။

> *အမှန်တကယ် နက်ရှိုင်းစွာတွေးခေါ်ချိန်ဆပြောရလျှင် ၂၁ရာစု နောက်ပိုင်း အနာဂတ်ကမ္ဘာ၏ သစ္စာတရားသည်။ ဒုက္ခသည်များ၏ ပကတိဘဝနှင့် ဒုက္ခသည်များမှဖူးပွင့် လာသော အမှန်တရားအသစ်သစ်များ၌ရှိနေသည်ဟု ပြောနိုင်သည်။ ဒုက္ခသည်များဆိုရာ၌ အမျိုးအစားနှစ်မျိုးရှိသည်။ ပင်ရင်းသတ်သတ်ဒုက္ခသည်များနှင့် ပင်ရင်းသတ်သတ်တွင်မှ ပညာဆိုသော အာနိသင် တစ်ခုထပ်ဆောင်းထားသည့် ပညာအတော် အသင့်တတ်ဒုက္ခသည်များဟု ဖြစ်သည်။ သူတို့နှစ်မျိုးနှစ်စားသည် အမွှာပူးများဖြစ်သည်ဟု ဆိုနိုင်သည်။ ပင်ရင်းသတ်သတ်ဒုက္ခ သည်များက အရေအတွက်များပြားသည်။ ပညာအတော်အသင့် ထပ်ဆောင်းထားသော ဒုက္ခသည်များက လူနည်းစုဖြစ်သည်။*

အနာဂတ်ကမ္ဘာ၏ သစ္စာတရားဟု ကျနော်အဘယ့်ကြောင့် ကြွေးကြော်လိုက်သနည်း။

ကမ္ဘာ့နိုင်ငံရေး၏ ဒုက္ခနှင့်အဖြေကို ဤကမ္ဘာတွင် ဒုက္ခသည်ထက်ပို၍သိနိုင်သူ မည်သူမျှမရှိနိုင်သောကြောင့် ဖြစ်သည်။

မြို့တွင်နေ မြို့အစာစားပြီး ပါးစပ်ကလေးသာစိုက်ထုတ်ရသော မြို့နေနိုင်ငံရေးသမားများသည် နိုင်ငံရေးကို ဒုက္ခသည်များလောက် ဘဝနှင့်ရင်းရင်နှင့်ရင်း၍ သိနိုင်ကောင်းသော အခြေအနေသူတို့၌မရှိ၊ သူတို့ကမြို့မှမခွာ တိုင်းပြည်မှမခွာနေကြသည်ကိုး။

သို့ဖြင့် ဒုက္ခသည်များသည် ကမ္ဘာတွင် အမြင့်ဆုံး၊ အကောင်းဆုံး၊ အမှန်ဆုံးလူသားများဖြစ်သွားကြသည်။ တစ်နည်းပြောရလျှင် သူတို့သည်စိတ်ဓာတ်နှင့် အမှန်တရားထိပ်ဆုံး၌ ရောက်နေကြသူများဟု ဆိုရမည်။ သို့သော် သူတို့သည် ရုပ်ဝတ္ထုခန္ဓာအား၌ နေ့စဉ်မှန်မှန်စားသုံးဖို့ပင် အလှမ်းမမီသူများဖြစ်နေကြသည်။ NGO များက ကူညီ၍သာ အသက်ဆကရှိလေးအသက်ရှင်ခွင့်ရနေကြခြင်းဖြစ်သည်။

စိတ်ထားယုတ်မာအုပ်စိုးသူများက (ယုတ်မာပြီဆိုသည့်နောက်) သူတို့၏ ယုတ်မာမှုကို တစ်စက်ကလေးမျှ လျှော့ပေးမည်မဟုတ်။ တိုး၍သာ လုပ်ဆောင်ချင်လုပ်ဆောင်မည်။ သူတို့ အလျှော့မပေးလေ၊ တိုးလုပ်လေ ဒုက္ခသည်ဦးရေများပြားလာလေ။ NGOမှ ပေးသောငွေကြေးများလည်း ပို၍ပို၍ သုံးလာရလေ။ NGOက မည်မျှကြာကြာ ထောက်ပံ့နေနိုင်မည်နည်း။ ဒုက္ခသည်များဘက်မှ အယူများသည်ထက်များလာပါက တစ်ချိန်တွင် NGOလည်း ငွေကြေးပြတ်လတ်သွားနိုင်သည်။ စိတ်ထားယုတ်မာအုပ်စိုးသူ၊ NGO၊ ဒုက္ခသည်၊ သုံးဦးသုံးဖလှယ် ဝိုင်းကြီးပတ်ပတ်ဒူဝေဝေဂျာအေးသူ့အမေရိုက်မပြီးနိုင် မဆုံးနိုင်သံသရာလည်နေကြတော့မည်လား။

ကမ္ဘာ ကမ္ဘာဟု မိမိကိုယ်မိမိ အမွှန်းတင်မည်သာ တင်နေသည်။ ကမ္ဘာဟူသည် စိမ့်ရေစမ်းရေမကုန်နိုင် မခမ်းနိုင်စိမ့်ထွက်နေသလို ဒုက္ခသည်များ အလျင်မပြတ်စိမ့်ထွက်နေသော ကမ္ဘာဖြစ်နေပါက ကမ္ဘာ့လူသားများရှက်ဖွယ်ဖြစ်သည်။

မည်သို့ဖြေရှင်းကြမည်နည်း။ ကမ္ဘာ့ခေါင်းဆောင်ကြီးများဟု နားထဲတွင်တိုးတိုးတိတ်တိတ်ကြားလာရသည်။

ကမ္ဘာ့ခေါင်းဆောင်ကြီးများ တာဝန်မကျေပွန်သောကြောင့် ဒုက္ခသည်စိမ့်ရေစမ်းရေမပြတ်နိုင်မခမ်းနိုင်ထွက်နေရသည်။ ကမ္ဘာ့ခေါင်းဆောင်ကြီးများ စိတ်ထားယုတ်မာအုပ်စိုးသူကို ယုတ်မာမှုရပ်တန့်သွားအောင်ပြုလုပ်နိုင်သော ပါးစပ်စွမ်းအားရှိသည်။ ပါးစပ်နှင့်ရပ်မသွားက သေချာပေါက်ရပ်သွားစေမည့် လက်စွမ်းအားလည်းရှိသည်။ သို့သော် ကမ္ဘာ့ခေါင်းဆောင်ကြီးများက မထိရောက်သော ပါးစပ်စွမ်းအားကိုသာ အသုံးပြုနေကြသည်။ လက်များသေနေကြသည်။ သူတို့ကို မည်သို့နားလည်ရမည်နည်း။

နာမည်ဘန်းပြ၍ မျက်လှည့်ပြနေသည်ဟု ကျနော်နားလည်သည် ။

စိတ်ထားယုတ်မာသော အုပ်စိုးသူလည်း ဆင်းမသွားသေး၊ ဒုက္ခသည် စိမ့်စမ်းအလျဉ်လည်း ရပ်မသွားသေး။ NGOလည်း ငွေကြေးကူညီမြဲကူညီနေဆဲ ဤအခြေအနေသုံးရပ်တွင် NGOက တကယ်လက်တွေ့အလုပ်လုပ်ပေးနေသူ၊ ကမ္ဘာ့ခေါင်းဆောင်ကြီးများက လေသာဖောချင်းသောချင်း အကုန်ခံနေသည်။ လက်တွေ့ဘာမျှမလုပ် ဘာထိရောက်မှုမျှ မရှိ။ NGOကြောင့်သာ ဒုက္ခသည်များ ရပ်တည်ခွင့်ရနေသည်။ သို့သော် ကမ္ဘာ့ခေါင်းဆောင်ကြီးများက တကမ္ဘာလုံးကိုပင် လူသူတို့ကြောင့် ရပ်တည်နေရသည်ဟု ကိုယ့်ကိုကိုယ် သတ်မှတ်ထားသည်။

NGO ပင်လျှင် သူတို့ကြောင့်ဖြစ်နေရသလိုလို။ ထိုကြောင့် ကမ္ဘာ့ခေါင်းဆောင်ကြီးများကို ကျနော်ဤသို့ စွပ်စွဲလိုက်ခြင်းသည်။

NGO ဆိုသည် မျက်လှည့်ပွဲကြီး ကျင်းပပြီး ယုတ်မာအစိုးရများနှင့် အမြီးစားဖက်ခေါင်းစားဖက် လက်ခံနေသော ပုဂ္ဂိုလ်ကြီးများဟု ....။

(ငြိမ်းဖြိုး)

# ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် ဖိလစ်ပိုင် သမတ တောင်းဆို



ဖိလစ်ပိုင်သမ္မတ Ms. Gloria Arroyo

ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် ဖိလစ်ပိုင်သမ္မတ Ms. Gloria Arroyo က ဖေဖော်ဝါရီလ (၂၁)ရက်နေ့က တောင်းဆိုလိုက်သည်။ နအဖ ဝန်ကြီးချုပ် ဒုဗိုလ်ချုပ်ကြီးစိုးဝင်း၏ (၂) ရက်ကြာ ဖိလစ်ပိုင်ခရီးစဉ်တွင် Ms. Arroyo က ယင်းသို့ တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

လုံခြုံရေးတင်းကြပ်စွာချထားသော တံခါးပိတ်ဆွေးနွေးပွဲတွင် နအဖ ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်နေကြောင်းပြောကြားခဲ့ပြီး၊ ဖိလစ်ပိုင်နိုင်ငံက မြန်မာ့ကျောက်မျက်ရတနာ၊ ကျွန်းသစ်နှင့် ပရိဘောဂပစ္စည်းများဝယ်ယူရန် သဘောတူညီခံကြသည်ဟု သတင်းများကဆိုသည်။

ဖိလစ်ပိုင်နိုင်ငံသည် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် နအဖထံ အစဉ်တစိုက်တောင်းဆိုနေခဲ့ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ရေးထောက်ခံနေခဲ့သော်လည်း မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံသွားရန်မူဝါဒထားရှိသော အာဆီယံနိုင်ငံဖြစ်သည်။

သို့သော် အထက်လွှတ်တော်အမတ် အကွီလီနိုပီမင်ပီတယ် Aquilino Pimenpetal က ဖေဖေါ်ဝါရီလ (၁၁)ရက်နေ့တွင် "အာဆီယမ်သဘာပတိအဖြစ် မြန်မာနိုင်ငံသည် သင့်တော်ပါရဲ့လား " ဆိုသော ခေါင်းစဉ်ဖြင့် လွှတ်တော်ကို အစီရင်ခံရာတွင် အာဆီယမ်အဖွဲ့အနေနဲ့ မြန်မာနိုင်ငံကို ဒီမိုကရေစီသို့ ဦးတည်သော အပြောင်းအလွဲများကိုစောင့်မျှော်နေခဲ့သော်လည်း စစ်အစိုးရအဖွဲ့အတွင်း အာဏာလုပွဲများကိုသာ တွေ့ခဲ့ရကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ အထက်လွှတ်တော်မှာလည်း မြန်မာ အပေါ်ထားရှိသောမူဝါဒနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ရန်အချိန်ရောက်ပြီဖြစ်ကြောင်း တင်ပြသွားခဲ့သည်။

မြန်မာနိုင်ငံသည် (၂၀၀၆) ခုနှစ်တွင် အာဆီယံ အလှည့်ကျသဘာပတိအဖြစ်မဆောင်ရွက်ရမည်ဖြစ်ပြီး၊ ၂၀၀၆ ခုနှစ်မတိုင်မီ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ မြင်လိုကြောင်း အာဆီယံနိုင်ငံများက တောင်းဆိုထားသည်။

❖

# ကမ္ဘာပေါ်တွင် အကျင်အပျက်ဆုံးနအဖကို ပိုမိုဖိအားပေးရန် ဩစတေးလျ အတိုက်အခံလေဘာပါတီအမတ်က တောင်းဆို




အတိုက်အခံလေဘာပါတီ နိုင်ငံခြားရေး ဌာန ပြောခွင့်ရသူ Kevin Rudd

ဩစတေးလျနိုင်ငံအပါအဝင် ဒေသတွင်း ဒီမိုကရေစီအစိုးရများအနေဖြင့် အာဏာကို ချုပ်ကိုင်ထားသောအကျင့်ပျက်နအဖကို မလိုလားကြောင်းဆက်လက်ပြသသင့်ပြီး၊ စစ်အရာရှိများကို အထိနာစေမည့် အရေးယူမှုနည်းလမ်းများကို ရှာဖွေသင့်ကြောင်း ဩစတေးလျအတိုက်အခံလေဘာပါတီ နိုင်ငံခြားရေးဌာနပြောခွင့်ရသူ Kevin Rudd က ဖေဖော်ဝါရီ (၁၄)ရက်နေ့တွင် ဩစတေးလျ လွှတ်တော်၌ ပြောဆိုလိုက်သည်။

Mr. Kevin Rudd က နအဖသည် ကမ္ဘာပေါ်တွင် အဖိနှိပ်ဆုံး၊ အကျင့်အပျက်ဆုံး၊ အုပ်ချုပ်မှုအညံ့ဖျင်းဆုံးဖြစ်ပြီး၊ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ခြင်းသည် ထိရောက်မှုမရှိဟူသော ဩစတေးလျအစိုးရ၏သဘောထားကို ဝေဖန်လိုက်သည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားခြင်းနှင့်ပတ်သက်၍ ဩစတေးလျအစိုးရအနေဖြင့် ယမန်နှစ်အာဆီယံထိပ်သီးအစည်းအဝေးတွင် စိုးရိမ်းကြောင်းပြောဆိုရန် ပျက်ကွက်သည်အပေါ် ဩစတေးလျဝန်ကြီးချုပ် John Howard ကို အပြစ်တင်လိုက်သည်။

Mr. Kevin Rudd ၏ အဆိုပါဝေဖန်ချက်နှင့်ပတ်သက်၍ အာဏာရ လစ်ဘရယ်ပါတီအမတ် Mr. Cadman က ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးရန် ထပ်ခါလဲလဲ တောင်းဆိုခဲ့ပြီးဖြစ်ကြောင်း၊ ကုလသမဂ္ဂရဲ့ ပူးပေါင်းမှုနှင့် ပိုမိုကျယ်ပြန့်သော ပိတ်ဆို့မှုများမရှိမချင်း ထိရောက်မှုအနည်းငယ်သာရှိမည်ဖြစ်ပြီး၊ စစ်အစိုးရအနေဖြင့် ပြောင်းလဲလာအောင် ပြုလုပ်နိုင်သောအင်အားတွေရှိဖို့လိုအပ်ကြောင်း ချေပပြောဆိုခဲ့သည်။

❖

# အိုင်အယ်လ်အို (ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်) ကိုယ်စားလှယ်အဖွဲ့ စီစဉ်ထားသည်ထက် ရက်စော၍ မြန်မာနိုင်ငံက ထွက်ခွာ

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေခိုင်းမှုများ ပပျောက်အောင် ဆောက်ရွက်နေခြင်းရှိ၊ မရှိ အခြေအနေနှင့်ပက်သက်၍ (၄) ရက်ကြာ စစ်ဆေးမှုများပြုလုပ်ရန် မူလကရှယ်ရည်ခဲ့သော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ခွင့်မရသဖြင့် အိုင်အယ်လ်အို (ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်) ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ (၂၃)နေ့တွင် (၂) စော၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားပြီးဖြစ်သည်။



ကားလမ်းဖောက်လုပ်ရာတွင် အဓမ္မလုပ်အားပေးခိုင်းစေခြင်းခံရသော ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ် ကွမ်ဘီရွာမှရွာသားများ

ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပက်သက်၍ အိုင်အယ်လ်အို ဂျီနီဗာရုံးကြေညာချက်ထုတ်ပြန်ရာတွင် ....

နအဖ ထိပ်တန်းခေါင်းဆောင်နှစ်ဦးဖြစ်သော ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သို့မဟုတ် ဒုတိယဗိုလ်ချုပ်ကြီး မောင်အေးတို့နှင့် တွေ့ဆုံရန် ယခင် ကတိကဝတ်ရထားသော်လည်း အမျိုးသားညီလာခံကျင်းပနေသည်ဟူသော အကြောင်းပြချက်ဖြင့် နအဖဝန်ကြီးချုပ် ဒု–ဗိုလ်ချုပ်ကြီး စိုးဝင်း၊ အလုပ်သမားဝန်ကြီး ဦးသောင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းတို့နှင့်သာ တွေ့ဆုံခွင့်ရခဲ့သဖြင့် ယခုကဲ့သို့ ရက်စော၍ မြန်မာနိုင်ငံကထွက်ခွာသွားရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အိုင်အယ်လ်အိုကိုယ်စားလှယ်အဖွဲ့၏ အလုပ်သမား အလုပ်သမားစံချိန်စံညွှန်းရေးရာ အမှုဆောင်ညွှန်ကြားရေးမှူးက "အိုင်အယ်လ်အိုအနေနဲ့ ရာထူးမှဖယ်ရှားခံရသူ ဝန်ကြီးချုပ်ဟောင်းနှင့် အလုပ်သမားဝန်ကြီးတို့နှင့် အရင်ကလုပ်ကိုင်နေခဲ့တာပါ။ မြန်မာစစ်အုပ်စုအနေဖြင့် အိုင်အယ်လ်အိုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိမရှိ သဘောထားကို အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့ချုပ်က တိတိကျကျသိချင်နေတာပါ။ ဒါကို အဆုံးအဖြတ်ပေးနိုင်တဲ့သူဆိုတာ စစ်တပ်ထဲမှာရော အစိုးရထဲမှာပါ အာဏာအရှိဆုံးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဒါမှမဟုတ် ဒု–ဗိုလ်ချုပ်မှူးကြီး မောင်အေးဖြစ်ရမယ်ဆိုတာ စစ်အစိုးလည်းသိပါတယ်။ လက်ရှိဝန်ကြီးချုပ်ဟာ အသစ်ဖြစ်ပြီး တပ်ထဲမှာလည်း ဘာဩဇာမှရှိတာမဟုတ်ပါဘူး" ဟု ဘီဘီစီနှင့် မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။

ထိုပြင် လုပ်အားပေးခိုင်းစေလျှင် အရေးယူမည်ဆိုသော (၁/၉၉) ကို စစ်တပ်က သိရှိအောင် ဆောင်ရွက်ရန်၊ အိုင်အယ်လ်အိုနှင့် ပူပေါင်းဆောင်ရွက်ရန် အဆင်မြင့်အရာရှိတစ်ဦး ခန့်အပ်ရန်။ ရန်ကုန်အိုင်အယ်လ်အိုရုံးခွဲတာဝန်ခံကို ယခုထက် ပိုမိုလှုပ်ရှားခွင့်ပြုရန်။ လုပ်အားပေးခိုင်းစေမှုများနှင့် ပတ်သက်၍ အိုင်အယ်လ်အိုထံ အကူအညီတောင်းသဖြင့် အဖမ်းခံရသူများကို ပြန်လွှတ်ပေးရန် နအဖထံတောင်းဆိုထားသည်။

ကိုယ်စားလှယ်အဖွဲ့၏ ယခုခရီးစဉ်တွင် တွေ့ရှိချက်များကို ရှေ့လတွင်ကျင်းပမည့် အိုင်အယ်လ်အိုညီလာခံတွင် အစီရင်ခံမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဆက်လုပ်သင့်မလုပ်သင့်ကို အစီရင်ခံစား အပေါ်မူတည်ဆုံးဖြတ်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးစေခိုင်းမှုများမရှိပါဟု ၁၉၉၉တွင် နအဖက တရားဝင်ကြေညာသော်လည်း နိုင်ငံတဝှမ်းတွင် အာဏာပိုင်များက အဓမ္မလုပ်အားပေးခိုင်းစေခြင်းနှင့်ပတ်သက်၍ တကြိမ်သာအရေးယူခဲ့သည်။

နအဖသည် (၂၀၀၂)တွင် မြန်မာနိုင်ငံ၌ အိုင်အယ်လ်အိုဆက်သွယ်ရေးရုံးခွဲကို ဖွင့်လှစ်ခွင့်ပြုခဲ့သော်လည်း အိုင်အယ်လ်အိုထံ စားရေးအကူအညီတောင်းခံခဲ့သူများမူကို ဖမ်းဆီး ထောင်ချနေခဲ့သည်။

❖

# မြန်မာ့အရေးကြိုးပမ်းဆောင်ရွက်ရန် အာဆီယံပါလီမန်အမတ်များအဖွဲ့ မတ်လတွင် မြန်မာပြည်သို့သွားမည်

အရှေ့တောင်အာရှနိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော (AIPMC)အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို မတ်လအတွင်း မြန်မာပြည်သို့စေလွှတ်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံရန်စီစဉ်ထားကြောင်း သိရသည်။

ဖေဖေါ်ဝါရီလဆန်းပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် (AIPMC)အဖွဲ့၏ အစည်းအဝေးတရပ်ကျင်းပခဲ့ပြီး၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပေါ်ထွန်းရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်ရန် ပျက်ကွက်နေသော နအဖကို (၂၀၀၆)အာဆီယံ သဘာပတိအဖြစ် တာဝန်မပေးသင့်ကြောင်း၊ အာဆီယံအဖွဲ့အဖြစ်မှ မြန်မာနိုင်ငံကို ထုတ်ပယ်ထားသင့်ကြောင်း သဘောထားကြေညာချက် ထုတ်ပြန်ခဲ့သည်။

မြန်မာအရေး ကြိုးပမ်းရန်ရည်ရွယ်ဖွဲ့စည်းခဲ့သော အဆိုပါအဖွဲ့ကြီးက မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနသို့ မြန်မာနိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်နိုင်ရေးနှင့် ပတ်သက်၍ စာရေးအကြောင်းကြားမည်ဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ နအဖ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားအဖွဲ့များအကြား သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပေါ်ပေါက်လာအောင် နအဖကို တောင်းဆိုသွားမည်ဟု သိရသည်။




အရှေ့တောင်အာရှနိုင်ငံများမှ မြန်မာ့အရေးစိတ်ဝင်စားသူ လွှတ်တော်ကိုယ်စားလှယ်များ

အရှေ့တောင်အာရှနိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များ (AIPMC)အဖွဲ့တွင် မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံမှ လွှတ်တော် အမတ်များအပြင်၊ မြန်မာနိုင်ငံမှ (၁၉၉၀) ရွေးကောက်ပွဲတွင် ရွေးကောက်ခံရသော ပြည်ပရောက် မြန်မာလွှတ်တော်အမတ်များပါဝင်ပြီး၊ ယမန်နှစ် နိုဝင်ဘာလက မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင် အလွတ်သဘော စတင်ဖွဲ့စည်းခဲ့သည်။ ❖

(ဘာသာပြန်ဆောင်းပါး)

❖ *မူရင်းစာရေးသူအမည်– ပါမောက္ခ ကီရှိုးမာဘူဘာနီ*

❖ *မူရင်းစာစောင်– အရှေ့ဖျားစီး ပွားရေးရာစာစောင်၊ ဒီဇင်ဘာ ၂၀၀၄၊အတွဲ ၁၆၈၊ အမှတ် (၁)။*

❖ **{မူရင်းစာရေးသူနှင့် မူရင်းစာအုပ်အကြောင်းတစေ့တစောင်း....**

**လူထုဆက်ဆံရေးဌာန၊ လီကွမ်ယုတက္ကသိုလ်၏ ပါမောက္ခချုပ်တဦးဖြစ်။ စင်္ကာပူနိုင်ငံ ကုလသမဂ္ဂဆိုင်ရာသံအမတ်ဟောင်းတဦး။ ယခုဆောင်းပါးသည် အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာ့အခြားနိုင်ငံများကြား ယုံကြည်မှုပြန်လည်တည်ဆောက်ရေးဆိုသည့် အကြောင်းအရာအပေါ် အခြေပြုရေးသားသည့် အပြစ်မဲ့ခေတ်လွန်ဆိုသည့်စာအုပ်ထဲမှ ကောက်နှုတ်ချက်များကိုရွေးချယ်တင်ပြထားခြင်းဖြစ်ပါသည်။ ၂၀၀၅ခုနှစ်၊ မတ်လတွင် စာအုပ်ထွက်မည်ဖြစ်သည်။ ပုဂ္ဂလိကပိုင်းဆိုင်ရာ အမြင်ဖြစ်ပြီး စင်္ကာပူအစိုးရ၏အမြင်နှင့် သဘောထားမဟုတ်ကြောင်း ဖော်ပြထားခဲ့ပါသည်။ သို့သော် ကျနော်တို့အတွက် အသုံးတည့်နိုင်သည့်ဆောင်းပါးတပုဒ်အဖြစ်ယူဆသောကြောင့် ဘာသာပြန်တင်ဆက်လိုက်ခြင်းဖြစ်ပါသည်။}**

အမေရိကဆိုတာ ကမ္ဘာ့သမိုင်းဇာတ်ခုံပေါ်မှာ အင်မတန်မှ တန်ခိုးအာဏာပါဝါအမြင့်ဆုံးလို့ဆိုရမည့် ထိပ်တန်းနိုင်ငံကြီးပေါ့။ သူ့ရဲ့အတွေးအခေါ်တွေ၊ တန်ဖိုးထားမှုတွေနဲ့ စီမံခန့်ခွဲမှုစနစ်တွေနဲ့ ကမ္ဘာကြီးကို ချယ်လှယ်လွှမ်းမိုးလာနိုင်ခဲ့တာပေါ့။ အများစုနားလည်ထားပုံက သူဟာ စစ်အင်အားမသုံးပဲ ဒီလိုအဆင့် နေရာကိုရောက်အောင် ယူနိုင်ခဲ့နဲ့ ပူးကပ်သွားခဲ့ကြလို့ဖြစ်ပါတယ်။ ကျနော်တို့အားလုံး တလှေတည်းစီး၊ တခရီးတည်းသွားနေတဲ့ပုံစံ ဖြစ်လာပါတယ်။ ကမ္ဘာ့လှေကြီးပေါ်ကခရီးသွားတစုလို့ ပြောရမလိုပါပဲ။ စပေ့ရှစ်အတ်သ်ပေါ့ဗျာ။

ဒီရှင်းလင်းချက်ဟာ စိတ်ကူးယဉ်ဆန်မှုတခုလို့ပြောမရနိုင်သလို ကျနော်တို့ကမ္ဘာရဲ့ ပကတိလက်တွေ့အခြေအနေ ပုံဖော်ပြနေ ရောက်နိုင်မယ့် အဆုံးအဖြတ်တွေကိုပေးနိုင်မယ့် အဓိကအာဏာရှိသူတွေကလုပ်ရင်တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့်လည်း ဒီဆုံးဖြတ်ချက်တွေဟာ လှေတစီးလုံးပေါ်က အားလုံးကို အကျိုးဖြစ်စေမည့် ဆုံးဖြတ်ချက်တွေမဟုတ်ပဲ ဖြစ်နေပြန်ပါတယ်။ ဆုံးဖြတ်ချက်တွေရဲ့ ဦးစားပေးအကျိုးအမြတ်တွေကိုတော့ အင်အားကြီးမားတဲ့ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ကပ္ပတိန်နဲ့ ထားတာပါ။ နောက်ပြီး ကမ္ဘာ့ကြီးရဲ့ နေရာဒေသအစိတ်အပိုင်းအချို့၊ အထူးသဖြင့် အစ္စလာမ်တွေရဲ့ဒေသအချို့မှာ သူတို့အမေရိကန်အပေါ် အကောင်းမြင်မှုတွေနေရာမှာ မုန်းတီးမှုတွေ၊ ဒေါသအာဃာတတွေက ဝင်ရောက်လာပြီဆိုတာ သတိမထားမိခဲ့ပါဘူး။

### သရိုးကျဖြစ်မှု၏ အမှား

စစ်အေးတိုက်ပွဲပြီးဆုံးသွားတော့ အ ကို ဖော်ပြလိုက်တာလဲဖြစ်နေပါတယ်။ နိုင်ငံအားလုံးလောက်ကပဲအမေရိကဟော့လို့ဆိုရင် မော်ကြည့်နေရတဲ့ အနေအထားဖြစ်သွားပါပြီ။ နိုင်ငံရေးပိုင်းဆိုင်ရာမှာလည်း အကောင်းမြင်မှုတွေ သိမ်းယူထားနိုင်ခဲ့တာနဲ့အမျှ ကမ္ဘာကြီးအတွက် အလုပ်တွေကိုပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ခဲ့ရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ရမယ့်အစား နောက်ဆုတ်လက်ရှောင်ပြီး အထူးသဖြင့်စစ်

# နာလန်ထအောင်ကြိုးပမ်းနေရတဲ့ ... အမေရိက

## သံခိုင်းဖေ

တယ်လို့ ဆိုပါတယ်။ သမတဟောင်း ရေဂ်နယ်ရီဂင်ပြောတဲ့ စကားအလိုရကတော့ ***'အမေရိကဆိုရတာ တောင်ထိပ်ပေါ်က မြို့ပါ'***တဲ့။

ဒီလိုနဲ့ အမေရိကန်လူမျိုးတွေရဲ့ သဘာဝအသိက ၂၁ရာစုအတွက် အကဲဖြတ်ချက်လားရာကို အရိုးစင်းဆုံးပြောပြပုံက နဂိုပုံစံအတိုင်းရှိရင်းပဲ ဖြစ်ဖို့များတယ်ဆိုတာကိုပဲ လက်ခံထားကြပါတယ်။ ဒါဆိုရင် ဒီကိစ္စဟာ အမှားတခုလို့ ပြောရတော့မလိုပါပဲ။

အရိုးရှင်းဆုံးဥပမာတခုနဲ့ ဘာကြောင့် ဒီလိုဖြစ်တာလဲဆိုတာကို ရှင်းပြချင်ပါတယ်။ ဟိုးအတိတ်ကာလတုန်းကတော့၊ ယခု ဂလိုဘယ်လိုက်ဇေးရှင်းလို့ခေါ်ကြတဲ့ ကျနော်တို့တတွေအားလုံးကို စည်းနှောင်ပေးလိုက်တဲ့ ကမ္ဘာမှုဖြစ်စဉ်ကြီး မပေါ်ထွန်းသေးခင်တုန်းကဆိုရင် လူဆိုတဲ့ ကျနော်တို့အားလုံးဟာ ကိုယ့်လှေနဲ့ကိုယ် သွားလိုတဲ့ဦးတည်မှတ်ကို ရောက်အောင် ကြိုးစားကြရပါတယ်။ တခါတရံမှာတော့ ကျနော်တို့ အချို့သောဆုံမှတ်တွေမှာ တွေ့ဆုံချိတ်ဆက်မှုတွေ ရှိခဲ့ကြတာပေါ့။ ဒါပေမယ့် ကျနော်တို့သွားလိုတဲ့ ဦးတည်ချက်ပန်းတိုင်ကို လမ်းညွှန်တာကတော့ ကျနော်တို့ လှေပေါ်မှာရှိတဲ့ အတွင်းအားတွေကသာ ပုံဖော်ပြဋ္ဌာန်းကြတာဖြစ်ပါတယ်။ ပြင်ပသက်ရောက်မှုတွေကြောင့် မဟုတ်ပါဘူး။ ဒီကနေ့ ကမ္ဘာမှုဖြစ်စဉ်ကြီးရဲ့ အကျိုးရလဒ်အနေနဲ့ကတော့ ကျနော်တို့အားလုံးဟာ ကိုယ့်လှေနဲ့ကိုယ်လှော်ခတ်နေလို့ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို ရောက်နိုင်မယ့် အနေအထားမျိုး မဟုတ်တော့ပါဘူး။ ငါ့လှေ ငါထိုး ပဲခူးရောက်ရောက်ဆိုပြီး သွားလို့ရနိုင်မယ့်အခြေအနေ မဟုတ်တော့ဘူး။ ကျနော်တို့ လှော်ခတ်နေခဲ့ကြတဲ့ လှေတွေအားလုံးဟာ လှေတစီးအသွင် တာဖြစ်ပါတယ်။ သိသိသာသာပါပဲ။ ကမ္ဘာ့တဖက်ခြမ်းက အဖြစ်အပျက်တွေဟာ အခြားတဖက်ခြမ်းအပေါ်မှာလည်း သက်ရောက်မှုတွေ ရှိနေကြပါပြီ။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်က ထိုင်းနိုင်ငံ ဘန်ကောက်ကစခဲ့တဲ့ အာရှငွေကြေးအကြပ်အတည်း ပြဿနာဟာ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်ကိုရီးယား၊ ရုရှားနဲ့ ဘရာဇီးကမ်းခြေတွေကိုဖြတ်ပြီး အမေရိက ထိရောက်ရှိခဲ့တာပါ။ လတ်တလောဖြစ်ခဲ့တဲ့ တရုတ်ပြည်တောင်ပိုင်း ကျေးရွာငယ်လေးကစခဲ့တဲ့ ဆားစ်ဆိုတဲ့ ဗိုင်းရပ်စ်ရောဂါဟာ ဟောင်ကောင်ကို ရောက်ခဲ့ပါတယ်။ ဟောင်ကောင်ကတဆင့် ကမ္ဘာ့အစွန်းနှစ်ဘက်ကို တပြိုင်နက်တည်းဆိုသလို ပြန့်နှံ့ခဲ့တာပါပဲ။ စင်္ကာပူ၊ တိုရန်တိုထိပါ။ အမေရိကနိုင်ငံကြီးကတော့ ပါးပါးကလေးလွတ်မြောက်ခဲ့ပါတယ်။

ဒါပေမယ့်လည်း အမေရိကန်ကို စောင့်ကြည့်နေတဲ့ပရိသတ်တဦးအနေနဲ့ အကောင်းဆုံးဥပမာတခုကို ပြရရင်တော့ ၉–၁၁ ကိစ္စကိုပဲ ပြောပြချင်ပါသေးတယ်။ ဒီကိစ္စကြီးကို အလွန်ဝေးကွာလှတဲ့ အာဖဂန်နစ္စတန်လို့ခေါ်တဲ့ ကျေးရွာငယ်လေးမှာ စတင်ကြံစည်စိတ်ကူးခဲ့ပြီး နယူးယောက်က ဝါးတရိတ်စင်တာလို့ခေါ်တဲ့ ကမ္ဘာ့စီးပွားရေးစင်တာအဆောက်အဦးညီနောင်နှစ်ပါးကို ဖြိုချခဲ့တာဖြစ်ပါတယ်။ အမေရိကနဲ့ အာဖဂန်နစ္စတန်ဆိုတာတွေကလည်း တလှေတည်းစီးနေကြတာပါပဲ။

ဒီနေရာမှာ အခြေခံကျတဲ့ပြဿနာတခု ရှိပါတယ်။ လှေတိုင်းမှာ လိုရာခရီးကိုပေါက်ဖို့ ကပ္ပတိန်ရယ်၊ လှေထိုးသားရယ်ဆိုတာရှိပါတယ်။ ကျနော်တို့ လက်ရှိကမ္ဘာ့လှေကြီးပေါ်မှာတော့ မရှိသလိုဖြစ်နေပါတယ်။ ဒါပေမယ့် ဒီကိစ္စမှာတော့ လှေတစီးလုံးကိုသက် သူ့အပေါင်းပါတစုအတွက်သာ ဖြစ်နေလေတော့ ဒါဟာ အမေရိကန်ဆိုတဲ့ ကပ္ပတိန်ကြီးရဲ့ အကျိုးစီးပွားဖြစ်နေတော့တာပါပဲ။

ဒီလို အင်အားကြီးမားတဲ့ အာဏာရှိသူဟာ အခြားခရီးသွားဖော်တွေအပေါ်မှာ ထိခိုက်နစ်နာစေလိုပြီး ရည်ရွယ်လုပ်ဆောင်တာတော့ မဟုတ်ဘူး။ ဒါပေမယ့် သူတို့ရဲ့ ဆုံးဖြတ်ချက်တွေက ထွက်ပေါ်လာတဲ့ အကျိုးအမြတ်တွေဟာ ခရီးသွားဦးရေရဲ့ ငါးရာခိုင်နှုန်းထက်နည်းတဲ့ သူတွေအတွက်သာဖြစ်နေလေတော့ လှေပေါ်က အများစုကြီးဖြစ်တဲ့ ၉၅ ရာခိုင်နှုန်းသော အခြားခရီးသွားဖော်တွေအတွက်ကတော့ မကျေနပ်စရာဖြစ်နိုင်တာတော့ အမှန်ပါပဲ။

ဒါဟာ အမေရိကန်ပြည်ထောင်စုအပေါ် စုပုံလာစေတဲ့ မကျေနပ်ချက်တွေရဲ့ အကြောင်းအရာလို့ပြောရမှာပါ။ ဒါပေမယ့် ဒီမကျေနပ်မှုတွေကို ကာကွယ်တားဆီးဖို့ဆိုတာကလည်း မဖြစ်နိုင်ပါဘူး။ လွန်ခဲ့တဲ့နှစ်များမတိုင်ခင်ကကို ကမ္ဘာပေါ်မှာရှိတဲ့လူဦးရေ ခြောက်ဘီလီယံထဲမှာ အမေရိကအပေါ် အကောင်းမြင်တဲ့သူတွေ အများကြီးရှိခဲ့ပါတယ်။ ဒီလိုဖြစ်ဖို့ ရည်ရွယ်လုပ်ဆောင်ခဲ့တာမဟုတ်ပေမယ့်လည်း အမေရိကဟာ သူ့အပေါ်အကောင်းမြင်နိုင်တဲ့သူတွေကို ဖာသိဖာသာစုစည်းထားနိုင်ခဲ့ပါတယ်။ တကယ်တော့ အမေရိကန်လူမျိုးအများစုကိုယ်တိုင်တောင် ဒီလို သူတို့အပေါ် အကောင်းမြင်သူတွေအများအပြားရှိခဲ့တာကို သတိမထားမိပုံရပါတယ်။

ဝမ်းနည်းစရာကောင်းတာက လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကာလမှာ အခုလိုအခြားသူတွေရဲ့အမေရိကအပေါ် အကောင်းမြင်သဘောထားတွေ စတင်ပျောက်ဆုံးနေခဲ့တာကို အမေရိကန်ပြည်သူအများစုကြီးက သတိမ မေရိကဟာ သိသာတဲ့မဟာဗျူဟာအမှားတခုကိုလုပ်ဆောင်ခဲ့ပါတယ်။ သာမန်တိုင်းပြည်တပြည်လို ပုံဖော်ခဲ့ဆုံးဖြတ်လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့လုပ်ဆောင်မှုဟာ အခြားသာမန်တိုင်းပြည်တပြည်ကသာ လုပ်ဆောင်ခဲ့ရင် ဒါဟာအမှားတခုလို့ ပြောနိုင်စရာအကြောင်းမရှိပါဘူး။ ပြဿနာက ဒီလို၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ကျော်တလျှောက်လုံးမှာ အမေရိကဟာ သူ့ကိုယ်သူပုံဖော်ထားတာက အခြားဘယ်သူနဲ့မှမတူတဲ့ သမရိုးကျမဟုတ်တဲ့ တိုင်းပြည်တခုအဖြစ် အခြားသူတွေရဲ့အမြင်ကို ဖမ်းစားထားနိုင်အောင်ကြိုးစားနိုင်ခဲ့လို့ ဖြစ်ပါတယ်။

ဒီအပေါ်မှာလည်း အပြောရော အလုပ်နဲ့ပါ သက်သေပြခဲ့ပါတယ်။ တကယ်တန်းကျတော့ အမေရိကရဲ့ကမ္ဘာ့အမြင်အပေါ်ဘယ်ဟာကမှ တားမြစ်နိုင်ခဲ့တယ်ဆိုတာ မရှိပါဘူး။ အောက်ပါအတိုင်း သမတဂျွန်အက်ဖ်ကနေဒီရဲ့ ၁၉၆၂ခု မိန့်ခွန်းမှာ အတိအလင်းကြေညာခဲ့တာဖြစ်ပါတယ်။

နိုင်ငံတိုင်းကို သိစေချင်တယ်။ ကျနော်တို့အပေါ် အကောင်းမြင်ရော အဆိုးမြင်ပါရှိနိုင်ပါတယ်။ ဒီအတွက် ကျနော်တို့ ဘယ်အရာကိုမဆို ပေးဆပ်သွားမယ်။ ဝန်ထုပ်ဝန်ပိုးတွေကိုလည်းထမ်းမယ်။ ဒုက္ခအခက်အခဲတွေကိုလည်းကျော်ဖြတ်မယ်။ လွတ်လပ်မှုအတွက် ဘယ်မိတ်ဆွေမဆို ကျနော်တို့ကူညီမယ်ဗျာ။ ဘယ်ရန်သူမဆို ဆန့်ကျင်တိုက်ခိုက်မှာဖြစ်ပါတယ်။ ဒါဟာ လွတ်လပ်မှုရဲ့အောင်ပွဲခံမှုနဲ့ ရေရှည်လွတ်လပ်မှုအတွက် ဖြစ်ပါတယ်။

ဒါကြောင့်မို့ စစ်အေးခေတ်ကုန်ဆုံးခြင်းဟာ အမေရိကန်ရဲ့ ကမ္ဘာ့ဆက်ဆံရေးပုံစံပြောင်းလဲမှုထဲက အထင်ကရအဖြစ်အပျက်တခုဖြစ်ပါတယ်။ ဒါဟာ အမေရိကန်ရဲ့ စိတ်ပိုင်းဆိုင်ရာအပေါ်စီးရမှုရဲ့ အမြင့်ဆုံးအနေအထား အေးတိုက်ပွဲ ကာလတုန်းက ဝန်ထုပ်ဝန်ပိုးတွေကို လက်တွဲရင်ဆိုင်ခဲ့ကြတဲ့ နိုင်ငံတွေကိုတောင် ခဝါချအဆက်ဖြတ်လိုက်တဲ့ပုံပေါက်ခဲ့ပါတယ်။

အမေရိကဟာ အခြားသူတွေဒုက္ခရောက်ပါစေဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့လုပ်ဆောင်ခဲ့တာတော့မဟုတ်ဘူး။ ဒါပေမယ့် ဒီလိုလက်တွဲဖြုတ်ခဲ့တဲ့ဖြစ်စဉ်မှာ နိုင်ငံတော်တော်များများဟာ ရုတ်တရက်မထင်မှတ်ပဲ ပြဿနာတော်တော်များများနဲ့ နောက်ဆက်တွဲရင်ဆိုင်ကြရပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တော်တော်များများမှာ ဒီနိုင်ငံတွေဟာ အမေရိကနဲ့ဆက်ဆံရေးကို အတော်လေးဇောင်းပေးလုပ်ဆောင်ခဲ့ကြသူတွေဖြစ်ပါတယ်။ အမေရိကက လွတ်လွတ်လပ်လပ်ပုံဖော်လုပ်ဆောင်ခဲ့တဲ့ ကမ္ဘာ့မှုဖြစ်စဉ်ရဲ့ သက်ရောက်မှုတွေနောက်က အကျိုးဆက်ဖြစ်တဲ့ နိုင်ငံအချင်းချင်း အပြန်အလှန်မှီခိုရေးဆိုတဲ့အခြေအနေတွေ ကြီးမားလာမှုကြောင့် အချို့နိုင်ငံတွေဟာ အမေရိကနဲ့ ဆက်ဆံရေးကိုဇောင်းပေးလုပ် ခဲ့ကြတာဖြစ်ပါတယ်။

**ကမ္ဘာကိုပြောလိုက်တဲ့ အမေရိကရဲ့ အခြေခံအကျဆုံး စကားသံကတော့ ခင်ဗျားတို့ရဲ့စီးပွားရေးတွေကို ဖွင့်ထားပါ။ ကမ္ဘာကြီးနဲ့ဆက်ဆံပါ။ ခင်ဗျားတို့ ကြီးပွားတိုးတက်ပါလိမ့်မယ်လို့ ဖြစ်ပါတယ်။** နိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်တိုက်ဖြစ်ပေါ်နေတဲ့ ကမ္ဘာ့ဖြစ်စဉ်ကြီးက အာမခံနိုင်တယ်လို့ အမေရိကက ဆိုပါတယ်။ ဒါဟာအမေရိကနဲ့ သူ့ရဲ့မိတ်ဆွေနိုင်ငံတွေကြားမှာ ရေးမထားတဲ့ လူမှုရေးဆိုင်ရာ သဘောတူညီချက်ကွန်ဂရက်တခုလို ဖြစ်ခဲ့ပါတယ်။

နောက်လ ဆက်လက်ဖော်ပြပါမည်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးအား နေအိမ်အကျယ်ချုပ် သက်တမ်း (၁) နှစ်တိုး

၂၀၀၃ မေလ ဒီပဲယင်းအရေးအခင်း အပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်နှင့် အတူဖမ်းဆီးခြင်းခံခဲ့ရသော အဲန်အယ်လ်ဒီ ဒုဥက္ကဋ္ဌ ဦးတင်ဦးကို စစ်အုပ်စုက နေအိမ်အကျယ်ချုပ်သက်တမ်း (၁) နှစ်တိုးလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ (၁၃) နေ့က ဦးတင်ဦးနေအိမ်သို့ ရဲကားတစီးရောက်လာပြီး (၂၀၀၆) ဖေဖော်ဝါရီ (၁၃)နေ့အထိ ပုဒ်မ (၁၀/ခ)ဖြင့် ဆက်လက်ဖမ်းဆီးထားမည့်အကြောင်းအမိန့်စာ လာဖတ်ပြသွားကြောင်း မိသားစုဝင်များကိုကိုးကား၍ ဦးလွင်က ပြည်ပသတင်းဌာနများကို ပြောဆိုလိုက်သည်။

အသက်(၇၈)နှစ်ရှိပြီးဖြစ်သော ဦးတင်ဦးကို စစ်အုပ်စုက ယမန်နှစ် ဖေဖော်ဝါရီ (၁၃)ရက်နေ့မတိုင်ခင်အထိ ( ၁၀-က)ဖြင့် ကလေးအကျဉ်းထောင်းတွင် ( ၈)လကြာ ချုပ်နှောင်ထားခဲ့သည်။ ထို့နောက် နေအိမ်အကျယ်ချုပ်ဖြင့် တနှစ်ကြာ ဆက်လက်ဖမ်းဆီးထားပြီး၊ ပါတီဝင်များနှင့် တွေ့ဆုံခွင့်မပြုခဲ့ပေ။

အဲန်အယ်လ်ဒီ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ပြီးခဲ့သည့် နိုဝင်ဘာလကတည်းက အာဏာပိုင်များက နေအိမ်အကျယ်ချုပ်သက်တမ်း တနှစ်တိုးခဲ့ပြီး၊ ဒီဇင်ဘာလလယ်ခန့်တွင် လုံခြုံရေးတာဝန်ယူထားသော အဲန်အယ်လ်ဒီလူငယ်များကို အာဏာပိုင်များက ဖယ်ရှားခဲ့သည်။ ❖



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဒု-ဥက္ကဋ္ဌ ဦးတင်ဦး

# ရှမ်းတိုင်းရင်းသားခေါင်းဆောင်များအား နအဖမှ ဖမ်းဆီး၊ ဒီမိုကရေစီနိုင်ငံထူထောင်ဖို့ဆိုတဲ့ လမ်းစဉ်နဲ့ တခြားစီဟုဆို

(၅၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ မတိုင်မီ (၃)ရက်အလို ဖေဖော်ဝါရီ(၉)ရက် ညနေ ၅ နာရီ၌ ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် ဒုတိယအများဆုံး အမတ်နေရာရရှိသော ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် SNLD ၏ ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အတွင်းရေးမှူး ဦးစိုင်းညွှန့်လွင်တို့အား နအဖမှ ထိန်းသိမ်းလိုက်သည်။

၎င်းအပြင် SNLD ၏ စီအီးစီအဖွဲ့ဝင်နှစ်ဦးဖြစ်သော ဦးစိုင်းလှအောင်နှင့် ဦးစပ်ကြာဉတို့မှာ ရန်ကုန်သို့ဆင်းအလာ တောင်ကြီးတွင် ဖမ်းဆီးခံရသည်။ ဝါရင့်ရှမ်းနိုင်ငံရေးခေါင်းဆောင် ဦးရွှေအုန်း၊ ရှမ်းပြည် အမျိုးသားတပ်မတော် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်နှင့် ဗိုလ်မှူးဟန်အောင် တောင်ကြီးမြို့ရှိ မျိုးဆက်သစ်ရှမ်းလူငယ်များအဖွဲ့မှ ဆရာဦးမြင့်သန်းနှင့် ဦးစိုင်းစုတို့အား ထပ်မံဖမ်းဆီးထားသည်ဟု သိရသည်။

ပြည်ထောင်စုနေ့မတိုင်မီ ရက်သတ္တပတ်အတော်ကြာကတည်းကပင် အာဏာပိုင်များက စီအာရ်ပီပီအဖွဲ့ဝင်များအားလည်း နည်းမျိုးစုံဖြင့် ခြိမ်းခြောက်ပြီး သွားလေရာတွင် နောက်ကတကောက်ကောက် လိုက်လံနှောက်ယှက်လျက်ရှိသည်ဟု စီအာရ်ပီပီအဖွဲ့ဝင်များ အချို့မှ ထုတ်ဖော်ပြောကြားသည်။

အထူးသဖြင့် စီအာရ်ပီပီအတွင်းရေးမှူး ဦးအေးသာအောင်၏နေအိမ်သို့ အထူးရဲသတင်းတပ်ဖွဲ့မှ တာဝန်ရှိသူများရောက်ရှိလာပြီး ဦးအေးသာအောင်အနေဖြင့် ညီလာခံကိုဆန့်ကျင်မှုများသိပ်မပြောရန် စီအာရ်ပီပီမှာ တရားဝင်နိုင်ငံရေးပါတီမဟုတ်သဖြင့် အချိန်မရွေးဖျက်သိမ်းနိုင်ကြောင်း ယခင်ထောင်သက်တမ်းအကြွေးကျန်ရှိသဖြင့် အချိန်မရွေး ထောင်ထဲရောက်သွားနိုင်ကြောင်း စသဖြင့် ရိုင်းစိုင်းစွာ ခြိမ်းခြောက်ပြောကြားသည်ဟု ဆိုသည်။

ဦးခွန်ထွန်းဦးမှာ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ရွှေဂုံတိုင်ရှိအဖွဲ့ချုပ်ရုံး၌ ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် သဘာပတိအဖြစ်ဆောင်ရွက်ရာတွင် ပြောကြားရန်စီစဉ်ထားသော မိန့်ခွန်းစာရွက်များကိုပါ အသိမ်းခံလိုက်ရသည်ဟု ဆိုသည်။

SNLD၏ စီအီးစီအစည်းအဝေးကို ဖေဖော် ဝါရီလ(၁၁)ရက်နေ့တွင် ဦးခွန်ထွန်းဦးအိမ်၌ ကျင်းပရန်စီစဉ်ထားပြီး ဖေဖော်ဝါရီလ (၁၂)ရက်နေ့ညတွင်မူ ပြည်ထောင်စုနေ့ ညစာစားပွဲကို ကျင်းပရန်စီစဉ်ထားရာ အဲန်အယ်လ်ဒီခေါင်းဆောင်များ ဝါရင့်နိုင်ငံရေးသမားကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များကို ဖိတ်ကြားထားပြီးဖြစ်သည်ဟု သိရှိရသည်။

နအဖမှ ယခုကဲ့သို့ ရှမ်းခေါင်းဆောင်များကို တပြုံတမကြီး တပြိုင်နက်ဖမ်းဆီးရခြင်းအကြောင်းကို အမျိုးမျိုးပြောဆိုနေကြသည်။ သို့သော် ဖေဖော်ဝါရီလ (၇)ရက်နေ့က တောင်ကြီးမြို့၌ကျင်းပသည့် ရှမ်းအမျိုးသားနေ့နှင့်တိုက်ဆိုင်၍ကျင်းပသည့် သီးခြားဆွေးနွေးပွဲတရပ်တွင် ဦးရွှေအုန်းအပါအဝင် တောင်ကြီးရှိ မျိုးဆက်သစ်ရှမ်းလူငယ်အဖွဲ့မှ ခေါင်းဆောင်များ၊ ရှမ်းနိုင်ငံရေးခေါင်းဆောင်များတက်ရောက်လျက် ညောင်နှစ်ပင်ညီလာခံတွင် ငြိမ်းချမ်းရေးရယူထားသောအဖွဲ့များ မည်သို့လုပ်သင့်သည်ဆိုသည့်ကိစ္စကို ဆွေးနွေးခဲ့ကြခြင်းနှင့် ဆက်စပ်လျက်ရှိနေမည်ဟု အကဲခတ်အချို့က သုံးသပ်ခဲ့သည်။

ယင်းဆွေး နွေးပွဲသို့ မကြာခင်ကမှ ထောင်မှပြန်လည် လွတ်မြောက်လာသည့် ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးသုဝေနှင့် ဖဆပလ (မူလ)မှ ဒေါ်ချိုချိုကျော်ငြိမ်းတို့ တက်ရောက်ခဲ့ကြသော်လည်း ၎င်းတို့နှစ်ဦးအား ဖမ်းဆီးခြင်းမရှိသေးဟု သိရသည်။

ရှမ်းတိုင်းရင်းသားခေါင်းဆောင်များအား ယခုကဲ့သို့ဖမ်းဆီးလိုက်ခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရစ်ချက်ဘောက်ချာက နအဖအားရှုံ့ချဝေဖန်လိုက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ် ရာဇာလီ အစ္စမေးကမူ အမြန်ဆုံးပြန်လည်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

ဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်သူ သခင်ချန်ထွန်းကမူ ဥပဒေဘောင်အတွင်းက လှုပ်ရှားမှုလုပ်နေတဲ့ပုဂ္ဂိုလ်များကို အခုလို ဖမ်းဆီးအရေးယူတယ်ဆိုတာ ဒီမိုကရေစီနိုင်ငံထူထောင်ဘို့ဆိုတဲ့လမ်းစဉ်နဲ့ တခြားစီ ဖြစ်နေပြီဟု ဝေဖန်ထောက်ပြလိုက်ပြီး၊ ရှမ်းခေါင်းဆောင်တဦးဖြစ်သူ စပ်ဟန်အောင်ရွှေကမူ ဦးခွန်ထွန်းဦးတို့၊ ဦးဆေထင်တို့ကို ဖမ်းတာပြည်ထောင်စုပြဿနာပဲ၊ သူတို့က တိုင်းပြည်ခွဲထွက်ရေးမဟုတ်ဘူး၊ ပြည်ထောင်စုကြီး ခိုင်မြဲရေးလုပ်နေတာ၊ သူတို့ကိုဖမ်းတာ ပြည်ထောင်စုကို ဖြိုခွဲနေတဲ့သဘောပဲဟု ထုတ်ဖော်ပြောဆိုလိုက်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သူ ဦးကျော်သွင်ကမူ **"ဒီအချက်ကို ကြည့်ရင် နအဖဟာစစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမှန်တကယ် မလုပ်တော့ဘူးဆိုတာ ထင်ရှားနေပြီဖြစ်တယ်။ ကျနော်တို့ဘက်က ညီညီညွတ်ညွတ်နဲ့ လုပ်သင့်တာတွေလုပ်သွားဖို့လိုတယ်"**ဟု မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

❖

"ကိုယ်ကြိုက်တဲ့ သူတွေကိုယ်ခေါ်ပြီး ရေးလိုက်၊ ရေးလိုက်ဆိုတဲ့နည်းနဲ့တော့ ဘယ်လိုမှမဖြစ်ဘူး။ ရေးလိုက်တဲ့ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေတွေက အချက်အလက်ဟာ ပြည်သူလူထုရဲ့ဆန္ဒနဲ့ ကိုက်ညီသလား။ ဒါတွေကိုလေ့လာပြီးတော့မှ ရေးရမှာ"

**ဒေါ်အောင်ဆန်းစုကြည်**

စာမျက်နှာ (၄) ဇွန်မှိုင်းမှ ....

အဆင့်တိုင်းမှာ လှုပ်ရှားမှုတွေရှိခဲ့ပါတယ်။

ဒီလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး ၁၉၇၉၊ မတ်လ(၁၃)ရက်နေ့ ဖုန်းမော်နှစ်ပါတ်လည်နေ့အခမ်းအနားမှာ ဗကသ ဥက္ကဋ္ဌဟောင်း (ပြည်သူ့တိုးတက်ရေးပါတီ ဥက္ကဋ္ဌ) ဦးခင်မောင်မြင့်ပြောတဲ့ မိန့်ခွန်းထဲက ကောက်ချက်ကို ကျနော်သဘောတူတယ်။

"ကျောင်းသားဟာ ကျောင်းသားချည်းဆိုရင် အားမရှိဘူး။

ရန်သူက အလွယ်တကူချေမှုန်းပစ်လိုက်နိုင်တယ်။

ကိုဖုန်းမော်ကျခဲ့ရတဲ့ မတ်လ (၁၃)ရက်နေ့ပွဲဟာ လူထုနဲ့ မပေါင်းစပ်နိုင်သေးတဲ့အတွက် လွယ်လွယ်ကူကူ ချေမှုန်းခံလိုက်ရတာပဲ။

ဇွန် (၂၁)ရောက်တော့ ကျောင်းသားဟာ လူထုနဲ့ပေါင်းမိသွားပြီ။

လူထုရှိရာကို ထွက်လာကြပြီ။ ဒါ့ကြောင့် ရန်သူက ချေမှုန်းရတော်တော်ခက်သွားပြီ။

ဩဂုတ် (၈)ရက်ကျတော့ ကျောင်းသားနဲ့လူထုဟာ တသားတည်းဖြစ်သွားပြီ။ လုံးဝပေါင်းစည်းမိသွားပြီ။

ဒါ့ကြောင့်လည်း ချေမှုန်းရ တော်တော်ကို ခက်ခက်ခဲခဲဖြစ်သွားပြီ။

တော်ရုံနဲ့ ချေမှုန်းဖို့မလွယ်တော့ဘူး။"

ကျောင်းသားလှုပ်ရှားမှုပဲဖြစ်ဖြစ်၊ အလုပ်သမားလှုပ်ရှားမှုပဲဖြစ်ဖြစ် လူထုကြီးနဲ့ ပေါင်းစည်းနိုင်ရင်

ကြွေးကြော်သံတွေ၊ တိုက်ပွဲတောင်းဆိုချက်တွေဟာ လူထုကြီးရဲ့ ရင်ကိုထိရင်၊ သူတို့လိုအပ်ချက်နဲ့ ကိုက်ညီသွားရင် ငြိမ်းလို့မရတဲ့ မီးတောက်မီးလျှံတွေဖြစ်သွားနိုင်ပါတယ်။

(၈)

ကနေ့ဆိုရင် နောက်ထပ် (၁၆)နှစ်တောင် တိုင်ခဲ့ပြန်ပါပြီ။

ကနေ့လူထုကြီးရဲ့ လိုအပ်ချက်က ဘာတွေ လဲ။

လူထုကြီးရဲ့ ဆာလောင်မှုတွေက ဘာတွေလဲ။

သူတို့ကိုယ်တိုင် ဆန္ဒမဲတွေ ကိုယ်စီထုတ်ဖော်ပြသခဲ့တဲ့ (၉၀)ခုနှစ် ရွေးကောက်ပွဲရလဒ်ဟာ သူတို့ရဲ့ဆာလောင်မှုပဲ။

လူထုကြီးဟာ ဒီမိုကရေစီအခွင့်အလမ်းတွေ ချို့တဲ့ခဲ့ရ၊

အခြေခံလူ့အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရတဲ့ဘဝတွေက လွတ်မြောက်ဖို့၊

တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတဲ့ ခေတ်သစ်တစ်ခုကို ဖန်တီးနိုင်ဖို့၊

သူတို့ယုံကြည်တဲ့ သူတို့တန်ဖိုးထားတဲ့ ခေါင်းဆောင်မှုကို သူတို့ကိုယ်တိုင်ဆန္ဒပြု ရွေးချယ်အပ်နှံခဲ့တာပါ။

ဒါပေမယ့် ဒါဟာ ဒီနေ့ထိ အငြင်းပယ်ခံနေရဆဲ၊ လမ်းကြောင်းလွှဲပြီး အလိမ်ညာခံနေရဆဲ ဖြစ်နေရပါတယ်။

(၉)

လူထုကြီးရဲ့ ဆန္ဒတွေကို ပစ်ပယ်မျက်ကွယ်ပြုပြီး ....

ပြည်တွင်းကရောနိုင်ငံတကာကပါ အယုံအကြည်မရှိတဲ့ ညောင်နှစ်ပင်ညီလာခံကို တစ်ခုတည်းသော ရွေးချယ်မှုအဖြစ် နအဖစစ်အုပ်စုကတော့ မျက်စိမှိတ်ပြီး တွန်းတင်နေပါတယ်။

စစ်အုပ်စုအနေနဲ့ဆိုရင် သူ့ညီလာခံကို အထိအခိုက်မရှိ ပြီးစီးသွားစေချင်တယ်။

ဒီကနေ့ .... စစ်အာဏာရှင်စနစ်ကို တည်မြဲစေမယ့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ခု ထွက်လာစေချင်တယ်။

ဒီအတွက်လည်း ကျားကုတ်ကျားခဲ မလုပ်သင့်မလုပ်ထိုက်တာတွေကို ဆက်တိုက်လုပ်မိရက်သား ဖြစ်နေတော့တာပါ။

ရွေးကောက်ပွဲအနိုင်ရပါတီ ခေါင်းဆောင်တွေ (ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွှန့်လွင်စတဲ့ ခေါင်းဆောင်တွေ)ကို ဖမ်းဆီးထားတာ၊ အနိုင်ရပါတီတွေရဲ့ လှုပ်ရှားခွင့်ကို တားဆီးထားတာ၊ ရုံးခန်းတွေကို ဖွင့်ခွင့်မပေးတာ၊

နောက်ဆုံး အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းရဲ့ ခေါင်းဆောင်တွေကိုပါ ဖမ်းဆီးလာတာ၊

ညီလာခံ တက်ချင်တက် မတက်ချင်နေ၊ ဖမ်းစရာရှိရင်တော့ ဖမ်းရမှာပဲဆိုတာမျိုး ရင့်ရင့်သည်းသည်းတွေ လုပ်လာတာတွေဟာ

စစ်အုပ်စုဟာ သူ့ကိုချည်မယ့်ကြိုးကို သူကိုယ်တိုင် ကျစ်မိနေရက်သားဖြစ်သွားပါပြီ။

ကျောက်တုံးကြီးကြီးကိုပွေ့ပြီး ကိုယ်ခြေထောက်ကို ကိုယ်ပြန်ထုဖို့ အားထုတ်နေပါပြီ။

(၁၀)

လူထုကြီးကတော့ ....

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ညွှန်ပြခဲ့သလို ....

ဆရာတာရာ၊ အမေလူထု ဒေါ်အမာတို့ ထောက်ပြသလို ....

ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုမင်းကိုနိုင်ထောက်ပြနေသလို ....

NLDနဲ့ CRPP က တင်ပြတောင်းဆိုထားသလို ....

UN အပါအဝင် နိုင်ငံတကာမိသားစုတွေက တိုက်တွန်းပြောကြားနေသလို ....

သူမနာကိုယ်မနာ တွေ့ဆုံဆွေးနွေး အဖြေရှာစေချင်တာပါ။ ဒါဟာ လူထုရဲ့ ကနေ့ကာလဆာလောင်မှုပါ။

တိုင်းပြည်နဲ့ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့ အကျိုးစီးပွားကို မျက်နှာမူဖို့၊ လူထုကြီးရဲ့ ဆာလောင်မှုတွေကို ဖြည့်စွမ်းဖို့ စစ်အုပ်စုဟာ အလျင်အမြန် စဉ်းစားဆုံးဖြတ်သင့်ပါပြီ။

အဲဒီလိုမဟုတ်ဘဲ ခေါင်းမာမြဲ ခေါင်းမာနေမယ်ဆိုရင်၊ ထင်ရာစိုင်းပြီး ခပ်ရိုင်းရိုင်းပဲ ပွဲကြမ်းနေမယ်ဆိုရင် ....

တကျုတ်ကျုတ်မြည်နေတဲ့ ဝမ်းဗိုက်တွေရဲ့ ရဲရင့်ပြတ်သားတဲ့ တုန့်ပြန်သံတွေကို ဘယ်တန်ခိုးရှင်မှ ရှောင်လွှဲနိုင်မယ်မဟုတ်ပါ။

သမိုင်းဘီးကိုတားဆီးရင် သမိုင်းဘီးရဲ့ ကြိတ်ချေခြင်းကို ခံရပါလိမ့်မယ်။

လူထုကြီးကို ဆန့်ကျင်ရင် လူထုကြီးရဲ့ ဒဏ်ခတ်တာကို ခံရပါလိမ့်မယ်။ ။

ဇွန်မှိုင်း
(၂၈၊ ၂၊ ၀၀၅)

# လမ်း

## ဂါမဏိ

လူအများသတိမထားမိလိုက်ကြပေမဲ့ ၂၀၀၃ ခု၊ ဖေဖော်ဝါရီ ၁၆ ရက်နေ့ဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ အရေးပါတဲ့မှတ်တိုင်တခု ဖြစ်သွားပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီနေ့မှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP က နှစ်ပေါင်း ၄၀ ကျော်ရပ်တည်ခဲ့တဲ့ မြန်မာပြည်မှခွဲထွက်ပြီး သီးခြားနိုင်ငံထူထောင်ရေးဝါဒကို တရားဝင်စွန့်လွှတ်လိုက်တာကြောင့် ဖြစ်ပါတယ်။ ဒါတင်မက အစွန်းရောက်အမျိုးသားရေးသမားများ၊ နိုင်ငံရေးသမားများနှင့် စစ်ဝါဒီများ အသုံးမချနိုင်အောင် ခွဲထွက်ခွင့်ကို အခြေခံဥပဒေထဲ ထည့်သွင်းပြဋ္ဌာန်းမထားပဲ “ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်”လို့သာ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားရှိဖို့လည်း တရားဝင်သဘောထားပေးခဲ့တယ်။

ဒီဆုံးဖြတ်ချက်အရေးပါရတဲ့ အကြောင်းကတော့ အနောက်ကရင်နီပြည် (အတိအကျပြောရရင် လက်ရှိကယားပြည်နယ်ရဲ့ အနောက်ခြမ်း သုံးပုံတပုံကျော်ကျော်) ဟာ ၁၈၇၅ ကင်းဝန်မင်းကြီးနဲ့ အင်္ဂလိပ်ကိုယ်စားလှယ်တို့ နှစ်ဘက်သဘောတူစာချုပ်ချုပ်ပြီး လွတ်လပ်တဲ့နိုင်ငံအဖြစ် အသိအမှတ်ပြုထားခဲ့တာတကြောင်း၊ ကရင်နီဟာ ၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက် ပင်လုံစာချုပ်ကို လုံးဝလက်မှတ်မထိုး အသိအမှတ်မပြုခဲ့တာတကြောင်း၊ အဲဒီအကျိုးဆက်အဖြစ် ဒီကနေ့ ဗမာပြည်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအတွင်း သီးခြားနိုင်ငံအယူအဆရပ်ခံနေတဲ့အထဲမှာ အကြီးဆုံး၊ အပြင်းထန်ဆုံးနဲ့ ယုတ္တိအရှိဆုံးအဖွဲ့ ဖြစ်တာကလဲတကြောင်းတို့ကြောင့်ဖြစ်ပါတယ်။ အင်အားအရေအတွက်အရကြည့်ရင် ငယ်ပေမယ့် လူမျိုးနဲ့ပြည်နယ်အရ၊ နိုင်ငံရေးနဲ့စစ်ရေးအရ၊ သမိုင်းကြောင်းအရ အရေးပါတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။

သမိုင်းအရကြည့်ရင် မွန်နဲ့ရခိုင်တို့ဟာလည်း မကြာသေးတဲ့ ၁၈ ရာစုအထိ သီးခြားလွတ်လပ်တဲ့ ပဒေသရာဇ်နိုင်ငံတွေအဖြစ်ရပ်တည်ခဲ့တာ ဘယ်သူမှငြင်းမရပါဘူး။

> *ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ရဲ့*
> *အဓိကတိမ်းညွတ်မှုက*
> *ဒီမိုကရေစီနဲ့ အခွင့် အလမ်း*
> *တန်းတူမှု ဖြစ်တယ်။*
> *အခွင့်အလမ်းဆိုတာ နိုင်ငံရေး၊*
> *စီးပွားရေး၊ လူမျိုးရေးဆိုင်ရာ*
> *အခွင့်အရေးတွေကို ဆိုလိုပါတယ်။*
> *ဒီထက်ပို လဲမပို*
> *လျော့လဲမလျော့ပါဘူး။*
> *ဆိုလိုတာက ခွာထုတ်မရ*
> *ခွာထုတ်မဖြစ်အောင်*
> *ပေါင်းစည်းထားတဲ့*
> *ဂလိုဘယ်လိုက်ဇေးရှင်းကမ္ဘာထဲမှာ*
> *အခွင့်အလမ်းတူမှ*
> *ဝင်ကစားလို့ရမှာ ဖြစ်ပါတယ်။*

ရှမ်းကတော့ ၁၅ ရာစုကတည်းက သီးခြားဘုရင့်နိုင်ငံပျက်သုဉ်းသွားပြီး တရုတ်ပြည်နဲ့ဗမာပြည်က ခွဲဝေသိမ်းသွင်းလိုက်တာခံခဲ့ရတယ်။ ဒါပေမယ့်ယ့် ဗမာပြည်ဘက်မှာတော့ တပြည်လုံးကိုအုပ်ချုပ်တဲ့ဘုရင်တွေအဖြစ် တခါတရံ ပေါ်ပေါ်လာခဲ့တယ်။ (အင်းဝဟာ ရှမ်း–ဗမာပြည်ထောင်စုဖြစ်ခဲ့ပြီး ဗမာတွေသာမက ရှမ်းတွေလည်း ဘုရင်အဖြစ် မကြာခဏ အုပ်စိုးခဲ့တယ်။) တကမ္ဘာလုံးက အရင်းရှင်စနစ်အကြို လူ့အဖွဲ့အစည်းတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း အချုပ်အခြာအာဏာတို့၊ နယ်နိမိတ်တို့ မတည်မငြိမ်နဲ့ အာမခံချက်မရှိသေးပဲ အမျိုးမျိုးမကြာခဏပြောင်းလဲနေလေ့ရှိချိန်နဲ့ အင်္ဂလိပ်–မြန်မာစစ်ပွဲဖြစ်ချိန်တွေ တိုက်ဆိုင်သွားတဲ့အတွက် တည်ငြိမ်မှုနဲ့ ပိုနေမြဲကျားနေမြဲအနေအထားကို အလေးပေးတဲ့ ဒီကနေ့ကမ္ဘာ့ဈေးကွက်စီးပွားရေးခေတ်ကာလရောက်တဲ့အခါ လက်တွေ့မှာ ပြန်ပြောင်းဖို့မလွယ်တော့ပါဘူး။ ကမ္ဘာမှာ ပြောင်းသွားကြတာတွေဟာ ခြွင်းချက်သဘောမျိုးဖြစ်နေပါတယ်။ ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလားဗီးယား၊ ချက်ကိုစလိုဗေးကီးယား၊ အီသီယိုပီးယားတို့လို ကွန်မြူနစ်နိုင်ငံဟောင်းတွေကလွဲရင် ကျန်တဲ့ အရင်းရှင်ကမ္ဘာမှာ သီးခြားနိုင်ငံသစ်တွေခွဲထွက်တည်ထောင်တာကို ကမ္ဘာကအားမပေးတာတွေ့ရပါတယ်။ ကုလသမဂ္ဂကိုယ်၌ကထောက်ခံထားတဲ့ အနောက်နိုင်ငံ လက်ကျန်ကိုလိုနီတွေ လွတ်လပ်တဲ့သီးခြားနိုင်ငံသစ်တွေအဖြစ် ထူထောင်ရေးကိုတောင် အရင်းရှင်ကမ္ဘာက အင်တင်တင်လုပ်ခဲ့တာ၊ လုပ်နေတာ အားလုံးအသိပါပဲ။ မြောက်အိုင်ယာလန်၊ ဖောက်ကလင်ကျွန်းစု၊ ပွာတိုရီကို၊ ဂူအမ်၊ ဒိုင်ဂိုဂါးဆီးယား၊ စပိန်ဆဟာရ၊ တဟီတီ၊ ဂိုင်ယာနာ၊ ကူရိုင်းကျွန်းလေးကျွန်းတို့ဟာ နမူနာတွေပါပဲ။ အင်မတန့်ကို ထူးခြားတဲ့အခြေအနေရှိလို့ ဘင်္ဂလားဒေ့ရှ်၊ စင်္ကာပူနဲ့ အရှေ့တီမောတို့ နိုင်ငံသစ်တွေဖြစ် လာတာကလွဲရင် ခွဲထွက်ရေးတွေ အောင်မြင်တာမတွေ့ရပါဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာဆို ပိုလို့တောင် အလားအလာနည်းပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ရဲ့ အဓိကတိမ်းညွတ်မှုက ဒီမိုကရေစီနဲ့အခွင့် အလမ်းတန်းတူမှုဖြစ်တယ်။ အခွင့်အလမ်းဆိုတာ နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေးဆိုင်ရာ အခွင့်အရေးတွေကို ဆိုလိုပါတယ်။ ဒီထက်ပိုလဲမပို လျော့လဲမလျော့ပါဘူး။ ဆိုလိုတာက ခွာထုတ်မရ ခွာထုတ်မဖြစ်အောင် ပေါင်းစည်းထားတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကမ္ဘာထဲမှာ အခွင့်အလမ်းတူမှ ဝင်ကစားလို့ရမှာဖြစ်ပါတယ်။ ဒီလိုမကစားနိုင်ရင် မြောင်းထဲရောက်မှာ အသေအချာပါဘဲ။ ဒါကို မြန်မာပြည်အတိုင်းအတာနဲ့ပြောရရင် ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဟာ ခေါင်းနဲ့ပန်းလို ဘယ်လိုမှခွဲမရနိုင်ဘူး ဆိုတဲ့အဓိပ္ပါယ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်မပါတဲ့ဒီမိုကရေစီ၊ ဒီမိုကရေစီမပါတဲ့ ဖက်ဒရယ်တွေဟာ ရာစုတဝက်ကျော်ကြာနေပြီဖြစ်တဲ့ မီးတွေကိုဆက်လောင်စေဖို့ပဲ ရှိတယ်။ ဗမာပြည်မှာ ဖက်ဒရယ်စနစ်လိုအပ်မလိုအပ်ဆိုတာ ငြင်းခုံဆွေးနွေးရမယ့်အဆင့်ကျော်သွားပါပြီ။ အတိတ်တုန်းကသာ (ဖက်ဒရယ်လို့ခေါ်ဒေါ်စဉ်တပ်တပ် မတပ်တပ်) တကယ့်တန်းတူအခွင့်အရေးတွေ အာမခံချက်ရှိရှိကျင့်သုံးခဲ့ကြရင် အမျိုးသားပြဿနာတွေ ခုချိန်မှာ ဒါလောက်မရှုပ်နိုင်ပါဘူး။ တဖက်ကကြည့်ရင်လည်း ဗုဒ္ဓတရားတော်အရ ဘယ်အရာမှတည်မြဲတာမရှိတဲ့အတွက် အရင်ကဖာသိဖာသာနေခဲ့တဲ့လူမျိုးတွေ ကိုယ်ပိုင်အမှတ်အသားလက္ခဏာ ရယူလိုလာတာ၊ ပိုအဆင့်မြင့်တဲ့ အခွင့်အရေးလိုလားလာတာတွေ ရှောင်လွှဲမရနိုင်ပါဘူး။ စီးပွားရေး၊ လူမှုရေးတွေ ပြောင်းလဲထွန်းကားလာပြီး ကမ္ဘာကြီးနဲ့ ပိုတွယ်ဆက် မိလာတာနဲ့အမျှ လူတွေရဲ့အသိအမြင်တွေ ပြောင်းလဲလာတာထုံးစံပါပဲ။

အခုအခါ ဖက်ဒရယ်ကို ခါးခါးသီးသီးဆန့်ကျင်တာဆိုလို့ မဆလ–နဝတ–နအဖ စစ်အုပ်စုအဆက်ဆက်ပဲ ကျန်ပါတော့တယ်။ နိုင်ငံရေးသမားဟောင်းတွေထဲကဆို ဖဆပလ ဦးကျော်ငြိမ်း၊ ဒေါက်တာဘမော်၊ သခင်ဗစိန်၊ ဦးဘဖေတို့ဟာ သေတဲ့အထိ ဖက်ဒရယ်ဆန့်ကျင်ရေးကို စွဲစွဲမြဲမြဲဖက်တွယ်သွားခဲ့တယ်။ တချိန်က ဖက်ဒရယ်ကိုလက်မခံခဲ့တဲ့ စစ်အုပ်စုပြုတ်တွေ၊ ကွယ်လွန်သူ ဦးနု၊ ဦးဗဆွေနဲ့ ဗကပအပါအဝင် ကျန်နိုင်ငံရေးအင်အားစုအဟောင်း–အသစ်အားလုံးကတော့ ဖက်ဒရယ်ကို အနည်းနဲ့အများဆိုသလိုမူအားဖြင့် လက်ခံကြပြီဖြစ်ပါတယ်။ ယေဘုယျဖက်ဒရယ်မူအဆင့်ကနေ ဘယ်လိုဖက်ဒရယ်စနစ်မျိုးလုပ်မလဲဆိုတဲ့ လက်တွေ့ပိုင်းအသေးစိတ်တွေပဲ ညှိဖို့လိုပါတော့တယ်။ ကမ္ဘာမှာ ဖက်ဒရယ်အမျိုးမျိုးရှိတဲ့ထဲက ကျနော်တို့အနေနဲ့ ဗမာပြည်လက်တွေ့နဲ့ အကိုက်ညီဆုံးပုံစံကို အားလုံးဝိုင်းဆွေးနွေးဖော်ထုတ်ရမှာဖြစ်ပါတယ်။ ဒါကိုတော့ တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူအားလုံး လွတ်လွတ်လပ်လပ်သဘောထားပေးနိုင်မယ့် တနိုင်ငံလုံးဒီမိုကရေစီပွင့်လန်းတဲ့အခြေအနေကျမှ လုပ်လို့ရနိုင်ပါတယ်။

မြန်မာနိုင်ငံလူမျိုးစုပြဿနာကို ဖက်ဒရယ်စနစ်နဲ့ဖြေရှင်းဖို့ ပထမဆုံးစနစ်တကျအဆိုပြုခဲ့တာ ၁၉၄၅ ခု ဇူလိုင်လ ဗမာပြည်ကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်မှာဖြစ်ပါတယ်။ အဲဒီတုန်းက သခင်သန်းထွန်း တင်သွင်းခဲ့တဲ့အထဲမှာ ....

* လူမျိုးရေးပြဿနာ အပြီးသတ်ဖြေရှင်းရေး ....။

၃။ တပြည်လုံးဆိုင်ရာကိစ္စများကို ဗဟိုကိုယ်စားလှယ်အဖွဲ့ကစီမံပြီး ဒေသန္တရဆိုင်ရာကိစ္စများကို ဒေသန္တရကိုယ်စားလှယ်အဖွဲ့ကစီမံရန်။ ဥပမာ၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး – ဗဟိုကစီမံရန်။ ပညာရေး၊ ကျန်းမာရေး – ဒေသန္တရ (ကရင်၊ ရှမ်း၊ ဗမာ၊ ရခိုင်၊ မွန်၊ ကချင်) ကစီမံရန်။

၄။ ဗဟိုမှာ လွှတ်တော်နှစ်ရပ် ထားရန်။

၅။ လွှတ်တော်နှစ်ရပ်ကို လူမျိုးရေးလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ဟု သတ်မှတ်ရန်။

၆။ *လူမျိုးရေးလွှတ်တော်ကို လူမျိုးချင်းတန်းတူထား၍ လူမျိုးတမျိုး ၁၀ ယောက်စီ ကိုယ်စားလှယ်မြှောက်ရန်။ ဥပမာ၊ ဗမာ ၁၀၊ ကရင် ၁၀၊ ရှမ်း ၁၀၊ ရခိုင် ၁၀၊ ချင်း ၁၀၊ ကချင် ၁၀ စသည်။*

၇။ ပြည်သူ့လွှတ်တော်ကို ဒေသအလိုက် ရွေးကောက်ရန်၊ သို့သော် လူမျိုးချင်းရောနေသောဒေသများ (ဥပမာ၊ မြစ်ဝကျွန်းပေါ်)မှာ လူမျိုးအလိုက်ရွေးကောက်ရန်။

၈။ လွှတ်တော်နှစ်ရပ် အာဏာတူရန်။

၉။ လွှတ်တော်နှစ်ရပ်ပေါင်းပြီး အစိုးရအဖွဲ့ရွေးကောက်ရန်။

၁၀။ လူမျိုးရေးဆိုင်ရာဝန်ကြီးတွေပါခန့်ရန်၊ လူမျိုးအောက်ခြေထုအားလုံး၏ ကိုယ်စားလှယ်တွေကို ရွေးကောက်ပွဲနဲ့တင်၍ အုပ်ချုပ်ရန်။

.... လို့ပါဝင်တယ်။ ဒါဟာ လွတ်လပ်ရေးမရခင်သုံးနှစ်အလိုဖြစ်တဲ့ ဂျပန်တော်လှန်ရေးပြီးပြီးချင်းကတည်းက အမြော်အမြင်ကြီးကြီးနဲ့ တင်ခဲ့တာဖြစ်တယ်။ အင်္ဂလိပ်ကိုလိုနီခေတ်မှာ ခုခေတ်လို ပြည်နယ်တို့ တိုင်းတို့ မကြားဖူးသေးလို့ ၇ ပြည်နယ် ၈ ပြည်နယ်တွေ မပြောနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီခေတ်အနေအထားအရကြည့်ရင် အင်မတန်ပြည့်စုံပြီး ခေတ်ရှေ့ပြေးတဲ့အယူအဆတွေဖြစ်တာတွေ့နိုင်ပါတယ်။ (ပြည်နယ်–တိုင်းဆိုတာ ကမ္ဘာဦးစကတည်းကရှိခဲ့တာမဟုတ်ပဲ ၄၈ လွတ်လပ်ရေးနောက်ပိုင်းမှ တည်ထွင်ဖန်တီးထားတာဖြစ်လို့ ကျနော်တို့စဉ်းစားမှုတွေဟာ ဒီကန့်သတ်ချက်ဘောင်ကို ကျော်ဖို့လိုပါတယ်။)

၁၉၄၆ ဇန်နဝါရီလ ရွှေတိဂုံအလယ်ပစ္စယံမှာလုပ်တဲ့ ဖဆပလ ပထမညီလာခံမှာ ဒီးဒုတ်ဦးဘချိုတင်တဲ့ “တိုင်းရင်းသား လူနည်းစုအရေး” အဆိုထဲမှာလည်း ....

၁။ ဘာသာတရားလွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်။

၂။ ယဉ်ကျေးမှု လွတ်လပ်မှုရှိရမည်။

၃။ စီးပွားရေးအခွင့်အရေး တန်းတူရမည်။

၄။ ဗမာနိုင်ငံအသင်းတည်ထောင်ရာ၌ *လူမျိုးတိုင်းသဘောတူလွတ်လပ်စွာ တည်ထောင်ရမည်။ ဤသို့တည်ထောင်ရာ၌ မိမိတို့ကံကြမ္မာ မိမိဖာသာဖန်တီးနိုင်ခွင့် အားပေးရမည်။ ခွဲလိုတဲ့အခါ ခွဲခွင့်ရှိကြောင်း ကတိပြုရမည်။*

.... လို့ပြောခဲ့တယ်။ ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပါဝင်ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်းဟာ ဗကပဒုတိယကွန်ဂရက်နဲ့ ဖဆပလ ပထမညီလာခံကမူတွေကို အခိုင်အမာထည့်သွင်းချမှတ်ထားတဲ့ စံပြဖွဲ့စည်းပုံဥပဒေဖြစ်ပါတယ်။ ပင်လုံစာချုပ်မှာ ခွဲထွက်ခွင့်မပါခဲ့ပေမယ့် ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲထည့် အာမခံချက်ပေးခဲ့တယ်။ ဒါပေမယ့် အများသိကြတဲ့အတိုင်း ဗိုလ်ချုပ်တို့လုပ်ကြံခံရပြီးနောက် တိုင်းပြုပြည်ပြုလွှတ်တော်ထဲမှာ ဒီဖွဲ့စည်းပုံမူကြမ်းကို လုံးဝရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဖက်ဒရယ်ဆန့်ကျင်ရေးသမားများဖြစ်ကြတဲ့၊ ရွေးကောက်ခံ တိုင်းပြုပြည်ပြုလွှတ်တော် အမတ်လည်းမဟုတ်တဲ့ ဝတ်လုံဦးချန်ထွန်း၊ ဦးဘဦး (ဆရာစံကိုကြိုးပေးခဲ့တဲ့ တရားသူကြီး)နဲ့ ဒေါက်တာဘဟန် (ဒေါက်တာဘမော်၏အစ်ကို)၊ ရွေးကောက်ခံ တိုင်းပြုပြည်ပြုလွှတ်တော်အမတ် ဖဆပလ ဦးကျော်ငြိမ်းတို့က ဦးနုရဲ့ထောက်ခံမှုနဲ့ ပြင်ပစ်နိုင်ခဲ့တယ်။ ဒါဟာ ဒီကနေ့နောက်ဆုံး နအဖရဲ့ ၁၀၄ ချက်ဖွဲ့စည်းပုံဆီ ဦးတည်သွားစေခဲ့တဲ့ လမ်းစပါပဲ။

လူမျိုးအရ ဗမာနဲ့တန်းတူမယ့် ဖက်ဒရယ် စနစ်သက်သက်တည်ဆောက်ရုံနဲ့တော့ ကိစ္စတွေမပြီးနိုင်ပါဘူး။ ဗိုလ်ချုပ်မြကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိထဲပါတဲ့ ကိုယ့်လူမျိုးအချင်းချင်း မုဒိမ်းကျင့်တာ၊ ဓါးပြတိုက်တာတွေကို ဖက်ဒရယ်တခုတည်းက မရှင်းနိုင်ပါဘူး။ ဗမာစစ်သား မုဒိမ်းကျင့်တဲ့နေရာမှာ ကိုယ့်လူမျိုးစုစစ်သားက အစားဝင်မုဒိမ်းကျင့်တာမျိုး ဘယ်သူမှမလိုလားပါဘူး။ ဒါ့အပြင် ၈ လေးလုံးကာလက ကရင်နဲ့မွန်စစ်ပွဲ၊ ဂျိန်းဖောနဲ့ရှမ်းနီ–နာဂ–ရဝမ်၊ ရှမ်းနဲ့ဝ–ပအို့–အခါ–လားဟူလိုမျိုး ဗမာမဟုတ်တဲ့ လူမျိုးချင်းပဋိပက္ခတွေဟာလည်း လူမျိုးတခုစီအတွင်း ဒီမိုကရေစီအပြည့်အဝရှိမှသာ ဗမာအာဏာရှင်နေရာကို လူမျိုးစုအာဏာရှင်စစ် ဘုရင်တွေ ဝင်အစားမထိုးနိုင်ဘဲ ပြေလည်မှာ ဖြစ်ပါတယ်။ ၁၉၄၈ ခုက မြန်မာနိုင်ငံမှာ ဒီမိုကရေစီရှိတယ်ဆိုပေမယ့် မလွဲမသွေတွဲဖက်ပါရမယ့် ဖက်ဒရယ်စနစ်မရှိတဲ့အခါ ကရင်၊ မွန်၊ ရခိုင်၊ ကရင်နီလူမျိုးတို့ရဲ့ လက်နက်ကိုင်ပုန်ကန်ထကြွမှုတွေ ပေါ်ခဲ့တယ်။ ဦးနုရဲ့ ဖက်ဒရယ်မဲ့ဒီမိုကရေစီ သို့မဟုတ် ဒီမိုကရေစီအတုအကြောင်း ကချင်ပြည်နယ်ဝန်ကြီးဟောင်း ဦးဇန်ထားဆင်က “ဒီမိုကရေစီပြောင်းပြန်” စာအုပ်ထဲ ရင်နာစရာကောင်းလောက်အောင်ရေးခဲ့သလို ဒီမိုကရေစီမဲ့ ဖက်ဒရယ် သို့မဟုတ် ဖက်ဒရယ်အတုအကြောင်းကိုလည်း ဆီဆိုင်စော်ဘွား စဝ်ခွန်ကြည် (ဂျပန်တော်လှန်ရေး ဗိုလ်ကြီးဟောင်း)

စာမျက်နှာ (၁၄) ကော်လံ (၁)သို့ ...

# (၅၈) ကြိမ်မြောက် ချင်း(ဇိုမီး) အမျိုးသားနေ့ အောင်မြင်စွာကျင်းပ

ဖေဖော်ဝါရီ (၂၀)ရက်နေ့တွင် ကျရောက်သည့် (၅၇)ကြိမ်မြောက် ချင်း(ဇိုမီး) အမျိုးသားနေ့အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ဇိုမီးလူငယ်ကွန်ဂရက်မှ ကမကထပြုကျင်းပရာ အမျိုးသားညွန့်ပေါင်းအစိုးရ ဖက်ဒရယ်ရေးရာဝန်ကြီး ဦးခွန်မားကိုဘန်၊ ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာနှင့် အမျိုးသားညွန့်ပေါင်းအစိုးရ အနောက်ဖက်ဒေသ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဒေါက်တာတင့်ဆွေအပါအဝင် အဖွဲ့အစည်းအသီးသီးမှ ပါဝင်တက်ရောက်ကြသည်ကို တွေ့ရှိရသည်။




(၅၇)ကြိမ်မြောက် ချင်း (ဇိုမီး)အမျိုးသားနေ့အခမ်းအနားကို ကျင်းပနေစဉ်

အခမ်းအနား၌ ဇိုမီးလူငယ်ကွန်ဂရက် (အနောက်ခြမ်း) ဥက္ကဋ္ဌ ဦးရန်အောင်မှ ချင်း (ဇိုမီး) အမျိုးသားနေ့ အခမ်းအနားကျင်းပရခြင်းအကြောင်းရင်းများကို တင်ပြဆွေးနွေးခဲ့သည်။ အမျိုးသားနေ့ ဖြစ်ပေါ်လာရခြင်းအကြောင်းရင်းများကို တက်ရောက်လာသူများက လက်ရှိမြန်မာနိုင်ငံရေးအခြေအနေများနှင့် စပ်ဟပ်ဆွေးနွေးကြပြီး၊ အခမ်းအနားကို နေ့လည်(၁၂)နာရီတွင် ရုပ်သိမ်းလိုက်သည်ဟု ဆိုသည်။

❖

# (၅၈) ကြိမ်မြောက် မွန်အမျိုးသားနေ့ အက်စ်ဝိုင်စီဘီရုံး၌ကျင်းပ




(၅၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ကျင်းပနေစဉ် မြင်ကွင်း

(၅၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ကျောင်းသားလူငယ်များကွန်ဂရက် (မြန်မာနိုင်ငံ)ရုံး၌ ဖေဖော်ဝါရီလ (၂၄) ရက်နေ့က ကျင်းပရာ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် (၁၀၀)ကျော်ခန့် တက်ရောက်ကြကြောင်း သိရှိရသည်။

ယင်းအခမ်းအနားတွင် သဘာပတိအဖြစ် ပီပီပီ ပါတီဥက္ကဋ္ဌ ဦးမွန်ကြီးမှဆောင်ရွက်ပြီး ကရင်အမျိုးသားအစည်းအရုံးမှ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာ၊ အဲန်စီဂျီယူဘီမှ ဦးခွန်မန်ကိုတန်နှင့် ဦးတင်ထွန်းအောင်တို့မှ အသီးသီးဂုဏ်ပြုစကားများ ပြောကြားခဲ့သည်။

(၅၈)ကြိမ်မြောက် မွန်အမျိုးသားနေ့တွင်ထုတ်ပြန်သော မွန်ပြည်သစ်ပါတီ၏ ဤကြေညာချက်၌ မဟာဗမာလူမျိုးကြီးဝါဒီတို့၏ စစ်အင်အားကိုအသုံးပြု၍ ကျန်တိုင်းရင်းသားများကို ဝါးမျိုဖိနှိပ်ခဲ့မှုကို ထောက်ပြခဲ့ပြီး ပြည်သူတို့၏ တွေ့ဆုံဆွေးနွေးရေးတောင်းဆိုမှုများကို နအဖက လျစ်လျူရှုထားမှုကို ဖော်ပြထားသည်။ ထို့အပြင် မွန်အမျိုးသားတို့၏ ဦးတည်ချက်ကို ရောက်ရှိရေးအတွက် အခြေခံလုပ်ငန်းစဉ်ကြီး (၃)ရပ်ကို တင်ပြလျက် အမျိုးသားညီညွတ်ရေးအတွက် တိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရသည်။

❖

# လွတ်လပ်ရေးတိုက်ပွဲဝင်၊ ဝါရင့်နိုင်ငံရေးသမားကြီး ဝိဇ္ဇူရသခင်ချစ်မောင် ကွယ်လွန်

အသက်(၉၀)အရွယ် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမား ဝိဓူရသခင်ချစ်မောင်သည် ဖေဖော်ဝါရီလ (၃)ရက်နေ့လယ်တွင် ရန်ကုန်မြို့နေအိမ်တွင် လူကြီးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်ခဲ့သည်။

ဝိဓူရသခင်ချစ်မောင်သည် ၁၉၃၆ ခုနှစ်မှစပြီး ဒို့ဗမာအစည်းအရုံးသို့ဝင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။ ထို့နောက် ဆိုရှယ်လစ်ပါတီတွင် ဗဟိုအလုပ်အမှုဆောင်ဖြစ်ခဲ့ပြီး၊ ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့တွင် သခင်လွင်၊ သခင်လှရွှေတို့နှင့်အတူ မြန်မာပြည်အလုပ်သမား၊ လယ်သမားပါတီ ကို ထူထောင်ခဲ့သည်။

၁၉၅၈ မှ ၁၉၆၀ ခုနှစ်အထိ သာယာဝတီ ပြည်သူ့လွှတ်တော်အမတ်အနေနှင့် ထိုခေတ်နိုင်ငံရေးအနေအထားနှင့် ပတ်သက်ပြီး ဝိဓူရအမတ်ကြီးကို သာဓကဆောင်၍ ဟောကြားခဲ့သော နာမည်ကျော်မိန့်ခွန်းကို အကြောင်းပြုပြီး ''ဝိဓူရသခင်ချစ်မောင်'' ဟု အမည်တွင်ခဲ့သည်။

သူသည် ၁၉၈၈ ခုနှစ် စစ်အစိုးရ အာဏာသိမ်းပြီးနောက် ဖွဲ့စည်းလိုက်သော အမျိုးသားပြန်လည်ထူထောင်ရေး ဒီမိုကရေစီတပ်ပေါင်းစုပါတီကို ဦးဆောင်ခဲ့သူလည်းဖြစ်သည်။

ဝိဓူရသခင်ချစ်မောင်၏ တစိုက်မတ်မတ် ရပ်တည်ခဲ့သော လမ်းစဉ်မှာ ''ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး''ဆိုသော ကြွေးကြော်သံဖြစ်ပြီး ကွယ်လွန်သည့်အချိန်အထိ ဝါရင့်နိုင်ငံရေးသမားများအဖွဲ့တွင်လည်း ဤကြွေးကြော်အတိုင်း ရပ်တည်ခဲ့သည်။



ဝါရင့်နိုင်ငံရေးသမားကြီး
ဝိဓူရ သခင်ချစ်မောင်

❖



# တပေါင်း ကျွန်တ

❖ အို .... လူသတ်သမား
စိတ်ထားရိုင်းဖြူ တို့ပြည်သူ၏
ရယူပိုင်သင့် လူ့အခွင့်ကို
ကမ်းလင့်ပေးပါ ငြိမ်းချမ်းစွာဖြင့်
ဗလာလက်နက် တို့ချီတက်စဉ်
ရက်စက်ရိုက်ချိုး ကန်ကျောက်ထိုး၍
တိုးဝှေ့လှသားပြေး ကျောင်းသားသွေးဖြင့်
အင်းယားနီနီ စွေးခဲ့သည်။

❖ အို .... လူသတ်သမား
တရားကရု သင်မပြုပဲ
ပြည်သူ၏သား တို့ကျောင်းသား၏
ပြည်သားတို့တွက် တောင်းဆိုချက်ကို
လက်နက်ပိုင်သူ အနိုင်ယူဟု
လူသားပေါ်စ ကျောက်ခေတ်မှထုံး
နှလုံးသွင်းလျက် သင်ရက်စက်လည်း
လက်ချင်းယှက်သွယ် စိတ်ချင်းနွယ်လျက်
မကွယ်ရှေ့တိုး တို့အရိုးကို
ကျည်မိုးမဖေါက်နိုင်ခဲ့ပြီ။

❖ အို .... လူသတ်သမား
အခုများမှ ချောက်ခြားတုန်လှုပ်
စိတ်အယုတ်အား ဖုန်းအုပ်ကွယ်ဝှက်
သွေးစွန်းလက်ကို မျက်နှာချိုဖြင့်
မူပိုကမ်းလင့် သင်လှမ်းဝံ့လည်း
တွေးချင့်ပြည်သား ဥပုသ်ကျားကို
အနားအကပ်မခံပြီ ။

❖ အို .... လူသတ်သမား
သင်ကားမာယာ ကြွယ်ဝပါလည်း
ဘယ်မှာတရား ညာမှာဒါးဟု
စွဲထားမှတ်ယူ တို့ပြည်သူသည်
ဆုသောနှလုံး နီမျက်လုံးဖြင့်
သီကုံးပတ်စီး စိတ်ပုတီးကို
သင့်ကြောင့်မြေမြုပ်ပြီးခဲ့ပြီ ။

❖ အို .... လူသတ်သမား
သင်နားဆင်လော့ ခေါက်တကျော့ဝယ်
မလျော့စိတ်တည် ဒေါင်းသွေးနီတို့
ပီပြင်ကြည်မြ အောင်ပွဲရလိမ့်
ဖိုးခအတွက် တို့အသက်ကို
လက်မတွန့်ပဲ တို့ပေးရလည်း
ခွေးဆွဲသောကျား သေခဲငြားသို့
တို့ကားမျက်ရည် ဝေခဲ့ပြီ ။

❖ အို .... လူသတ်သမား
ရက်ကားလပြောင်း နှစ်တို့ပြောင်းလည်း
မဟောင်းပျက်ကျေ တပေါင်းရှက်ကြွေ
ဒေါင်းမျက်ရည်ကို သက်သေထူကာ
ကျိန်ဆိုပါ၏ ။
ယုတ်မာပက်စက် သင့်မျိုးဆက်သည်
ကွယ်ဝှက်မျက်နှာ ညှိုးငယ်စွာဖြင့်
သံသရာတလျှောက် မြန်ပြည်ပျောက်ထိ
သမိုင်းတစ္ဆေခြောက်စေသော် ။ ။

မိုးမောင်မောင်
တံတားနီအရေးအခင်း (၁၇)နှစ်ပြည့်အမှတ်တရ

# နိုင်ငံတကာ

## သတင်းတိုထွာ

## အီရတ်စစ်ပွဲအတွင်းအမေရိကန်နှင့် ညွန့်ပေါင်းစစ်သား အကျအဆုံး

[စီအင်န်အင်န်]

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့ထိကျဆုံးသွားသော အမေရိကန်နှင့် ညွန့် ပေါင်းတပ်ဖွဲ့များမှအတည်ပြုပြီး စစ်သားဦးရေမှာ စုစုပေါင်း (၁,၆၆၈)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၁,၄၆၉)၊ ဗြိတိသျှစစ်သား (၈၆)ဦး၊ အီတလီစစ်သား (၂၀)ဦး၊ စပိန်စစ်သား (၁၁)ဦး၊ ဘူဂေးရီးယားစစ်သား (၇)ဦး၊ ယူကရိန်းစစ်သား (၁၇) ဦး၊ ပိုလန်စစ်သား (၁၇)ဦး၊ ထိုင်းစစ်သား (၂)ဦး၊ ဒိန်းမတ်စစ်သား (၁)ဦး၊ အစ်စ်တိုနီးယားစစ်သား (၂)ဦး၊ ဒတ်ချ်စစ်သား (၂)ဦး၊ ဟန်ဂေရီစစ်သား (၁)ဦး၊ လတ်ဗီယန်းစစ်သား (၁)ဦး၊ ဆလိုဗက်စစ်သား (၃)ဦး၊ ကာဇက်စစ်သား (၁)ဦး၊ ထိုင်းစစ်သား (၂)ဦးနှင့် ဆာဗေးဒိုးစစ်သား (၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ(၁၁,၀၆၉)ဦး ရှိပြီးဖြစ်သည်။

❖

## အီဂျစ်နိုင်ငံရေးပြုပြင်ပြောင်းလဲမှု

[International Hernald Tribune]

အီဂျစ်နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားပြင်ဆင်ရန် သမတ မူဘာရက်မှ အဆိုတရပ်တင်သွင်းခဲ့ရာ နှစ်ပေါင်း (၅၀)ကျော်ကြာ သက်ဦးဆံပိုင်အစိုးရများဖြင့် အုပ်ချုပ်ခဲ့သည် အီဂျစ်ပြည်၏ အဓိကနိုင်ငံရေးအပြောင်းအလဲကြီးတရပ် ပေါ်ထွန်းလာခဲ့သည်။ ထိုအဆိုပြုချက်အရ သမတကို တိုက်ရိုက်၊ လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့် ရွေးကောက်မည်ဖြစ်ပြီး နိုင်ငံရေးပါတီပေါင်းစုံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ရှိမည်ဖြစ်သည်။ ပြည်သူလူထုအနေဖြင့်လည်း မိမိဆန္ဒအလျောက် ကိုယ်စားလှယ်တဦးထက်ပိုမိုပြီးရွေးချယ်ခွင့် ရှိစေမည်ဖြစ်သည်။ သမတ မူဘာရက်သည် အာရပ်ကမ္ဘာတွင် လူဦးရေအများဆုံးဖြစ်သည့် အီဂျစ်ပြည်၏ သမတအဖြစ် ၁၉၈၁ ခုနှစ်မှစ၍ ပြိုင်ဘက်မရှိ တာဝန်ယူခဲ့သူဖြစ်သည်။

❖

## တရုတ် နျူကလီယားဓာတ်ပေါင်းဖို

[ International Herald Tribune]

အမေရိကန်ရှိ ဝါရှင်တန်ဟောက်စ် အီလက်ထရစ်ကုမ္ပဏီက နျူကလီးယားဓာတ်ပေါင်းဖိုကြီး (၄)လုံး တည်ဆောက်ရေးအတွက် တရုတ်ပြည်အား ဒေါ်လာ (၅)ဘီလျံနီးပါး အကူအညီပေးရန် သဘောတူလိုက်သည်။ ဝါရှင်တန်ဟောက်စ် အီလက်ထရစ်ကုမ္ပဏီကို ယခင်က ဗြိတိသျှ နျူကလီးယားလောင်စာလီမိတက်ဟု လူသိများသည့် BNFL မှတဆင့် ဗြိတိသျှအစိုးရက ပိုင်ဆိုင်သည့်အတွက် ဤလုပ်ငန်းသည် ဗြိတိသျှအစိုးရအတွက်လည်း အမြတ်အစွန်းထွက်မည်ဖြစ်သည်။ တရုတ်ပြည်က နောက်ထပ် စက်ရုံအများအပြားတည်ဆောက်မည်ဖြစ်ပြီး ယခုအမေရိကန်ပြည်ထောင်စုတွင်ထုတ်လုပ်နေသည့် ထိုစက်ရုံ၏ စက်ကရိယာ အစိတ်အပိုင်းများကို လွှဲပြောင်းယူမည်ဖြစ်ခြင်းကြောင့် ဤလုပ်ငန်းသည် အမေရိကန်၏ နည်းပညာတင်ပို့မှုကို ထိခိုက်စေမည်ဖြစ်ကြောင်း အိုဟိုင်းယိုး ဒီမိုကရက်အမတ် ဒင်းနစ်ကူစီနစ်ချ်က ထောက်ပြဝေဖန်ခဲ့သည်။

❖

## တိုဂို ပဋိပက္ခ

**[ဘီဘီစီ]**

အာဖရိကတိုက်အတွင်းရှိ တိုဂိုနိုင်ငံအား နှစ်ပေါင်း (၃၈)နှစ်ကြာအုပ်ချုပ်ခဲ့သည့် Eyadema Gnassingbe ကွယ်လွန်ပြီး၌ သားဖြစ်သူ Faure Gnassingbe က စစ်တပ်ထောက်ခံမှုဖြင့် အာဏာဆက်လက်ယူခဲ့ရာ တိုင်းပြည်တဝှမ်းလုံးတွင် ဆန္ဒပြမှုများဖြစ်ပွားနေသည်။ (၅၃)နိုင်ငံပါဝင်သည့် အာဖရိကသမဂ္ဂနှင့်အာဖရိကဒေသတွင်း ဒေသတွင်းအဖွဲ့အစည်းဖြစ်သည့် Ecowas က အာဏာရယူထားသူ မစ္စတာဖိုးအားရာထူးမှ ချက်ချင်းဖယ်ပေးရန်နှင့် အခြေခံဥပဒေကိုလေးစားရန် တောင်းဆိုခဲ့ပြီး တိုဂိုအပေါ် မူလက Ecowas မှ စီးပွားရေးပိတ်ဆို့အရေးယူမှုအား အာဖရိကသမဂ္ဂမှ ထပ်မံထောက်ခံမဲပေးလိုက်သည်။ မစ္စတာဖိုးက ရက်ပေါင်း (၆၀)အတွင်း ရွေးကောက်ပွဲပြုလုပ်ပေးမည်ဟု အာမခံခဲ့သည်။ အခြေခံဥပဒေနှင့် မလျော်ညီပဲ အာဏာယူထားသည့်အတွက် နောင်ကျင်းပမည့်ရွေးကောက်ပွဲသည် တရားမဝင်ကြောင်း အာဖရိကသမဂ္ဂက ပြောကြားလိုက်သည်။ ❖

## ဥရောပသမဂ္ဂ၏ကာကွယ်ရေးသြဇာအာဏာ ကြီးမားရေး ပြင်သစ်နှင့်ဂျာမဏီ တောင်းဆို



ပြင်သစ်သမတ ဂျက်ရှီရတ်

**ဖေဖော်ဝါရီ၊ (၂၂)ရက်။**

မြောက်အတ္တလန်တိတ် စစ်ရေးမဟာမိတ်စာချုပ်အဖွဲ့ (NATO)၏ အနာဂတ် အခန်းကဏ္ဍနှင့်ပတ်သက်၍ အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်နှင့် ငြင်းခုံဆွေးနွေးပြီးနောက် အီးယူ၏ အတ္တလန်တိတ်လွန် ကာကွယ်ရေးသြဇာအာဏာ ထူထောင်ရေးအတွက် ပြင်သစ်သမတ ဂျက်ရှီရတ်နှင့် ဂျာမန်အဓိပတိ ရှရိုးဒါးတို့က တောင်းဆိုခဲ့သည်။ ရှီရတ်နှင့် ရှရိုးဒါးတို့က အီးယူသည် စစ်ရေးလုံခြုံမှုအတွက် NATO ၏ နယ်နမိတ်ထက် ကျော်လွန်၍ ကြည့်ရမည်ဖြစ်ကြောင်း သမတဘုရှ်တက်ရောက်သည့် ဘရပ်ဆယ်လ် ထိပ်သီးဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

"အတ္တလန်တိတ်လွန် ဆက်ဆံရေးကို ဘယ်လိုစီမံခန့်ခွဲမယ်ဆိုတာနဲ့ ပတ်သက်လို့တော့ ဂျာမဏီနဲ့ ပြင်သစ်အကြားမှာ ယုံကြည်ရတဲ့ တူညီမှုတော့မရှိသေးဘူး။ အမေရိကန်လည်း အီးယူနဲ့ ဆက်ဆံရေးအသစ် စတင်ထူထောင်ဖို့ လုံးပမ်းနေတယ်။ ဒါပေမယ့် ဂျာမဏီကော ပြင်သစ်ကပါ ဒီဆက်ဆံရေးအပေါ်မှာ အမေရိကန်ကို သူ့သဘောထားအတိုင်း လုပ်ခွင့်မပေးချင်ကြဘူး"ဟု ဘာလင်မှ နိုင်ငံရေးပါမောက္ခ ပီတာရှမစ်က ပြောကြားခဲ့သည်၊ ဘုရှ်အနေဖြင့် ၂၁ ရာစုအကြမ်းဖက်စစ်ပွဲအား တိုက်ခိုက်ရန်အတွက် စစ်အေးခေတ်မဟာမိတ်ဖွဲ့မှုကို ပြန်လည်ရှင်သန်ရန် လုပ်ချင်နေသည်။ ဥရောပသမဂ္ဂအနေဖြင့် အီရတ်စစ်ပွဲတွင် အမေရိကန်ပါဝင်မှုနှင့်ပတ်သက်၍ ဘက်နှစ်ဖက်ကွဲနေခြင်းအပေါ် ဘုရှ်က ပြန်လည်ဆက်စပ်ပေးရန်ကြိုးစားနေသည်။ ထို့ပြင် ပေါင်းစည်းသောဥရောပသည် ကမ္ဘာ့လုံခြုံရေးအတွက် အခြေခံအုတ်မြစ်အနေဖြင့်ရှိကြောင်း ၎င်းက ထောက်ခံပြောဆိုခဲ့သည်။ အီရတ်စစ်ပွဲကာလက ဗြိတိန်၊ အီတလီ၊ စပိန်နှင့် အရှေ့ဥရောပနိုင်ငံအများစုသည် အမေရိကန်၏မဟာမိတ်အဖြစ်ရပ်တည်ကြပြီး၊ ဂျာမဏီ၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံတို့က ဆန့်ကျင်ကြသည်။ ❖

## အမေရိကန်နှင့်ထိပ်သီးတွေ့ဆုံပွဲရလာဒ် ကျေနပ်ကြောင်း ရုရှားသမတ ပြောဆို

**အေပီ။**

မော်စကို၏ ဒီမိုကရေစီဖွံ့ဖြိုးမှုအပေါ်တွင် အငြင်းပွားမှုများရှိသော်ငြားလည်း ဆလိုဗက်တွင်ပြုလုပ်သည့် ထိပ်သီးဆွေးနွေးပွဲရလာဒ်များအပေါ် ကျေနပ်မိကြောင်း ရုရှသမတ ဗလာဒီမာပူတင်က (၂၅)ရက်နေ့က ပြောကြားခဲ့သည်။ (၂၄)ရက်နေ့က၊ ဆလိုဗက်နိုင်ငံ၊ ဘရာတီဆလာဗာမြို့၌ ကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲ၌ နှစ်ဖက်ပွင့်လင်းစွာပြောဆိုရာတွင် သမတဘုရှ်က ရုရှနိုင်ငံ၏ ဒီမိုကရေစီ နောက်ပြန်ဆုတ်နေခြင်းနှင့် ပတ်သက်၍ သတိပေးပြောကြားခဲ့သည်။ သို့သော် ရုရှသမတသည် အမေရိကန်ပြည်ထောင်စု၏ ယုံကြည်စိတ်ချရသည့် အဖော်အဖြစ်ရှိနေဆဲဖြစ်ကြောင်းကိုလည်း အခိုင်အမာပြောကြားခဲ့သည်။ ရုရှသမတပူတင်ကလည်း ၎င်း၏နိုင်ငံသည် လွန်ခဲ့သည့် (၁၄)နှစ်က ဆိုဗီယက်ယူနီယံပြိုကွဲခဲ့ချိန်မှစ၍ လျှောက်လှမ်းခဲ့သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ ပြန်လည်နောက်ဆုတ်မည် မဟုတ်ကြောင်းပြောကြားလိုက်ပြီး၊ ၎င်း၏ ပြည်တွင်းရေးကိစ္စများအပေါ် မည်သို့မည်ပုံဆောင်ရွက်ရမည်ဆိုသည့် အနောက်ကမ္ဘာ၏ သင်ကြားချက်များကို လက်မခံကြောင်း ရှင်းရှင်းလင်းလင်းပြောကြားခဲ့သော်လည်း ဘုရှ်နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးရသည်မှာ အကျိုးရှိကြောင်း ပြောကြားခဲ့သည်။ အနောက်တိုင်းနှင့် ရုရှားပြည်သူ့အခွင့်အရေးလှုပ်ရှားသူများက ပူတင်သည် ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများကို ဖျက်သိမ်းပစ်လိုက်ခြင်း၊ ယူကိုရေနံကုမ္ပဏီအားအငြိုးဖြင့် နှိပ်စက်နေခြင်းနှင့် ကရင်မလင်မှ မီဒီယာများအပေါ်တင်းကျပ်စွာ ချုပ်ကိုင်နေခြင်း စသည်အားဖြင့် ဒီမိုကရေစီကို ချုပ်ချယ်နေကြောင်း၊ စွပ်စွဲပြောဆိုလိုက်သည်။ ထို့ပြင် ယူကရိန်း၏ လွတ်လပ်စွာရွေးကောက်ပွဲကိုလက်ခံရန် ရုရှအနေဖြင့် ဆန္ဒမရှိကြောင်း နောက်ဆုံးနမူနာကိုထောက်ပြပြီး ပူတင်သည် ဆိုဗီယက်အုပ်စုဝင်ဟောင်းနိုင်ငံများ၏ ဒီမိုကရေစီ အပြောင်းအလဲများအား ထိန်းချုပ်ရန် ကြိုးပမ်းနေမှုကို ၎င်းတို့အနေဖြင့် စိုးရိမ်နေကြသည်။

ထို့ပြင်ချင်ညာ (Chechnya)ခွဲထွက်ရေးသမားများအပေါ် ချေမှုန်းနေခြင်းနှင့် တောင်ပိုင်းပြည်နယ်ရှိ အရပ်သားများအား ညှင်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်နေခြင်းများအပါအဝင် ဆိုးဝါးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်နေသည်ဟု ဥရောပလူ့အခွင့်အရေးတရားရုံးက ဖေဖော်ဝါရီ (၂၄)ရက်နေ့က ထုတ်ပြန်လိုက် သည်။



ရုရှားသမတ ဗလာဒီမာပူတင်

❖

## ဆက်ဒမ်ဟူစိန်၏ညီ ဖမ်းဆီးရမိ



ဆက်ဒမ်ဟူစိန်၏ညီဖြစ်သူ
အယ်လ်ဟာ့ဆမ် အယ်လ်တီကရစ်

[International Herald Tribune]

အီရတ် လက်နက်ကိုင်ဆန့်ကျင်နေသူများအား အဓိကဘဏ္ဍာရေးထောက်ပံ့နေသူဟု သံသယရှိသူ ဆက်ဒမ်ဟူစိန်၏ညီဖြစ်သူ ဆဘာဝီအီဘရာဟင် အယ်လ်ဟာ့ဆမ်အယ်လ်တီကရစ်အား ဖမ်းဆီးရမိကြောင်း အီရတ်အစိုးရက ဖေဖော်ဝါရီ (၂၇)ရက်နေ့က ကြေညာလိုက်သည်။ ၎င်းသည် အမေရိကန်အစိုးရ အလိုချင်ဆုံး အီရတ် (၅၅)ဦးထဲတွင် နံပါတ် (၃၆)ယောက်မြောက်ဖြစ်ပြီး ယခင်ဆက်ဒမ်ဟူစိန်လက်ထက်က ပြည်တွင်းထောက်လှမ်းရေးဌာနနှင့် လုံခြုံရေးဌာန၏ ခေါင်းဆောင်တဦးလည်းဖြစ်သည်။ ၎င်းသည် ဆီရီးယား၌ ခိုလှုံနေပြီး အီရတ်ရှိ ပြောက်ကျားအဖွဲ့များအား ငွေအမြောက်အများထောက်ပံ့နေသူဟု ယုံကြည်ရပြီး လွန်ခဲ့သည့်တပတ်ကျော်က ဆီးရီးယားအစိုးရက အခြားသူပုန်ဖြစ်သူဟု ယူဆရသူ (၂၉)ဦးနှင့်အတူ ဖမ်းဆီးခဲ့ပြီး အီရတ်အစိုးရသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာနက ပြောဆိုခဲ့သည်။

❖

# နိုင်ငံတကာ

## နေတိုးနှင့် အရှေ့အလယ်ပိုင်း ဆက်ဆံရေး ဆွေးနွေးမှုတိုးမြှင့်

**ဖေဖော်ဝါရီ၊ (၂၄)ရက်။ ဘီဘီစီ**

နေတိုးအတွင်းရေးမှူးချုပ် ဂျက်ဒီဟု ရှက်ဖားသည် အစ္စရေးသို့သွားရောက်လည်ပတ်ပြီး နှစ်ဖက်စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်ဆွေးနွေးခဲ့ကြသည်။ သို့သော် လာမည့်အနာဂတ်တွင် အစ္စရေးနိုင်ငံအား နေတိုးအဖွဲ့ဝင်ဖြစ်လာမည့်အလားအလာကိုမူ ထည့်သွင်းဆွေးနွေးခြင်းမပြုချေ။ ဤစ္စရေးနိုင်ငံက (၂၆)နိုင်ငံ နေတိုးမဟာမိတ်အဖွဲ့တွင် ပူးပေါင်းပါဝင်ရန် စိတ်ဝင်စားမှုပြဆိုခဲ့သည်။ သို့သော် မစ္စတာ ဟုရှက်ဖားက ဤစိတ်ကူးသည် အာရပ်နိုင်ငံများနှင့် ရန်ဘက်ဖြစ်လိမ့်မည်ဆိုခြင်းကို အစ္စရေးအားရှင်းရှင်းလင်းလင်း ပြောကြားခဲ့သည်။ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးခဲ့လျှင် နေတိုးအနေဖြင့် ငြိမ်းချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့များ စေလွှတ်ရေးကို စဉ်းစားမည်ဟု ပြောဆိုခဲ့သည်။ မစ္စတာ ဟုရှက်ဖား၏လည်ပတ်မှုသည် နေတိုးနှင့် အစ္စရေးအကြား ဆက်ဆံရေးတိုးမြှင့်လာကြောင်း ပြသသည့်အနေအထားလည်းဖြစ်သည်။ နှစ်ဖက်စလုံးသည် စစ်ရေးပူးတွဲလေ့ကျင့်မှုများ လုပ်ဆောင်ကြပြီး ထောက်လှမ်းရေးသတင်းများ ဖလှယ်ခြင်းနှင့် လူအများသေကြေပျက်စီးနိုင်သည့်လက်နက်များ မပြန့်ပွားရေးစသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်ရန် စိတ်ဝင်စားကြသည်။ အစ္စရေးသတင်းစာ ဟာရက်နှင့် တွေ့ဆုံမေးမြန်းမှုတွင် အစ္စရေးနှင့်အခြားအရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ဆွေးနွေးရာ၌ ဒေသတွင်းရှိဖြစ်ပျက်နေသည့် ထိလွယ်ရှလွယ်အနေအထားများအား မျှမျှတတရှိစေရန် ဂရုတစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ဤကဲ့သို့ဆွေးနွေးမှုများတွင် အနာဂတ်၌ နေတိုးအဖွဲ့ဝင်ဖြစ်ရေးသည် ပထမခြေလှမ်းမဟုတ်ကြောင်းနှင့် အစ္စရေးနှင့်မူ နိုင်ငံရေးနှင့်လက်တွေ့ဆက်ဆံရေးများတွင် တိုးမြှင့်ဆက်ဆံသွားလိုကြောင်း ရှင်းလင်းစွာထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့ပြင် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်မည်မဟုတ်ကြောင်းနှင့် လိုအပ်၍တပ်များဖြန့်ကျက်ရပါကလည်း ကုလသမဂ္ဂ၏သဘောထား လိုအပ်မည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။



နေတိုးအတွင်းရေးမှူးချုပ်
ဂျက်ဒီဟု ရှက်ဖား

❖

## ကမ္ဘာ့လူဦးရေ ၄၀ ရာခိုင်နှုန်း တိုးပွားမည် ကုလသမဂ္ဂစာရင်းထုတ်ပြန်

**ဖေဖော်ဝါရီ၊ (၂၈)ရက်။ ဘီဘီစီ**

ကမ္ဘာတဝှမ်းလုံးရှိ လက်ရှိလူဦးရေ (၆.၁ ဘီလျံ)မှ သက္ကရာဇ်၂၀၅၀ ၌ (၉.၃) ဘီလျံထိ တိုးပွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူဦးရေဌာနမှ အစီရင်ခံစာထုန်ပြန်လိုက်သည်။ တိုးပွားမှုအများဆုံးဒေသမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၌ လူဦးရေ (၁.၂ဘီလျံ)သာ ရပ်တန့်နေမည်ဟု ဖော်ပြထားသည်။ အိန္ဒိယသည် မူလခန့်မှန်းထားသည်ထက် (၅)နှစ်စောပြီး သက္ကရာဇ် ၂၀၃၀ ၌ တရုတ်လူဦးရေထက် ကျော်လွန်သွားမည်ဖြစ်သည်။ အဆင်းရဲဆုံးနိုင်ငံ (၅၀)တွင် ၂၀၅၀ ခုနှစ်၌ လူဦးရေနှစ်ဆကျော်တိုးပွားလာမည်ဖြစ်ပြီး အာဖဂန်နစ္စတန်၊ ချတ်ဒ်နှင့် အရှေ့တီမောတို့၌ (၃)ဆတိုးလိမ့်မည်ဖြစ်သည်။

အာဖရိကဒေသမှာမူ အခြားနိုင်ငံများနှင့်မတူပဲ မွေးဖွားနှုန်းကျဆင်းပြီး ပျမ်းမျှဘဝသက်တန်းမှာလည်း ၁၉၉၅ ခုနှစ်တွင် (၆၂) နှစ်မှ ၂၀၀၀ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း (၄၈)နှစ်အထိ ကျဆင်းသွားမည်ဖြစ်သည်။ အဓိကပြဿနာမှာ ပဋိပက္ခများနှင့် စီးပွားရေးရပ်တန့်နေခြင်းများ စသည်တို့ကဲ့သို့ အိပ်ချ်အိုင်ဗွီ–အေ့ဒ်စ်ရောဂါ အဆက်မပြတ်ပြန့်ပွားနေခြင်းနှင့် အခြားကူးစက်ရောဂါများကြောင့်ဖြစ်သည်။ ကလေးမွေးဖွားနှုန်းမှာလည်း အမျိုးသမီးတယောက်လျှင် ပျမ်းမျှ (၂.၆)ယောက်နှုန်းရှိရာမှ ၂၀၅၀ခုနှစ်တွင် (၂)ယောက်ထက် နည်းနည်းကျော်လွန်ရှိလောက်သာရှိတော့မည်ဟု ခန့်မှန်းထားသည်။ သို့သော် ဘော့စ်ဝါးနား၊ ဇင်ဘာဘွေတို့ကဲ့သို့ နိုင်ငံများတွင်မူ မွေးဖွားနှုန်းမြင့်တက်မှုကြောင့် လူဦးရေတိုးပွားနှုန်း ထူးထူးခြားခြားပင် ရှိနေလိမ့်ဦးမည်ဖြစ်သည်။

တကမ္ဘာလုံး၌ နှစ်စဉ် လူဦးရေတိုးပွားနှုန်းမှာ (၁.၃%)ဖြစ်သည်။ တနှစ်လျှင် (၇၇) သန်းဖြစ်ပြီး ထိုလူဦးရေထဲတွင် အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်၊ နိုင်ဂျီးရီးယား၊ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှား (၆)နိုင်ငံမှ တဝက်ခန့်ဖြစ်သည်။ နောက် (၅)နှစ်ကျော်အတွင်း အေ့ဒ်စ်ရောဂါကဲ့သို့ ကူးစက်ရောဂါဖြစ်ပွားနေသည့်အဆိုးဝါးဆုံးနိုင်ငံ (၃၄)နိုင်ငံ၌ (၁၅)သန်းကျော် သေဆုံးလိမ့်မည်ဖြစ်ကြောင်း အစီရင်ခံစာကဖော်ပြထားသည်။

ဥရောပကဲ့သို့ နိုင်ငံများတွင်မူ သက်ကြီးရွယ်အို လူဦးရေတိုးပွားလာနေမှုကြောင့် လူဝင်မှုကြီးကြပ်ရေး၊ ပင်စင်နှင့် အခြားလူမှုဖူလုံရေးပြဿနာများနှင့် ပတ်သက်သည့် အနာဂတ်အစိုးရမူဝါဒများတွင် နောက်ဆက်တွဲပြဿနာများ ဆိုးဝါးစွာကြုံတွေ့ရမည်ဖြစ်သည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

❖

## နီပေါဘုရင်မှ ဒီမိုကရေစီဖျက်သိမ်းပြီး အာဏာသိမ်းယူ

**ဖေဖော်ဝါရီ၊ (၂၄)ရက်။ တိုင်းမဂ္ဂဇင်း**

နိုင်ငံရေးသမားများအား အယုံအကြည်မရှိကြောင်းပြောဆိုလိုက်ပြီး နိုင်ငံအားအရေးပေါ်အခြေအနေကြေညာကာ နီပေါနိုင်ငံ၏ (၁၄)နှစ်ကြာ ဒီမိုကရေစီအခြေအနေကို ဖေဖော်ဝါရီလ (၁)ရက်နေ့က ဘုရင်ဂျန်နင်ဒရာက အဆုံးသတ်လိုက်ပြီး အကြွင်းမဲ့အာဏာကို ပြန်လည်သိမ်းယူခဲ့သည်။

၎င်းအနေဖြင့်တိုင်းပြည်အား ဝန်ကြီးများကောင်စီဖြင့်အများဆုံး (၃)နှစ် အုပ်ချုပ်မည်ဖြစ်ကြောင်းနှင့် မော်ဝါဒီပုန်ကန်မှုကိုလည်း အဆုံးသတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတဝှမ်းလုံးတွင် ကျောင်းသားတက်ကြွလှုပ်ရှားသူများမှအစ လူ့အခွင့်အရေးလှုပ်ရှားသူများအပါအဝင် ထင်ရှားသော နိုင်ငံရေးသမားများအားလုံး ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထို့ပြင် ဘုရင်မှခန့်ထားသည့် ပြည်ထဲရေးဝန်ကြီးကလည်း အရေးပေါ်အခြေအနေကြေညာက လွတ်လပ်စွာပြောဆိုခွင့်၊ စုရုံးခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့် သမဂ္ဂများနှင့် အသင်းအပင်းဖွဲ့ခွင့်များနှင့် အကြောင်းပြချက်မရှိဘဲ (သို့မဟုတ်) တရားစွဲဆိုခြင်းမရှိဘဲ ဖမ်းဆီးပိုင်ခွင့်မရှိသည့် အခွင့်အရေးများကို ပြန်လည်ရုတ်သိမ်းလိုက်သည်။ မော်ဝါဒီ နီပေါကွန်မြူနစ်ပါတီခေါင်းဆောင် ပရာချန်ဒါက ဂျန်နင်ဒရာအား လူမျိုးတုန်းသတ်ဖြတ်သည့် ဖေါက်ပြန်သည့်အမျိုးသားသစ္စာဖောက်အဖြစ် ရှုတ်ချပြောဆိုလိုက်သည်။

နီပေါနိုင်ငံသည် ၁၉၉၁ ခုနှစ်၌ ပထမဆုံးအကြိမ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပခဲ့ရာ ဂီရီဂျာကွာရာလာသည် နီပေါနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် မော်ဝါဒီ နီပေါကွန်မြူနစ်ပါတီက ဘုရင်စနစ်အားဖယ်ရှားရန်ရည်ရွယ်၍ လက်နက်ကိုင်ပုန်ကန်မှု စတင်ခဲ့သည်။ ၂၀၀၁ ခုနှစ် ဇွန်လ(၁)ရက်က အိမ်ရှေ့မင်းသား ဒီပင်ဒရာက ဘုရင်ဘီရင်ဒရာနှင့်မိဖုရား အစ်ရှ်ဝါရနှင့် အခြားမိသားစုဝင် (၇)ဦးတို့အား လုပ်ကြံသတ်ဖြတ်ပစ်လိုက်ပြီး ၎င်းကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုအဆုံးစီရင်သည့် နန်းတွင်းအရေးအခင်းကြီး ဖြစ်ပွားခဲ့သည်။ ထိုအချိန်မှစ၍ ပြည်သူများက ဘုရင်စနစ်အပေါ်ယုံကြည်မှု လျော့ပါးလာကြသည်။

၂၀၀၁ ခုနှစ်၊ ဇွန်လ (၄)ရက်နေ့တွင် ဂျန်နင်ဒရာက ဘုရင်ဘွဲ့ခံယူခဲ့ပြီး၊ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလတွင် ဝန်ကြီးချုပ် ရှားဗဟာဒူးဒူဘားအား ထုတ်ပယ်ပစ်လိုက်ပြီး ၎င်းအားသစ္စာခံသည့် ဆူရာဗဟာဒူးသာပါအား ခန့်အပ်လိုက်သည်။ ထိုကာလတွင် မော်ဝါဒီ လက်နက်ကိုင်အတိုက်အခံများနှင့် အပစ်အခတ်ရပ်စဲရန် ကြိုးပမ်းခဲ့သော်လည်း ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် (၇)လကြာ အပစ်အခတ်ရပ်စဲမှုမှာ အဆုံးသတ်ခဲ့သည်။ ထို့နောက် တိုင်းပြည်အဝှမ်း ဆန္ဒပြမှုများဖြစ်ပွားကာ ဝန်ကြီးချုပ် သာပါ ဆင်းပေးလိုက်ရပြီး ၂၀၀၄ ခုနှစ်၊ ဇွန်လ၌ ဒူဘားအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ်ခဲ့သည်။ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)မှာ တိုင်းပြည်၏ သုံးပုံနှစ်ပုံကို ထိန်းချုပ်ထားသည်။ နီပေါနိုင်ငံတွင် ၁၉၉၆ ခုနှစ် မော်ဝါဒီများပုန်ကန်ချိန်မှစတင်၍ ယခုထိ ပြည်သူပေါင်း (၁၁,၀၀၀) ခန့် သေဆုံးခဲ့ရသည်။



နီပေါ ဘုရင်ဂျန်နင်ဒရာ

❖

## ကွန်ဂိုတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသူ (၉)ဦး အသတ်ခံရ

**ရိုက်တာ။**

ဖေဖော်ဝါရီ (၂၅)ရက်နေ့က ကွန်ဂိုဒီမိုကရက်တစ်သမတနိုင်ငံအရှေ့ပိုင်း၌ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသည့် တပ်ဖွဲ့ဝင်များဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား (၉)ဦးကို ဒေသခံပြည်သူ့စစ်များက သတ်ပစ်လိုက်ကြောင်း၊ ဤတိုက်ခိုက်မှုသည် အာဖရိကအလယ်ပိုင်းရှိ ကုလသမဂ္ဂတပ်ဖွဲ့များအပေါ် အဆိုးဝါးဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ အခင်းဖြစ်ပွားသည့်ဒေသသည် ယခင်ဇိုင်ယာနိုင်ငံ၏ အီတူရီ (Ituri)ခရိုင်ဖြစ်ပြီး ဥပဒေစိုးမိုးမှုမရှိသည့် ဒေသလည်းဖြစ်သည်။ ထိုဒေသတွင် ကုလသမဂ္ဂတပ်ဖွဲ့အင်အား (၄၈၀၀)ချထားပြီး ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မောရိုကိုနှင့် နီပေါနိုင်ငံများမှ တပ်ဖွဲ့များ ဝေပုံကျပါဝင်ဖွဲ့စည်းထားသည်။ ကွန်ဂိုတွင် စုစုပေါင်း ကုလသမဂ္ဂတပ်ဖွဲ့အင်အား (၁၆,၀၀၀)ရှိပြီး ကမ္ဘာပေါ်တွင် အကြီးမားဆုံးငြိမ်းချမ်းရေးထိန်းသိမ်းမှု ဆောင်ရွက်ရေးလုပ်ငန်းလည်းဖြစ်သည်။ အီတူရီသည် ကွန်ဂိုနိုင်ငံ၏ အဆိုးဝါးဆုံးဒုက္ခရောက်သည့်နေရာများထဲမှတခုဖြစ်ပြီး ထိုနေရာတွင် (၁၉၉၉)ခုနှစ်မှစ၍ တိုင်းရင်းသားပြည်သူ့စစ်များက အရပ်သားပေါင်း (၅၀,၀၀၀)ကျော် သတ်ဖြတ်ခဲ့သည်။ ယခင် ဘယ်လ်ဂျီယံ၏ ကိုလိုနီနိုင်ငံဖြစ်ခဲ့ဘူးသည့် ကွန်ဂိုသည် ပြည်တွင်းစစ်ပထမအဆင့်တွင် အိမ်နီးခြင်း (၆)နိုင်ငံမှ ပါဝင်ပတ်သက်ခဲ့ပြီး ယခုအခါ (၅)နှစ်ကြာပြီဖြစ်သည့် ပြည်တွင်းစစ်ကြီးမှ ပြန်လည်ရုန်းထွက်နိုင်ရန် လုံးပမ်းနေရသည်။ အပြည်ပြည်ဆိုင်ရာ ကူညီရေးအဖွဲ့များအဆိုအရဆိုလျှင် ပြည်တွင်းစစ်အတွင်း ပြည်သူပေါင်း (၄)သန်းနီးပါး အသတ်ခံခဲ့ရသည်။ အီတူရီဒေသ၌ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ အများအပြားချထားသော်လည်း အရပ်သားများအားသတ်ဖြတ်မှုမှာ မကြာခဏဖြစ်ပေါ်နေဆဲဖြစ်သည်။ လွန်ခဲ့သည့် (၂)လကာလအတွင်း ပြည်သူ့စစ်များအကြား တိုက်ပွဲများကြောင့် အရပ်သားပေါင်း (၇၀,၀၀၀)ခန့် ရွှေ့ပြောင်းခဲ့ရသည်ဟု ကယ်ဆယ်ရေးလုပ်သားများက ပြောဆိုသည်။

❖

## အီရန်အမျိုးသမီးများ အခြေအနေ

**[ဘီဘီစီ]**

အီရန်ရှိအမျိုးသမီးများအခွင့်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာမှ စိုးရိမ်ပူပန်မှုများ တိုးပွားနေဆဲဖြစ်သည်။ ဒီဇင်ဘာလက ကျင်းပခဲ့သည့်ကုလသမဂ္ဂအထွေထွေညီလာခံက အီရန်ရှိအမျိုးသမီးများနှင့် မိန်းခလေးများအပေါ်ခွဲခြားဆက်ဆံခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြင်းအထန်ရှုံ့ချရန် မဲပေးခဲ့သည်။ အီရန်တရားဥပဒေအရ အသက် (၉)နှစ်ကျော်သည့်မိန်းခလေးများနှင့် (၁၆)နှစ်ကျော်သည့် ယောကျ်ားလေးများသည် လူသတ်မှုနှင့်မုဒိန်းမှုစသည့် ရာဇဝတ်မှုများကျူးလွန်လျှင် သေဒဏ်အပြစ်ပေးခံရသည်။ ထို့ပြင် လက်မထပ်ရသေးဘဲ လိင်ဆက်ဆံမှုပြုလျှင် တရားမဝင်ဘဲ သေဒဏ် ကျခံရနိုင်သည်။ ❖

# နအဖအား ကျားကန်ပေးထားသည့် တိုတယ်ရေနံကုမ္ပဏီကို ဖွင့်ချပြလိုက်သည့် အစီရင်ခံစာထွက်ပြီ



**ထိုင်း-မြန်မာနယ်စပ် နတ်အိမ်တောင်ဒေသမှ** TOTAL **ကုမ္ပဏီပိုင် ဓာတ်ငွေ့ပိုင်းလိုင်း**

ဗမာပြည်ရေးရာလှုပ်ရှားမှုအဖွဲ့ (ဗြိတိန်) က ရက်စက်ကြမ်းကြုတ်သည့် ဗမာပြည် စစ်အာဏာရှင်အစိုးရအား ငွေကြေးထောက်ပံ့နေခြင်းများနှင့် အကာအကွယ်ပေးနေခြင်းများတွင်တိုတယ် (TOTAL)ရေနံကုမ္ပဏီကြီးသည် အဓိကအခန်းမှ မည်သို့မည်ပုံပါဝင်နေသည်ကို ထုတ်ဖော်လိုက်သည့် အစီရင်ခံစာတစောင်ကို ဖေဖော်ဝါရီလ (၂၁)ရက်နေ့က ထုတ်ပြန်လိုက်သည်။

၎င်းအစီရင်ခံစာထုတ်ပြန်ချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် နိုင်ငံပေါင်း (၁၈)နိုင်ငံမှ အဖွဲ့အစည်းပေါင်း (၄၀)တို့က တိုတယ်အားဆန့်ကျင်ကန့်ကွက်သည့် လှုပ်ရှားမှုကြီးကို တကမ္ဘာလုံးတွင် စတင်ပြုလုပ်နေချိန်လည်းဖြစ်သည်။ ပြင်သစ်ရေနံ ကုမ္ပဏီကြီးဖြစ်သည့် တိုတယ်သည် ဗြိတိန်တွင်စတုတ္ထအကြီးဆုံးနှင့်ကမ္ဘာပေါ်တွင်လည်း စတုတ္ထအကြီးဆုံး ရေနံကုမ္ပဏီကြီး ဖြစ်သည်။

အစီရင်ခံစာ၌ဖော်ပြထားသည်မှာ တိုတယ်သည် စစ်အုပ်စုအား ငွေကြေးထောက်ပံ့နေသည့် ဥရောပကုမ္ပဏီများပေါင်းစည်းထားသော အဖွဲ့အစည်းကြီးဖြစ်ကြောင်း၊ ရတနာဓာတ်ငွေ့စီမံကိန်းတွင် ပါဝင်နေပြီး စစ်အုပ်စုအတွက် နှစ်စဉ်ဒေါ်လာသန်းပေါင်း (၂၀၀)နှင့် (၄၅၀)ကြား ရှာပေးနေသည်ဟု ယုံကြည်ရကြောင်းနှင့် တိုတယ်ကုမ္ပဏီကြီး ဗမာပြည်တွင်တည်ရှိနေခြင်းက ပြင်သစ်၊ ဥရောပသမဂ္ဂနှင့်ဗြိတိန်တို့၏ ဗမာပြည်ဆိုင်ရာ နိုင်ငံခြားရေး မူဝါဒများတွင် ဩဇာလွှမ်းမိုးနေကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပြင်သစ်အစိုးရက တိုတယ်အားကာကွယ်ရန်အတွက် ဥရောပသမဂ္ဂအား ထိရောက်သည့်စီးပွားရေးပိတ်ဆို့မှုများမလုပ်နိုင်ရန် ဗီတိုအာဏာဖြင့် ပယ်ချနေသောကြောင့်ဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့ပြင် တိုတယ်၏ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်နေသည့် ဒေသများ၌ ပိုက်လိုင်း လုံခြုံရေးယူထားသည့် တပ်ဖွဲ့များက လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြောက်မက်ထိတ်လန့်ဖွယ်ရာ ကျူးလွန်နေကြောင်းနှင့် တိုတယ်၏ ဓာတ်ငွေ့စီမံကိန်းသည် လက်နက်ရောင်းချမှုနှင့် နီးကပ်စွာဆက်စပ်ပတ်သက်နေကြောင်း၊ စစ်အစိုးရသည် ဓာတ်ငွေ့တင်ပို့မှုမှရရှိသော ပထမဆုံးပေးချေသည့်ငွေဖြင့် ရုရှမှ အမ်အိုင်ဂျီအမျိုးအစား ဂျက်တိုက်လေယာဉ် (၁၀)စီး ဝယ်ယူခဲ့ကြောင်းတို့ကို အသေးစိတ်ခိုင်လုံစွာ ဖော်ပြထားသည်။

“တိုတယ်က ဗမာပြည်စစ်အစိုးရကို ကျားကန်ပေးတဲ့နေရာမှာ တခြားကုမ္ပဏီတွေထက် ပိုလုပ်တယ်၊ ပြင်သစ်အစိုးရက စစ်အာဏာရှင်တွေအပေါ်မှာ ဥရောပသမဂ္ဂကတင်းကြပ်တဲ့ စီးပွားရေးပိတ်ဆို့မှုတွေလုပ်နေတာကို တားမြစ်ပြီးတော့ ဗမာပြည်မှာရှိတဲ့ တိုတယ်ရဲ့ အကျိုးစီးပွားတွေကို ကာကွယ်နေတယ်၊ အကျိုးဆက်ကတော့ ဥရောပသမဂ္ဂရဲ့ ဘယ်လိုပိတ်ဆို့မှုမျိုးကိုမှ မှုစရာမလိုဘူးဆိုတာကို စစ်အစိုးရကသိနေတာပဲ”ဟု ဗမာပြည်ရေးရာလှုပ်ရှားမှုအဖွဲ့ (ဗြိတိန်)၏ ဒါရိုက်တာ ဂန်ဂျက်ဆန်က ပြောကြားခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ဗမာပြည်၌ တိုတယ်၏ ရင်းနှီးမြှုပ်နှံမှုများအား ကာကွယ်ရန်အတွက် ဗမာပြည်၏ ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍများတွင် တိုတယ်၏ ရင်းနှီးမြှုပ်နှံမှုအသစ်များအပေါ် ဥရောပသမဂ္ဂ၏ ပိတ်ဆို့မှုဆိုင်ရာ အဆိုပြုချက်ကို ပြင်သစ်က ဗီတိုဖြင့်ပယ်ချခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း တိုတယ်နှင့် အခြားကုမ္ပဏီများ ဗမာပြည်မှထွက်ခွာသွားရန်တောင်းဆိုခဲ့ဘူးသည်။ “တိုတယ်ကုမ္ပဏီဟာ စစ်အစိုးရကို အဓိကထောက်ပံ့ပေးနေတဲ့သူဖြစ်လာနေပြီ” ဟု သူမက ပြောခဲ့ဘူးသည်။ ❖

## ဦးအေးသာအောင် မိန့်ခွန်းမှ …

ဒီလိုဓမ္မဓိဌာန်ကျကျသုံးသပ်လို့ ရလာတဲ့ အခြေခံသဘောတွေကိုလည်း အသိအမှတ်ပြုလက်ခံဖြေရှင်းဖို့လိုပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာရှိကြတဲ့ တိုင်းရင်းသားလူမျိုးများပြဿနာကို ဓမ္မဓိဌာန်ကျကျသုံးသပ်ရမယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုရမယ်။ လူအနည်းစုလူမျိုးစုများရဲ့အခွင့် အရေးများကိုလည်း အလေးအနက်ထားပြီး လက်ခံရမယ်။ ဒီလိုအခြေခံတရားတွေနဲ့ ပြည့်ဝတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ဖြေရှင်းမှသာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အမှန်တကယ်တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီနည်းအတိုင်းပဲ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးကိုတည်ဆောက်ပြီး အနာဂတ်ပြည်ထောင်စုသစ်ကြီးကို တည်ဆောက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

❖

စာမျက်နှာ (၁၀) ဂါမဏိမှ …

က “ရှမ်းပြည်အမှားတော်ပုံ” စာအုပ်ထဲ ပွင့်ပွင့်လင်းလင်းဖွင့်ချထားတယ်။ ထိုစဉ်တုန်းက ရှမ်းပြည်ဟာ တခြားပြည်နယ် တခြားလူမျိုးတွေနဲ့စာရင် ဖက်ဒရယ်နီးပါး အခွင့်အရေးတွေရခဲ့လို့ ရှမ်းသူပုန်မပေါ်ခဲ့ပဲ အင်းဝခေတ်တုန်းကလို ရှမ်းသမတ၊ ရှမ်းပါလီမန် ဥက္ကဋ္ဌ၊ ရှမ်းနိုင်ငံခြားရေးဝန်ကြီးတွေ ပေါ်တဲ့အထိ ခေတ်ကောင်းခဲ့ပါတယ်။ ဒါပေမယ့် ရှမ်းပြည်အတွင်းမှာတော့ ဒီမိုကရေစီစနစ်မကျင့်သုံးပဲ ပဒေသရာဇ်အာဏာရှင်စနစ်သာရှိလို့ ရှမ်းပြည်တောင်ပိုင်းက အင်းသား၊ ဓနု၊ တောင်ရိုး၊ ပလောင်၊ ယင်းနက်၊ ကယန်းလူမျိုးတွေ ထောက်ခံပါဝင်ကြတဲ့ ပအိုဝ်းလူမျိုး သူပုန်ထမှုပေါ်လာခဲ့တယ်။ ဒါ့ကြောင့် နောင်အနာဂါတ်မှာ ကရင် ၈ လေးလုံး၊ ကချင် ၈ လေးလုံး၊ ရှမ်း–ရခိုင်–မွန် ၈ လေးလုံးတွေ မပေါ်ရလေအောင် ဖက်ဒရယ်နဲ့ဒီမိုကရေစီတွဲဘက်ပြီး အခိုင်အခန့်အုတ်မြစ်ချနိုင်ဖို့လိုပါတယ်။

အားလုံးသိကြတဲ့အတိုင်း နအဖကတော့ ဒီမိုကရေစီလည်းလုံးဝလက်မခံ ဖက်ဒရယ်လည်း လုံးဝလက်မခံပါဘူး။ အမျိုးသားညီလာခံမှာ အပစ်အခတ်ရပ်စဲရေး ၁၆ ဖွဲ့က တင်တဲ့အဆိုပြုချက် ၉ ချက်ဟာ ဒီမိုကရေစီရေးကိုရှောင်ပြီး ဖယ်ဒရယ်ရေးကို တင်တာဖြစ်ပါတယ်။ လုံးဝလက်နက်ချအပဲ့အရှဲ့ ၁၀ ဖွဲ့ (ဒီထဲမှာ ခွန်ဆာ ၃ ဖွဲ့ပါတယ်) နဲ့ ဒီကေဘီအေ၊ ပီအင်အိုပအိုဝ်းအဖွဲ့တို့ပါတဲ့ ငြိမ်း ၁၂ ဖွဲ့ကတော့ ၆+၁၀၄ ချက်ကို သည်၏မလွဲ ထောက်ခံထားတယ်။ ဘိန်းအဖွဲ့ ဒုစရိုက်အဖွဲ့တွေအဖြစ် နာမည်ပျက်နေတဲ့ ဗကပဟောင်း ၄ ဖွဲ့၊ လုံးဝ လက်နက်ချ ၂ ဖွဲ့အပါအဝင် အပစ်ရပ်နဲ့ငြိမ်း ၁၆ ဖွဲ့ဟာ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်နေတဲ့ ကျပ်မပြည့်တဲ့တမတ်သားပါလီမန်ကိစ္စ၊ ရောမခေတ်က ဆီဇာ ဘုရင်လိုစစ်သမတကိစ္စတွေကို လုံးဝမတို့မထိပဲ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးတန်းတူဖို့ ဖက်ဒရယ် နာမယ်မခံတဲ့ ဖက်ဒရယ်အဆိုပြုချက်တွေတင်ခဲ့တယ်။ နအဖရဲ့အဆင့်တူ ၇ တိုင်း ၇ ပြည်နယ်ကိစ္စကိုလည်း လက်ရှောင်ထားလို့ အမှန်မှာတော့ ဖက်ဒရယ်မပီတဲ့ ဖက်ဒရယ်အဆိုတွေသာ ဖြစ်နေတယ်။ အဲသလောက်တောင်မှ နအဖက လက်မခံနိုင်ပဲ စီးပွားရေးပိုင်းတချို့သာလိုက်လျောပေးခဲ့ပြီး အဓိကဖြစ်တဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုရေးပိုင်းတွေကို ပယ်ချခဲ့တယ်။ စီးပွားရေးပိုင်းခွင့်ပြုတာတွေကလည်း အသက်ဖြစ်တဲ့ နိုင်ငံရေးပိုင်းအကန့်အသတ်ရှိနေရင် ဘာမှအာမခံချက်မရှိတဲ့အကြောင်း လတ်တလော ဝစ်သောက်ကားကိစ္စတွေက သက်သေပြနေတယ်။ “ခိုင်မာတောင့်တင်းလှတဲ့ စစ်အုပ်စုကိုမနိုင်နိုင်လို့ ရသလောက်ပဲယူရမယ်”ဆိုတဲ့အတွေးအခေါ်တွေနဲ့ စစ်ဘောင်းဘီဂွကြားအောက် တိုးဝင်သွားကြသူတွေ ဘာရသလဲဆိုတာ အမျိုးသားညီလာခံလို့ဆိုတဲ့ဟာလေးက ပြနေပါတယ်။

ပယ်ချခံရတဲ့ ၉ ချက်မှာ ကျွန်းသစ်ပုဂ္ဂလိကပိုင်ရေးကိစ္စတချက်ပဲ စီးပွားရေးကိစ္စဖြစ်ပြီး ကျန် ၈ ချက်ကတော့ နိုင်ငံရေး ၄ ချက်၊ လုံခြုံရေးတချက်၊ လူမှုရေး ၃ ချက်ဖြစ်ပါတယ်။ နိုင်ငံရေး ၄ ချက်ကတော့ ပြည်နယ်အလိုက် သီးခြားအခြေခံဥပဒေရေးဆွဲကျင့် သုံးခွင့်၊ ထပ်တူဥပဒေပြုခွင့်၊ ကြွင်းကျန်အာဏာဥပဒေပြုခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးစီရင်စုတွေကို ပြည်နယ်/တိုင်းလက်အောက်မှာမထားပဲ ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ရန် (ဒါဟာ နောင်မှာပြည်နယ်သစ်တွေဖော်ထုတ်နိုင်အောင် ကြိုတင် ပြင်ဆင်တဲ့အချက်ဖြစ်ပါတယ်)တို့ ဖြစ်ပါတယ်။ အဆင့်ဆင့်လွှတ်တော်တိုင်းမှာ စစ်တပ်က အစိတ်သားပါနေပြီး အချိန်မရွေး တရားဝင်စစ်အာဏာသိမ်းခွင့် မာရှယ်လောအုပ်ချုပ်ခွင့် ရထားလျက်နဲ့တောင်မှ ဒီနိုင်ငံရေး ၄ ချက်ကို နအဖကမပေးရဲပါဘူး။ လုံခြုံရေးကိစ္စမှာလည်း ပြည်နယ်လုံခြုံရေးတပ်သို့မဟုတ် အထူးရဲကို ကာကွယ်ရေးဦးစီးချုပ်လက်အောက်ခံအဖြစ်နဲ့ထားဖို့တောင် နအဖကလုံးဝခွင့်မပြုပါဘူး။ နအဖရဲ့ အတ္တိမရည်မှန်းချက် ဘာလဲဆိုတာ ဒါကဖော်ပြနေပါတယ်။ လူမှုရေး ၃ ချက်ပယ်ချတာကတော့ နအဖရဲ့ မဟာဗမာလူမျိုးကြီးဝါဒကို ပြောင်အတိအလင်းပြလိုက်တာပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားစာပေပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသားဓလေ့ထုံးတမ်းဥပဒေပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသားရေးရာကဏ္ဍ သီးခြားသတ်မှတ်ခွင့်တို့ကို လက်မခံတာဟာ အင်မတန်သေးသိမ်တဲ့၊ ရေမရောတဲ့ လူမျိုးကြီးဝါဒပါပဲ။ ဗမာပြည်အင်္ဂလိပ်ကိုလိုနီဘဝတုန်းကတောင် မြန်မာဗုဒ္ဓဘာသာဓလေ့ထုံးတမ်းဥပဒေကို အင်္ဂလိပ်က ခွင့်ပြုပြဋ္ဌာန်းပေးခဲ့ပြီး တောင်တန်းဒေသတွေမှာလည်း တိုင်းရင်းသားထုံးတမ်းဥပဒေတွေ ပြဋ္ဌာန်းကျင့်သုံးခွင့်၊ တိုင်းရင်းသားဘာသာစကားနဲ့ စာပေတရားဝင်သင်ကြားခွင့်တွေ ရခဲ့ကြသေးတယ်။ အမှန်မှာတော့ နအဖက ဗမာလူမျိုးကိုပိုချစ်လို့ ဒီလိုပယ်ချတာတော့ မဟုတ်ပါဘူး။ ဗမာပြည်မှာ ယူဂိုဆလားဗီးယား–ဘော့စ်နီးယား၊ ရဝမ်ဒါတို့လို လူမျိုးရေး အာဃာတတွေ၊ ပဋိပက္ခတွေ မကြီးကြီးအောင်လုပ်နေတာသာ ဖြစ်ပါတယ်။ ဦးနုလိုဗုဒ္ဓဘာသာ အင်မတန်ကိုင်းရှိုင်းယုံကြည်တာမဟုတ်ဘဲနဲ့ လူမျိုးရေး–ဘာသာရေးပဋိပက္ခမဖြစ်ဖြစ်အောင်လို့ မွတ်ဆလင်တွေကိုနှိပ်ကွပ်တာ၊ ချင်းပြည်နယ်မှာဆို ခရစ်ယာန်တွေကို ဖိနှိပ်တာတွေလုပ်ပြနေတာဖြစ်တယ်။ တချိန်တည်းမှာ သူ့တပ်ကို ထိန်းနိုင်ကိုင်နိုင်ဖို့ မက္ခီယာဗယ်လီနည်းနာတွေအရ ကျင့်ကြံနေတာလည်းဖြစ်ပါတယ်။

ဦးနုကိုယ်တိုင်လဲ အရှုံးမိဝိုင်းဖြစ်နေတဲ့ ၄၈–၄၉ ကာလမှာ ကရင်–ဗမာလူမျိုးရေးပဋိပက္ခကိုလှုံ့ဆော်ခဲ့တာ သမိုင်းမှာဖျောက်မရတော့ပါဘူး။ အဲဒီတုန်းက ရိုးရိုးသာမန်ကရင်နဲ့ ဗမာအမျိုးသားတွေသာမက သိက္ခာရှိနိုင်ငံရေးအဖွဲ့အစည်းတွေဖြစ်တဲ့ ကေအဲန်ယူ၊ ဗကပ၊ ပြည်သူ့ရဲဘော်တို့ပါ ဦးနုအကွက်ထဲဝင်သွားခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအစဉ်အလာကြီးတဲ့ ပြည်သူတွေဟာ သိပ်မကြာခင် လူမျိုးရေးလှည့်ကွက်ထဲက ရုန်းထွက်နိုင်ခဲ့တယ်။ ဒါကြောင့် ဒီကနေ့ ရဝမ်ဒါတို့၊ ဘော့စ်နီးယားတို့လိုအဆင့်ထိ ဟိုတုန်းကဗမာပြည်မှာ ဖြစ်မသွားခဲ့ပါဘူး။ တဖက်မှာတော့ ဦးနုရဲ့ရန်ကုန်အစိုးရဟာ ရည်မှန်းတဲ့အတိုင်း အကျဉ်းအကြပ်ကထွက်ပေါက်တော့ရသွားခဲ့တယ်။ ကပ္ပတိန်မန်းတိုးနုံး ဆိုတဲ့ ချင်းအမျိုးသားတိုင်းရင်းသားတယောက်ကလဲ ဦးနုအစိုးရကို အကြီးအကျယ်အလုပ်အကျွေးပြု ကယ်တင်ပေးသွားခဲ့တယ်။ (ကပ္ပတိန်မန်းတိုးနုံးဟာ ၁၉၆၁ တောင်ကြီးညီလာခံမှာတော့ တိုင်းရင်းသားလူမျိုးစုတွေဘက် ပြန်မျက်နှာ မူခဲ့ပါတယ်။)

အလားတူပဲ တိုင်းရင်းသားလူမျိုးစုတွေထဲကတချို့ဟာ ဖက်ဒရယ်ဆန့်ကျင်ရေးသမားတွေနဲ့ လည်ပင်းဖက်ခဲ့တာ ခေတ်သစ်မြန်မာ့သမိုင်းမှာ ရိုက်သတ်လို့မကုန်နိုင်ပါဘူး။ ရှောင်လွဲမရတဲ့ လက်ငင်းအကြောင်းတချို့ကြောင့် အင်အားကြီးဩဇာရှိ လူမျိုးစုအစိတ်အပိုင်းတွေက ဖက်ဒရယ်ဆန့်ကျင်ရေး အာဏာရအစိုးရနဲ့ပေါင်းသွားတာ စစ်ရွှေသိုက်၊ မန်းတိုးနုံးတို့ခေတ်ကစလို့ လင်းထင်၊ ဟန်တာ သာမွှေးအလယ် အခုခေတ် ဝ ကိုးကန့် ဒီကေဘီအေခေတ်အဆုံးရှိနေတာကို လုံးလုံးမျက်နှာလွှဲခဲပစ်လုပ်လိုက်ရင်တော့ လူမျိုးစုအင်အား တဝက်မကတာတွေကို အသိအမှတ်မပြုတာပဲဖြစ်သွားပါလိမ့်မယ်။ အင်အားအရကြည့်ရင် ကချင်၊ မွန်၊ ပအို့၊ ကယန်း၊ ဝ၊ ကိုးကန့်၊ အခါ၊ ပလောင်လက်နက်ကိုင်အင်အားအားလုံး၊ ရှမ်း၊ ကရင်နီလက်နက်ကိုင်အများစု၊ ကရင်လက်နက်ကိုင်အတော်များများဟာ ဖက်ဒရယ်ဆန့်ကျင်ရေးအစိုးရကို ပြင်းပြင်းထန်ထန်ပြတ်ပြတ်သားသား မဆန့်ကျင်တော့ပါဘူး။ ဒါ့ကြောင့် လက်တွေ့ကျကျစဉ်းစားဖို့လိုပါတယ်။

အခြေအနေကောင်းတာကိုပြတဲ့ နိမိတ်လက္ခဏာကတော့ ၁၉၉၀ ရွေးကောက်ပွဲမှာ တပြည်လုံးကိုကိုယ်စားပြုတဲ့ ဒေါ်အောင်ဆန်းစုကြည် အဲန်အယ်လ်ဒီနဲ့ ညီနောင်ဖြစ်တဲ့မျိုးချစ်ရဲဘော်ဟောင်းတွေဟာ ပြည်နယ် ၇ ခုက အမတ်နေရာ ၁၅၆ နေရာအနက် ၈၀ (၅၁ ရာခိုင်နှုန်း) ရခဲ့တာဖြစ်တယ်။ ပြည်နယ်–လူမျိုးစုအခြေခံပါတီတွေက နေရာ ၇၀ (၄၅ ရာခိုင်နှုန်း)သာရပြီး တပြည်လုံးအခြေခံတဲ့ တခြားပါတီ (တစည်နဲ့ အောင်ကြီးပါတီ) တွေက ၆ နေရာ (၄ ရာခိုင်နှုန်း) ရခဲ့တယ်။ ပြည်မကစစ်ကိုင်းတိုင်းမှာတော့ လူမျိုးစုပါတီတွေက ၃ နေရာရခဲ့တယ်။ နောက်ဆုံးအကျယ်ချုပ်မခံရမီ ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်တွေကလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ ဆန္ဒသဘောထားမှန်ကို ရှင်းရှင်းလင်းလင်းပြသခဲ့ပါတယ်။ ဒါတွေရဲ့အဓိပ္ပါယ်ကတော့ အစဉ်အလာကြီးပြီး ရင့်ကျက်လှတဲ့လူမျိုးစုံပြည်သူတွေဟာ နအဖစစ်အုပ်စုရဲ့ မဟာဗမာလူမျိုးကြီးဝါဒနဲ့ လူမျိုးရေး–ဘာသာရေး ပဋိပက္ခလှုံ့ဆော်မှုထောင်ချောက်ထဲ မကျနိုင်ဘူးဆိုတာရယ်၊ ကျဉ်းမြောင်းတဲ့လူမျိုးရေးသမားတွေနဲ့ နိုင်ငံခြားက “စေတနာရှင်”တွေရဲ့ ခွဲထွက်ရေး၊ ရဝမ်ဒါ ဘော့စ်နီးယားလိုဖြစ်ရေး လှုံ့ဆော်မှုလှည့်ကွက်ထဲမဝင်နိုင်ဘူးဆိုတာရယ်ကို ပြနေပါတယ်။ ဒါတင်မက “ရသလောက်ယူဖို့” ကိုလည်း လုံးဝလုံးဝစိတ်မဝင်စားဘူးဆိုတာ ပြနေတယ်။ ပြည်သူလူထုအားလုံးကတော့ **လမ်း**ပေါ်မှာ အသင့်ရောက်နေပါပြီ။ ကျနော်တို့ နိုင်ငံရေးသမားများကရော ဘယ်လိုလဲ ….။

ဂါမဏိ

ဗမာပြည်သူတွေရဲ့ ဂုဏ်အယူထိုက်ဆုံး သမိုင်းတကွက်ဖြစ်တဲ့ ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်ခဲ့တာဟာ အနှစ်၆၀ပြည့်ပြီ။ ဒါပေမယ့် ဒီလိုအချိန်မှာ အဲဒီတော်လှန်ရေးကို ပျော်ရွှင်စွာဂုဏ်ယူကျင်းပနေရမယ့်အစား ဒုတိယဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲရမယ့်အခြေကို ဆိုက်နေကြရတယ်။ ဘာကြောင့်ဒီလို ပြောရမယ့် နှစ်ခုစလုံးဟာ စစ်တပ်ကလာတာချည်းဖြစ် တယ်။ ဂျပန်ဖက်ဆစ်က ဒုတိယကမ္ဘာစစ်အကြောင်းပြုပြီး ဗမာပြည်ကိုရောက်လာတာ၊ အခုစစ်အုပ်စုဖက်ဆစ်က ပြည်တွင်းစစ်အကြောင်းပြုပြီး အားကြီးလာတာ။ နှစ်မျိုးစလုံးဟာ စစ်အင်အားကိုပဲ အဓိကအားထားသူတွေဖြစ်တယ်။

အခုလို သူတို့တွင်းအကွဲတွေကို လူထုက မျက်မြင်တွေ့လာ ရနေချိန်မှာ သူတို့အနေနဲ့အားနည်း၊ အားပျော့ဟန်လုပ်ပြရင် သူတို့ပိုနာမယ်ဆိုတာ သူတို့သိတယ်။ ဒါကြောင့် ဦးခွန်ထွန်း ဦး၊ စောဝ်စေထင်တို့ကို ဖမ်းတာတွေ ဆက်လုပ် တော့တာဖြစ်တယ်။ သူတို့လည်းပဲ သေမြေကြီး ရှင်ရွှေထီးလုပ်နေရတာ။

ဟာ သူ့အတွင်းမှာ အကျိုးစီးပွား ပဋိပက္ခ အလိုလို ပြဋ္ဌာန်းပြီးသားဖြစ်သွားတယ်။ ဒါကြောင့် ဒီစစ်တပ်တွင်းမှာ ဗိုလ်ခင်ညွန့်ကိစ္စလိုဟာတွေပေါ်ကို ပေါ်အုန်းမှာဖြစ်တယ်။ ဒါဟာ နအဖက တမင်လွှင့်နေတဲ့ ကောလာဟာလတွေကို အခြေခံပြီးပြောတာမဟုတ်ဘူး။ တကယ့် အခြေအနေကိုက ဒီလိုဖြစ်နေ

# ဒုတိယဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရမလို ဖြစ်နေပြီ

ဗညြ

သလဲဆိုတော့ ညောင်နှစ်ပင်ကနေ ချမှတ်ဖို့ကြိုးစားနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေဟာ ဖက်ဆစ်လက္ခဏာတွေ အမြောက်အမြားပါနေလို့ပဲ။ ဥပမာတချို့က စစ်တပ်အာဏာရှင်စနစ်ကို ဥပဒေပြုတည်ရှိစေတာ၊ ဗမာလူမျိုးကြီးဝါဒကို ဖြောင်ဖော်ထုတ်တာ၊ သူတို့နဲ့အမြင်မတူတွေကို ဖိနှိပ်တာ၊ ပြောရရင် အများကြီး။

ဗမာပြည်သူတွေ ပထမကြုံတွေ့ခဲ့ရတဲ့ ဖက်ဆစ်စနစ်ဟာ ပြည်ပကလာတာ။ အခု ဒုတိယဖက်ဆစ်ကတော့ ပြည်တွင်းဖြစ်။ ဒါပေ

> “ *အခုအခါ*
> *တပ်မတော်သားတွေကို*
> *စည်းရုံးသိမ်းသွင်းရေးဟာ*
> *အဓိကကျတဲ့*
> *လုပ်ငန်း ကြီးဖြစ်လာပြီ။*
> *ဒါကို နိုင်ငံရေးအဖွဲ့အစည်းတွေ*
> *သဘောပေါက်ရမယ်။ ပြီးရင်*
> *သူတို့ကနေ*
> *လူထုကြီးသဘောပေါက်လာ*
> *အောင် လုပ်ရမယ်။*
> *အားလုံးသဘောပေါက်ရင်*
> *တပ်မတော်ထဲက အရာရှိအရာခံ၊*
> *အကြပ်တပ်သားတွေ*
> *သဘောပေါက်လာအောင်လုပ်*
> *ကြရမယ်။* ”

ဒီဖွဲ့စည်းအုပ်ချုပ်ပုံအပေါ်မှာ စစ်အုပ်စုဟာ သူတို့ရဲ့အနာဂတ်ကံကြမ္မာကို အကုန်ပုံထားတယ်။ ဒီအတွက် သူတို့ဟာ ဘာတန်ဖိုးပေးရ၊ ပေးရ၊ ပေးမှာပဲ။ အတိုက်အခံတွေနဲ့ ပြည်သူတွေဘက်ကလည်း ဒီဖွဲ့စည်းအုပ်ချုပ်ပုံ ပျက်စီးဖို့ဆိုရင် ဘာတန်ဖိုးပဲ ပေးရ၊ ပေးရ ဆိုပြီး တိုက်ပွဲဝင်ဖို့သန္နိဋ္ဌာန် ရှိသင့်တယ်။ ရန်သူလောက်မှ သန္နိဋ္ဌာန်မခိုင်မာ၊ ဇွဲမရှိလို့ကတော့ အောင်ပွဲမရနိုင်ဘူး။

ညောင် ၂ ပင်ကထွက်လာမယ့် ‘အခြေခံဥပဒေ’မှာက ယူနီဖောင်းချွတ်ထားတဲ့ သမ္မတကြီးဆိုတာရှိမယ်။ သူ့က အချိန်မရွေးအာဏာသိမ်းပိုင်ခွင့်အပ၊ အာဏာတွေအားလုံးကိုကိုင်ထားမှာ။ ယူနီဖောင်းဝတ် အစိတ်သားပါမယ့် ပါလီမန်ဆိုတာက တံဆိပ်တုံးနှိပ်ပေးရရုံရှိမှာ။ အဲဒါအပြင် ကြမ်းသင့်ရင် ကြမ်းမယ့် ဗိုလ်ချုပ်ကြီးတဦးရှိဦးမယ်။ သူကတော့ ယူနီဖောင်းဝတ်ထားမယ်။ ဒီလိုဗိုလ်ချုပ်ကြီးတွေချင်းတာဝန်ခွဲထားမယ့် အာဏာအဆောက်အအုံအောက်က ပါလီမန်ဆိုတာ အခုလုပ်နေတဲ့ညောင်နှစ်ပင်ထက် နည်းနည်းပဲ ပိုလွတ်လပ်တော့မပေါ့။

အခုအချိန်မှာ နအဖဟာ အင်မတန်မောက်မာနေတာကို သတိထားမိကြလိမ့်မယ်။ ဒီပဲယင်းကိစ္စဟာ သူတို့အနေနဲ့ အကြမ်းကိုင်လမ်းကိုလိုက်ဖို့ ပြည်တွင်းပြည်ပကို သွေးတိုး စမ်းလိုက်တာပဲ။ လုပ်လို့ရတယ်လို့ သူတို့သဘောပေါက်သွားဟန်တူတယ်။ အဲဒီနောက်မှာ လမ်းပြမြေပုံပေါ်လာတာပဲ။ ပိုပြီးလက်ရဲ ဇက်ရဲနိုင်လာတယ်။ ဒီကြားထဲမှာ ဗိုလ်ခင်ညွန့် ကိစ္စပေါ်လာတယ်။ နည်းနည်းအရှိန်ပျက် သလိုဖြစ်သွားတယ်။ ဒါပေမယ့်

ပြီးခဲ့တဲ့ သမိုင်းကိုပြန်ကြည့်ရင် ၁၉၈၈ ကနေ ၁၉၉၀ အထိကာလမှ လူထုဖက်က ထိုးစစ်၊ စစ်အုပ်စုကခံစစ်ပဲ။ ဒါပေမယ့် ၁၉၉၀ နောက်ပိုင်းမှာကျတော့ စစ်အုပ်စုက ခံစစ်ထဲကနေရုန်းထွက်ဖို့ကြိုးစားတာတွေ စမ်းလုပ်လာတယ်။ ဒါကို အတိုက်အခံတွေဖက်က ထိထိရောက်ရောက် မတုန့်ပြန်နိုင်မှန်းသိလာတဲ့အခါမှာ အတင့်ပိုရဲလာပြီး ‘ဒီပဲယင်း’ အရေးအခင်းပေါ်တာပဲ။ အဲဒီနောက် လမ်းပြမြေပုံဖော်ထုတ်တယ်၊ အဲဒီနောက်တော့ ‘၁၉၉၀ ရွေးကောက်ပွဲ’တို့ ‘တွေ့ဆုံဆွေးနွေးရေး’တို့ကို စကားအနေနဲ့တောင် ထည့်မပြောတော့ဘူး။ ကုလသမဂ္ဂက ကိုယ်စားလှယ်တွေကိုလည်း အလာတောင်မခံတော့ဘူး။

ဒါတွေကိုကြည့်လိုက်ရင် နအဖဖက်က သေနင်္ဂဗျူဟာလက္ခဏာဆောင်တဲ့ ထိုးစစ်တခု လုပ်နေတယ်လို့ ပြောနိုင်တယ်။ ဒါကို မမြင်ပဲ အရင်လိုပဲဆက်သွားနေရင် နိုင်ငံရေးဆူနာမီဒဏ်ခံရသွားနိုင်တယ်။ အတိုက်အခံတွေဆိုတာ ပိုနေမြဲကျားနေမြဲကို လုံးဝလက်မခံနိုင်သူတွေဖြစ်ရမယ်။ ဒါဟာ နည်းပရိယာယ်အရ အတက်အဆုတ်မလုပ်ရဘူးလို့ ဆိုလိုတာမဟုတ်ဘူး။

နအဖစစ်အုပ်စုဖက်က ဒီလိုထိုးစစ်ဆင်လာလို့ သူတို့ဟာ အင်မတန်အားကြီးနေတယ်ဆိုပြီး ကြောက်ရွံ့နေရင်မှားတယ်။သူတို့တွင်းအကွဲအပြဲဟာ သူတို့စစ်အုပ်စုနဲ့ သူတို့ကြံရွယ်ထားတဲ့ ဖွဲ့စည်းပုံဥပဒေရဲ့ သန္ဓေပါအချင်းအရာဖြစ်တယ်။ ပြည်သူကိုနှိပ်စက်ဖို့နဲ့ ကိုယ်ကျိုးစီးပွားရှာဖို့ ဥပဒေအရအသိအမှတ်ပြုပေးလိုက်တယ်ဆိုရင် စစ်တပ်တတပ်

လို့ပြောတာ။ သူတို့အနေနဲ့ ဒီလိုကောလာဟာလလွှင့်ရတာကိုက စဉ်းစားစရာရှိတယ်။

ဗမာပြည်က စစ်အုပ်စုတွေဟာ သူတို့အာဏာမရမီ၊ စစ်အုပ်စုအဖြစ် ပုံဖော်နေတုန်းကာလတွေကစပြီး ကောလာဟာလလွှင့်ထုတ်စက်ကို တည်ထောင်ခဲ့တယ်။ဒါပေမယ့် ၁၉၈၈ ခုနှစ် မတိုင်မီတုန်းက ဒီလို သူတို့တွင်းအကွဲအပြဲဆိုတဲ့ ကောလာဟာလမျိုး လွှင့်တာမရှိသလောက်ပဲ။ ဒီနောက်ပိုင်းမှာမှ ဒါမျိုးတွေ မကြာမကြာ ကြားလာရတယ်။ ဒါဟာ သာမာန်ဖြစ်ထွန်းမှုမဟုတ်ဘူး။ စစ်အုပ်တွင်းက အခြေအနေတွေကို ရောင်ပြန်ဟပ်နည်းတမျိုးသာဖြစ်တယ်။

ဒီတော့ အတိုက်အခံတွေဖက်ကလည်း အခြေအနေနဲ့ လိုက်လျောညီထွေတဲ့ လုပ်ငန်းစဉ်တွေ ချမှတ်လုပ်ကိုင်ကြဖို့ လိုတယ်။အနည်းတူညီတဲ့လုပ်ငန်းစဉ်တ ရပ်ရှိသင့်တယ်။ အရင်လို လျှော့ကြီးထိုးသွား နေရင် နအဖစစ်အုပ်စုအဖို့ လမ်းခရီးဖြောင့်ဖြူးသွားနိုင်တယ်။ လက်တွေ့ကျတဲ့ လက်ငင်းအခြေအနေကို ရင်ဆိုင်ဖို့အတွက် လုပ်ငန်းတွေကို ဦးစားပေးရမယ်။ အလုပ်ပြနေနိုင်ရင်ပြီးရောဆိုတာမျိုးတွေ လျှောက်လုပ်နေလို့ကတော့ “ဒီလိုပုံနဲ့ဖြင့် မိုးကြီးချုပ်တော့မယ်” လို့ ဆိုရတော့မှာပဲ။

အခုအခါ တပ်မတော်သားတွေကိုစည်းရုံးသိမ်းသွင်းရေးဟာ အဓိကကျတဲ့ လုပ်ငန်းကြီးဖြစ်လာပြီ။ ဒါကို နိုင်ငံရေးအဖွဲ့အစည်းတွေ သဘောပေါက်ရမယ်။ ပြီးရင် သူတို့ကနေ လူထုကြီးသဘောပေါက်လာအောင်လုပ်ရမယ်။ အားလုံးသဘောပေါက်ရင် တပ်မတော်ထဲက အရာရှိအရာခံ၊ အကြပ်တပ်သားတွေ သဘောပေါက်လာအောင်လုပ်ကြရမယ်။

လွန်ခဲ့တဲ့ အနှစ် ၆၀တုန်းက ဂျပန်ဖက်ဆစ်တွေကို မောင်းထုတ်ရာမှာ အောင်မြင်ခဲ့တဲ့ အဓိကအကြောင်းရင်းဟာ ဂျပန်ဖွဲ့ထားတဲ့ တပ်ထဲက တပ်မတော်သားတွေနဲ့ ပြင်ပမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေ၊ အထူးသဖြင့် ကွန်မြူနစ်ပါတီပေါ့။ အခုလည်းပဲ တပ်မတော်ထဲက ရိုးသားတဲ့အင်အားတွေနဲ့ ပြင်ပက ဒီမိုကရေစီအင်အားတွေ ပေါင်းစည်းပေးဖို့ကို ပစ်မှတ်တခုထားပြီး လုပ်ကြရမယ်။

စစ်အုပ်စုနဲ့ တပ်မတော်ကိုခွဲပစ်ရေးဟာ အဓိက ဦးစားပေးလုပ်ငန်းဖြစ်ရမယ်။

ဗညြ

## နအဖ ထောင်အတွင်းမှ နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေ

နအဖအကျဉ်းထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးဆိုးရွားလျက်ရှိသည်ဟု သိရသည်။ ပြည်ထောင်တွင် အကျဉ်းကျခံနေရသော ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ်အနေအထားတွင်ရှိနေပြီး အသည်းရှိ သွေးကြောအချို့ ထပ်မံပေါက်နိုင်သည့်အနေအထားတွင်ရှိနေကြောင်း အစာအိမ်နှင့်ဆီးကျိတ်တို့မှာလည်း ကင်ဆာဖြစ်နိုင်သော အခြေအနေရှိကြောင်း သိရသည်။ အလားတူ လွတ်ရက်စေ့နေပြီဖြစ်သော်လည်း အင်းစိန်ထောင်တွင် ဆက်လက်အဖမ်းခံထားရသော မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်မေဝင်းမြင့်သည်လည်း သွေးတိုးနှင့် နှလုံးရောဂါအပြင် လည်ပင်းကျည်းပေါင်းတက်ရောဂါကိုပါ ခံစားနေရသည် ဟု သိရသည်။

စစ်ကိုင်းတိုင်း ကလေးမြို့နယ် အမှတ်(၁)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒိုထောင်းမှာလည်း ကလေးဆေးရုံမှ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ရွှေ့ပြောင်း ကုသခံနေရပြီး သရက်မြို့နယ် အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမောင်မောင်ဦးမှာလည်း ရာသီဥတုအေးသည့်ဒဏ်ကြောင့် အဆစ်အမြစ်များရောင်ပြီး ကိုက်ခဲသည့်ဒဏ်အပြင် အစာအိမ်ရောဂါပါ ခံစားနေရသည်ဟု သိရသည်။ အလားတူ အင်းစိန်ထောင်၌ မတရားဖမ်းဆီးခံနေရသူ ပဲခူးတိုင်း၊ တောင်ငူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်သည်လည်း မျက်လုံးဝေဒနာအပြင်းအထန်ခံစားနေရပြီး သူ့ကို ဆေးကုသပေးရန် သရက်ထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ထားသော်လည်း ယခုအချိန်ထိ ကုသပေးခြင်းမရှိသေးဟု သိရသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (အေအေပီပီ)က “အကျဉ်းထောင်တွင်းအခြေအနေမှာ အစီရင်ခံစာများတွင်သာ တိုးတက်နေပြီး လက်တွေ့အခြေအနေတွင် နိုင်ငံရေးအကျဉ်းသားများအား ထောင်အာဏာပိုင်များက မတရားရိုက်နှက်မှု၊ အစာအဟာရ လုံလောက်စွာမကျွေးမှု၊ ဆေးဝါးနှင့် ဆေးကုသမှုအထောက်အပံ့ မလုံလောက်မှုနှင့် လွတ်ရက်စေ့သော်လည်း ဆက်လက်ချုပ်နှောင်ထားမရှိနေသည်”ဟု ဖော်ပြထားသည်။ အင်းစိန်၊ သရက်၊ မော်လမြိုင်၊ ပြည်၊ ကလေး၊ မန္တလေး၊ မြစ်ကြီးနား၊ သာယာဝတီထောင်များတွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေရပြီး ကျန်းမာရေးဆိုးရွားနေသည့် သာယာဝတီထောင်၌ အကျဉ်းကျခံနေရသည့် အသက်(၈၄)နှစ်အရွယ် ပေါက်ခေါင်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောနေဒွန်းမှာလည်း သွေးတိုးရောဂါ ခံစားနေရသည်ဟု ယင်းကြေညာချက်တွင်ဖော်ပြထားသည်။

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

စာမျက်နှာဖွဲ့စည်းမှု
မောင်မောင်ဦး

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။
P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# ပြည်ပရောက်အတိုက်အခံဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအဖွဲ့ အစည်းများ၏ဖက်ဒရယ်ရေးရာ နှီးနှောဖလှယ်ပွဲက အခြေခံမူများချမှတ်



၁၉၉၀ ရွေးကောက်ပွဲ အရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU) အစည်းအဝေးပြုလုပ်နေစဥ်

ပြည်ပရောက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ဖက်ဒရယ်ရေးရာ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီလ (၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ ထိုင်းနိုင်ငံ လွတ်မြောက်နယ်မြေတွင်ကျင်းပခဲ့ပြီး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူ (၇)ကို ချမှတ်နိုင်ခဲ့သည်ဟု သိရသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို ပြည်ထောင်စုမြန်မာနိုင်ငံမျိုးသားကောင်စီ (NCUB)၊ တိုင်းရင်းသားအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေးစီအဖွဲ့ချုပ် (NDF)၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၊ ၁၉၉၀ ရွေးကောက်ပွဲ အရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)၊ နိုင်ငံရေးပါတီများ၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ၊ အဖွဲ့ပေါင်း (၄၀) ကျော်မှ ကိုယ်စားလှယ် (၁၀၀)ကျော် တက်ရောက်ခဲ့ကြသည်။

ဒီမိုကရေစီအင်အားစုများ၏ အခြေခံမူ (၇)ချက်နှင့် နအဖ၏ အမျိုးသားညီလာခံ အခြေခံမူ(၆)ချက် ကွဲလွဲချက်များနှင့် ပတ်သက်၍ အဝေးရောက်အမျိုးသားညွန့်ပေါင်းအစိုးရ ဖက်ဒရယ်ရေးရာဝန်ကြီး ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မားကိုဘန်းက *"ကွဲလွဲချက်ကတော့ အများကြီးရှိပါတယ်။ သူက အနာဂတ်အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍမှာ တပ်မတော်က ဦးဆောင်မှုအခန်းကဏ္ဍမှာဆိုရင် သူတို့က ပြည်သူ့လွှတ်တော်မှာ (၂၅)ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်မှာ (၂၅)ရာခိုင်နှုန်း၊ နောက်ပြည်နယ်နှင့်တိုင်းမှာလည်း ၃ ပုံ ၁ ပုံ၊ သမတကလည်း စစ်တပ်က၊ ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ်ရေးရာ ဒါတွေအားလုံး၊ နောက် ပြည်နယ်နှင့်တိုင်းမှာရော ပြည်ထောင်စုမှာရော သူတို့ အချိန်မရွေးအာဏာသိမ်းနိုင်တယ်ဆိုပြီးတော့ (၁၀၄)ချက်မှာပါတယ်၊ နောက်ပြီးတော့ ပြည်သူပြည်သားတရပ်လုံးကို နိုင်ငံတော်အကျိုးအတွက် တပ်မတော်က စီမံခန့်ခွဲနိုင်တယ်လို့ ပြည်သူတရပ်လုံးကို ကျွန်ပြုနိုင်တဲ့ အဲဒီအချက်တွေပါတယ်"* အာရ်အက်ဖ်အေနှင့် မေးမြန်းခန်းတွင် ပြောဆိုခဲ့သည်။

ဒီမိုကရေစီအင်အားစုများ၏ အခြေခံမူတွင် အချုပ်အခြာအာဏာသည် ပြည်သူထံမှ ဆင်းသက်ရေး။ တိုင်းရင်းသားများအားလုံး တန်းတူညီတူရှိရေး၊ တိုင်းရင်းသားများ ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရေး။ ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရသော ပြည်နယ်များဖြင့် ဖွဲ့စည်းထားသော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရေး။ လူနည်းစုတိုင်းရင်းသားအခွင့်အရေးများကို အခြေခံဥပဒေတွင် အတိအကျ ပြဌာန်းပေးရန်၊ အခြေခံလူအခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးကို ကာကွယ်ပြဌာန်းပေးရန်၊ ဘာသာရေးကိုအခြေမခံသော နိုင်ငံတော်ဖြစ်ရေးနှင့် ပါတီစုံစနစ်ကျင့်သုံးရေးတို့ပါဝင်သည်ဟု သိရသည်။

အစည်းအဝေးအပြီးတွင် တက်ရောက်လာသောကိုယ်စားလှယ်များက နအဖ၏ အမျိုးသားညီလာသည် တိုင်းရင်းသားများ၏ တန်းတူးရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို ဖော်ဆောင်ပေးနိုင်မည့် ညီလာခံမဟုတ်ကြောင်း၊ ပြည်သူများအားလုံးအတွက် အာမခံချက်ပေးနိုင်သောအခြေခံမူများ ချမှတ်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆုံးဆောင်ရွက်သင့်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

❖

# နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရန် ကေအဲန်ယူ လိုလား



ကေအဲန်အယ်လ်အေ ဗိုလ်ချုပ် မူးတူးဆေးဖိုး

အာရှတိုက်တွင် သက်တမ်းအရှည်ကြာဆုံး လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဖြစ်သော (ကေအဲန်အယ်လ်အေ)၏ ဗိုလ်ချုပ်တစ်ဦးက "နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာဖြေရှင်းသင့်သည်"ဟု ပြောဆိုလိုက်သည်။

သူ၏ ၅၀ နှစ်ကြာတော်လှန်ရေးကာလအတွင်း ပထမဆုံးတွေ့ဆုံမေးမြန်းခန်းတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ်အေ)၏အကြီးအကဲ ဗိုလ်ချုပ်မူးတူးဆေးဖိုးက ကေအဲန်အယ်လ်အေမှာ စစ်အင်အားနဲ့လက်နက်တွေသာ လိုချင်လိုနေမယ်။ မြန်မာနိုင်ငံမှာ ကရင်လူမျိုးတွေ အုပ်ချုပ်တဲ့ ကရင်ပြည်နယ်ရအောင် ဆက်တိုက်ပွဲဝင်ဖို့အသင့်ရှိနေတယ်ဟု ရိုက်တာသတင်းဌာနကို ဖေဖော်ဝါရီလကုန်တွင် ပြောဆိုသွားသည်။

"ကျနော်တို့ စစ်တိုက်နေတာ (၅၆)နှစ်ရှိပါပြီး၊ ခုလည်းမပြီးဆုံးသေးပါဘူး၊ နောက်ထပ်မျိုးဆက်ပေါင်းများစွာ၊ အာဏာရှင်တွေက ဆက်တိုက်ချင်သရွေ့ ဆက်တိုက်နေရဦးမယ်။ သူတို့က စေ့စပ်ဆွေးနွေးမယ်ဆိုရင်လည်း ကျနော်တို့က အဆင်သင့်ရှိပါတယ်" ဟု ၎င်းကဆိုသည်။

အင်အားတသိန်းခွဲရှိပြီး၊ မြန်မာနိုင်ငံတွင် အကြီးဆုံးလူမျိုးစုနိုင်ငံရေးအဖွဲ့အစည်းဖြစ်သော ကရင်အမျိုးသားအဖွဲ့ချုပ် (ကေအဲန်ယူ)သည်လည်း ရန်ကုန်ဗိုလ်ချုပ်ကြီးများကို ဆက်လက်တိုက်ပွဲဝင်လျက်ရှိသည်ဟု ၎င်းကဆိုသည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီမှစ၍ နအဖနှင့် ကေအဲန်ယူတပ်များအကြား အပစ်ခတ်ရပ်စဲရန်နှုတ်အားဖြင့် သဘောတူထားသော်လည်း နှစ်ရက်လျှင် တစ်ကြိမ်တိုက်ပွဲများ ဆက်ဖြစ်နေဆဲဖြစ်သည်ဟု ၎င်းကဆိုသည်။

ဗိုလ်ချုပ်မူးတူးက "သူတို့တွေ ဘယ်လောက်ပဲအင်အားကြီးကြီး ကျနော်တို့တွေ သူတို့ကိုသတ်နိုင်တဲ့ အင်အားရှိတယ်ဆိုတာကို အာဏာရှင်ကြီးတွေသိစေချင်တယ်"ဟု ရိုက်တာသို့ ပြောဆိုသွားကြောင်း အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

❖

## ရှေ့ဖုံးစာမျက်နှာမှ ...

အရေးချိုးဖောက်သော တာဝန်ရှိသူများကို အရေးယူရန် ပျက်ကွက်လျက်ရှိသည်ဟု ဆိုသည်။ စစ်အုပ်စုသည် လွတ်လွတ်လပ်လပ် ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့် စသော အခြေခံလူ့အခွင့်အရေးများကို ပိတ်ပင်ထားပြီး လူနည်းစုတိုင်းရင်းသားများနှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ အဆုံးမသတ်သေးဟု အစီရင်ခံစာကဆိုသည်။

နအဖသည် ကုလသမဂ္ဂလူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာပင်ဟေးရိုးကို ပြည်ဝင်ခွင့်ပိတ်ပင်ထားပြီး အဓမ္မလုပ်အားပေးခိုင်းစေမှုများနှင့် ကလေးစစ်သားအသုံးပြုမှုများကို ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်သည်ဟု ဆိုသည်။ နအဖ၏ လူမှောင်ခိုကုန်ကူးမှု တိုက်ဖျက်ရေး၊ ကလေးစစ်သားအသုံးပြုမှု တိုက်ဖျက်ရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာဥပဒေများသည် စာရွက်ပေါ်တွင်သာ ရှိနေပြီး လက်တွေ့အကောင်အထည်ပေါ်မလာသေးဟု အစီရင်ခံကထောက်ပြထားသည်။

နအဖသည် ယမန်နှစ်က မတရားအဖမ်းခံရသည့် (၁၄,၀၀၀)ကျော်ကို ပြန်လွှတ်ပေးခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသား (၇၆)ဦးသာပါဝင်ခဲ့သည်။ ဒီမိုကရေစီထောက်ခံသူများကို နအဖက ဆက်လက်ဖမ်းဆီးနေပြီး နအဖ၏အကျဉ်းထောင်ထဲတွင် နိုင်ငံရေးအကျဉ်းသားပေါင်း (၁,၅၀၀)ကျော် အကျဉ်းကျခံနေရဆဲဖြစ်သည်ဟု အမေရိကန်အစိုးရ၏ (၂၀၀၄)ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာတွင် ဖော်ပြထားသည်။ ❖


New Promotion on VCD Making
Mini - DV & Handy CAM



ကိုယ်တိုင်ရိုက်ကူးမှတ်တမ်းတင်၊
တည်းဖြတ်ခြင်း၊ စာတမ်းထိုးခြင်း၊
နောက်ခံစကားပြောနှင့်
တေးဂီတထည့်သွင်းခြင်းတို့ကို
အရည်အသွေးကောင်းမွန်စွာဖြင့်
ဗီစီဒီနှင့် ဒီဗီဒီများ အလျင်အမြန်ဂရုတစိုက်
ပြုလုပ်ပေးနေပါပြီ




P.O.Box (91)
63110, Mae Sot,
Tak, Thailand
လူထုလက်ရုံး စတူဒီယို
EMail - mojo_professional@yahoo.com
Mobile - 061180177
- 071729803


## မိုးကြိုးစာဖတ်ပရိတ်သတ်များသို့ ....

စတင်ထုတ်ဝေသည်မှ ယနေ့ထိ မိုးကြိုးသည် "ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ထောက်ခံကြ"ဟူသည့် ဆောင်ပုဒ်ကို နဖူးစီးတွင် မြင့်မားစွာလွှင့်ထူဆဲဖြစ်သည်။ စီအာရ်ပီပီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ) ရည်မှန်းချက်များသည် ပြည်သူတရပ်လုံး၏ အနာဂတ်မျှော်မှန်းချက်များကို ဖြည့်စွမ်းမည်ဟု ယူဆသည့်အပြင် ယနေ့ဒီမိုကရေစီတော်လှန်ရေးကြီး၏ ရှေ့ဆောင်တပ်ပေါင်းစုကြီးသဖွယ်ဖြစ်သည်ဟု ယုံကြည်သည်။

သို့ပါ၍ ၂၀၀၅ ဖေဖော်ဝါရီမှစ၍ စီအာရ်ပီပီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ) စာမျက်နှာ" လစဥ်တင်ဆက်သွားမည် ဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့
မိုးကြိုးသတင်းစဥ်
မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ